The World Bank issued this Procurement Guidelines in English. This is an unofficial translation in Myanmar Language. Should there be any discrepancy between the English version and this translation, the English version shall prevail.

ကမ္ဘာ့ဘဏ်သည် ဂယ်ယူရေး (လမ်းညွှန်များအား အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပါသည်။ ယခု မြန်မာဘာသာပြန် လမ်းညွှန်သည် အလွတ်သဘော မြန်မာဘာသာပြန်ဆိုချက် ဖြစ်ပါသည်။ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လမ်းညွှန်နှင့် မြန်မာဘာသာပြန်ဆိုချက်ကွဲလွဲမှု ရှိခဲ့လျှင် မူရင်းအင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော လမ်းညွှန်သာ အတည်ဖြစ်ပါသည်။

# ကမ္ဘာ့ဘဏ်ချေးငွေယူသူများနှင့်စပ်လျဉ်းသည့် IBRD Loans၊ IDA Credits နှင့် Grantsများပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့်အခြားသောဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝယ်ယူရေးဆိုင်ရာလမ်းညွှန်စည်းမျဉ်းစည်းကမ်းများ

**၂၀၁၁ ခုနှစ် ဇန်နဝါရီ**

မူပိုင် (၂၀၁၁)
အပြည်ပြည်ဆိုင်ရာပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် /
ကမ္ဘာ့ဘဏ်
၁၈၁၈ အိပ်ချ် လမ်း ၊ အန်ဒဗလျူ
၂၀၄၃၃ ဝါရှင်တန် ဒီစီ ၊ အမေရိကန်ပြည်ထောင်စု
၂၀၁၁ ဇန်နဝါရီ

## မာတိကာ


**၁။ နိဒါန်း (INTRODUCTION) 1**

၁.၁ ရည်ရွယ်ချက် (Purpose) 1

၁.၂ ယေဘုယျသတ်မှတ်ထားချက်များ (General Considerations) 2

၁.၅ လမ်းညွှန်နှင့်သက်ဆိုင်မှုများ (Applicability of Guidelines) 4

၁.၆ ကိုယ်ကျိုးစီးပွားနှင့်ပြည်သူ့အကျိုးပြုဂယ်ယူမှုကြားပဋိပက္ခဖြစ်ခြင်းများ (Conflict of Interest) 5

၁.၈ အရည်အချင်းပြည့်မီခြင်း (Eligibility) 6

၁.၁၁ ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီကြိုတင်ဂယ်ယူခြင်းနှင့် လက်မှတ်ထိုးပြီးနောက်ဂယ်ယူထားခြင်းများအတွက်ငွေကြေးပြန်ထုတ်ပေးခြင်း (Advance Contracting and Retroactive Financing) 8

၁.၁၂ လုပ်ငန်းပူးတွဲလုပ်ကိုင်ခြင်း (Joint Ventures) 8

၁.၁၃ ဘဏ်၏စိစစ်ဆေးသုံးသပ်မှုများ (Bank Review) 9

၁.၁၄ ဂယ်ယူရေးစည်းကမ်းများကိုမလိုက်နာဘဲဂယ်ယူခြင်း (Misprocurement) 9

၁.၁၅ ဘဏ်သို့ရည်ညွှန်းခြင်း (Reference to Bank) 10

၁.၁၆ လိမ်လည်လှည့်ဖြားမှုနှင့်အကျင့်ပျက်ခြစားခြင်း (Fraud and Corruption) 11

၁.၁၈ ဂယ်ယူရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ် (Procurement Plan) 15

**၂။ နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ (INTERNATIONAL COMPETITIVE BIDDING) 17**

**(က) အထွေထွေ (General)** 17

၂.၁ နိဒါန်း (Introduction) 17

၂.၂ ကန်ထရိုက်စာချုပ်အမျိုးအစားနှင့်အရွယ်အစား (Type and Size of Contracts) 17

၂.၆ နှစ်ဆင့်ဂင်ရောက်ယှဉ်ပြိုင်ရသောတင်ဒါ (Two-Stage Bidding) 19

၂.၇ အသိပေးအကြောင်းကြားခြင်းနှင့်ကြော်ငြာခြင်း (Notification and Advertising) 19

၂.၉ တင်ဒါတင်သွင်းသူများအားကြိုတင်အရည်အချင်းစစ်ဆေးခြင်း (Prequalification of Bidders) 20

**(ခ) တင်ဒါတင်သွင်းမှုစာရွက်စာတမ်းများ (Bidding Documents)** **22**
၂.၁၁ အထွေထွေ (General) 22
၂.၁၃ တင်ဒါများ၏ဈေးနှုန်းအတည်ဖြစ်မှုသက်တမ်းကာလနှင့်တင်ဒါအာမခံကြေး (Validity of Bids and Bid Security) 23
၂.၁၅ ဘာသာစကား (Language) 24
၂.၁၆ တင်ဒါစာရွက်စာတမ်းအချက်အလက်များအားရှင်းလင်းခြင်း (Clarity of Bidding Documents) 24
၂.၁၉ စံသတ်မှတ်ချက်များ (Standards) 25
၂.၂၀ ကုန်အမှတ်တံဆိပ်များအသုံးပြုမှု (Use of Brand Names) 26
၂.၂၁ ဈေးနှုန်းသတ်မှတ်ခြင်း (Pricing) 26
၂.၂၄ ဈေးနှုန်းညှိနှိုင်းခြင်း (Price Adjustment) 28
၂.၂၆ သယ်ယူပို့ဆောင်ရေးနှင့်အာမခံ (Transportation and Insurance) 28
၂.၂၈ ငွေကြေးယူနစ်ဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များ (Currency Provisions) 30
၂.၂၉ တင်ဒါငွေကြေးယူနစ် (Currency of Bid) 30
၂.၃၁ တင်ဒါနှိုင်းယှဉ်ကြည့်ရန်ငွေကြေးယူနစ်များအားပြောင်းလဲခြင်း (Currency Conversion for Bid Comparison) 30
၂.၃၂ ပေးချေမှုဆိုင်ရာငွေကြေးယူနစ် (Currency of Payment) 31
၂.၃၄ ငွေပေးချေမှုနည်းလမ်းများနှင့်သတ်မှတ်ချက်များ (Terms and Methods of Payment) 31
၂.၃၇ မတူညီသည့်တင်ဒါများတင်သွင်းခြင်း (Alternative Bids) 32
၂.၃၈ ကန်ထရိုက်စာချုပ်အခြေအနေများ (Conditions of Contracts) 32
၂.၃၉ တင်ဒါအတွက်စာချုပ်ရသွားသူမှလုပ်ဆောင်ချက်အတွက်အာမခံပေးရသောစပေါ်ငွေနှင့် အာမခံစရန်ပေးထားသောငွေအားထိန်းသိမ်းထားခြင်း (Performance Security and Retention Money) 33
၂.၄၁ နောက်ကျမှုအတွက်ပေးဆောင်ရသောဒဏ်ကြေးနှင့်အပိုဆုကြေးများ (liquidated Damages and Bonus Clauses) 34
၂.၄၂ မမျှော်မှန်းနိုင်သောဖြစ်ရပ်အခြေအနေများကြောင့်ပျက်ကွက်ခြင်း (Force Majeure) 34

၂.၄၃ သက်ဆိုင်ရာဥပဒေနှင့်အငြင်းပွားမှုများဖြေရှင်းခြင်း (Applicable Law and Settlement of Disputes) 34

**(ဂ) တင်ဒါဖွင့်ဖောက်ခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း (Bid Opening, Evaluation and Award of Contract) 35**

၂.၄၄ တင်ဒါများပြင်ဆင်ရန်အချိန်ကာလ (Time for Preparation of Bids) 35

၂.၄၅ တင်ဒါဖွင့်ဖောက်ခြင်းလုပ်ငန်းစဉ်များ (Bid Opening Procedures) 36

၂.၄၆ ပြန်လည်ရှင်းလင်းဖြေကြားခြင်းသို့မဟုတ်ပြောင်းလဲပြင်ဆင်ခြင်း (Clarification or Alterations of Bids) 36

၂.၄၇ လျှို့ဝှက်ထားမှု (Confidentiality) 37

၂.၄၈ တင်ဒါများအားစစ်ဆေးခြင်း (Examination of Bids) 37

၂.၄၉ တင်ဒါများအားနှိုင်းယှဉ်သုံးသပ်အကဲဖြတ်ခြင်း (Evaluation and Comparison of Bids) 37

၂.၅၅ ဒေသတွင်းထွက်ကုန်အားဦးစားပေးရွေးချယ်ခြင်း (Domestic Preferences) 39

၂.၅၇ တင်ဒါအတည်ဖြစ်မှုသက်တမ်းကာလတိုးမြှင့်ခြင်း/တင်ဒါသက်တမ်းတိုးခြင်း (Extension of Validity of Bids) 40

၂.၅၈ တင်ဒါအတွက်အနိုင်ပေးရန်လျာထားသူအားအရည်အချင်းမီ/မမီတင်ဒါခေါ်ယူပြီးနောက်ပိုင်း စာချုပ်မချုပ်မီစစ်ဆေးခြင်း (Postqualification of Bidders) 40

၂.၅၉ ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း (Award of Contract) 41

၂.၆၀ ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်းထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract) 41

၂.၆၁ တင်ဒါအားလုံးကိုပယ်ချခြင်း (Rejection of All Bids) 41

၂.၆၅ ငွေချေးယူသူမှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Borrower) 43

**(ဃ) ပြင်ဆင်ပြောင်းလဲထားသောICBစနစ် (Modified ICB) 43**

၂.၆၆ ပြည်ပမှတင်သွင်းမှုအစီအစဉ်ပါဝင်သောလုပ်ငန်းများ (Operations Involving a Program of Imports) 43

၂.၆၈ ကုန်စည်များဝယ်ယူခြင်း (Procurement of Commodities) 44

**၃။ အခြားဝယ်ယူရေးနည်းလမ်းများ (OTHER METHODS OF PROCUREMENT) 45**

၃.၁ အထွေထွေ (General) 45

၃.၂ ကန့်သတ်နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ (Limited International Bidding) 45

၃.၃ နိုင်ငံတွင်း/ပြည်တွင်းယှဉ်ပြိုင်ရသောတင်ဒါ (National Competitive Bidding) 46

၃.၅ လေ့လာနှိုင်းယှဉ်မှုပြုဝယ်ယူခြင်း (Shopping) 47

၃.၆ သတ်မှတ်ကုန်/ဝန်ဆောင်မှုအားကာလတစ်ခုအတွင်းသတ်မှတ်ဈေးဖြင့်ဝယ်ယူရန် ချုပ်ဆိုထားသောဝယ်ယူရေးသဘောတူညီချက်မူဘောင် (Framework Agreement) 48

၃.၇ ယှဉ်ပြိုင်မှုမရှိဘဲတိုက်ရိုက်ဝယ်ယူခြင်း (Direct Contracting) 49

၃.၉ ယှဉ်ပြိုင်မှုမရှိဘဲအစိုးရပိုင်လုပ်ငန်းတစ်ခုခုမှတိုက်ရိုက်ဝယ်ခိုင်းခြင်း (Force Account) 50

၃.၁၀ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများထံမှဝယ်ယူခြင်း (Procurement from United Nations Agencies) 51

၃.၁၁ ဝယ်ယူရေးကိုယ်စားလှယ်များနှင့်ဆောက်လုပ်ရေးမန်နေဂျာများ (Procurement Agents and Construction Managers) 52

၃.၁၂ စစ်ဆေးရေးဝန်ဆောင်မှုများ (Inspection Services) 53

၃.၁၃ ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများနှင့်ကိုယ်စားပြုသူများအားထုတ်ချေးပေးသည့်ချေးငွေ အတွက်ဝယ်ယူခြင်း (Procurement in Loans to Financial Intermediary Institutions and Entities) 53

၃.၁၄ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများပူးပေါင်းဆောင်ရွက်ရေး (PPP) အစီအစဉ်များအောက်မှ ဝယ်ယူခြင်း (Procurement under Private Public Partnership (PPP) Arrangements) 55

၃.၁၆ ပစ္စည်းပေးသွင်းသူ၏လုပ်ဆောင်ချက်အပေါ် မူတည်ငွေပေးချေနည်းဖြင့်ဝယ်ယူမှု (Performance Based Procurement) 57

၃.၁၈ ကမ္ဘာ့ဘဏ်မှအာမခံပေးသောချေးငွေမှဝယ်ယူခြင်း (Procurement under Loans Guaranteed by the Bank) 58

၃.၁၉ ဝယ်ယူရေးလုပ်ငန်းစဉ်တွင်အများပြည်သူပူးပေါင်းပါဝင်ခြင်း (Community Participation in Procurement) 58

၃.၂၀ ငွေချေးယူသူနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုခြင်း (Use of Country Systems) 59

**နောက်ဆက်တွဲ (၁) ။ ။ ပစ္စည်းဝယ်ယူရေးဆုံးဖြတ်ခြင်းများနှင့်ကန်ထရိုက်ချုပ်ဆိုခြင်းထုတ်ပြန်ကြေညာခြင်း (Review by the Bank of Procurement Decisionsand Publication of Awards of Contracts) 60**

(၁) ပစ္စည်းဝယ်ယူရေးနှင့်ပတ်သက်သောအစီအစဉ်ရေးဆွဲခြင်း (Scheduling of Procurement) 60

(၂) ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review) 60

(၅) ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း (Post Review) 64

(၆) ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအဆင့်မှဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင် သုံးသပ်အတည်ပြုပေးခြင်းအဆင့်သို့ ပြန်လည်ပြောင်းလဲခြင်း (Change from Post Review to Prior Review) 65

(၇) ကန်ထရိုက်ချုပ်ဆိုမှုထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract) 66

(၈) ဘဏ်၏ပိတ်ဆို့ဟန့်တားမှုမူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာထိုက်သင့်သောကြိုးပမ်း အားထုတ်သင့်မှုများ (Due Diligence concerning the Bank’s Sanctions Policies and Procedures) 66

**နောက်ဆက်တွဲ (၂) ။ ။ ဒေသတွင်းထွက်ကုန်အားဦးစားပေးရွေးချယ်မှုများ (Domestic Preferences) 68**

(၁) ပြည်တွင်းမှထုတ်လုပ်သောကုန်ပစ္စည်းများအားဦးစားပေးရွေးချယ်မှု (Preference for Domestically Manufactured Goods) 68

(၈) ပြည်တွင်းမှကန်ထရိုက်တာများအားဦးစားပေးရွေးချယ်မှု (Preference for Domestic Contractors) 70

**နောက်ဆက်တွဲ (၃) ။ ။ တင်ဒါတင်သွင်းသူများသို့ညွှန်ကြားချက် (Guidance to Bidders) 72**

(၁) ရည်ရွယ်ချက် (Purpose) 72

(၂) ပစ္စည်းဝယ်ယူရေးဆိုင်ရာတာဝန်ဝတ္တရားများ (Responsibility for Procurement) 72

(၃) ဘဏ်၏အခန်းကဏ္ဍ (Bank’s Role) 72

(၅) တင်ဒါတင်သွင်းခြင်းဆိုင်ရာအချက်အလက်များ (Information on Bidding) 73

(၆) တင်ဒါတင်သူ၏အခန်းကဏ္ဍ (Bidder’s Role) 74

(၁၀) လျှို့ဝှက်ထားမှု (Confidentiality) 75

(၁၁) ဘဏ်၏အရေးယူအပြစ်ပေးမှု (Action by the Bank) 75

(၁၅) ဘဏ်မှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Bank) 76

## ဝေါဟာရအတိုကောက်များ (Acronyms)

| | | |
|---|---|---|
| BOO | Build, Own, Operate | တင်ဒါရရှိသူမှတည်ဆောက်၊ တာဝန်ယူ၊ လုပ်ကိုင်ခြင်းစနစ်။ |
| BOOT | Build, Own, Operate, Transfer | တင်ဒါရရှိသူမှတည်ဆောက်၊ တာဝန်ယူ၊ လုပ်ကိုင်ပြီးနောက် မူလပိုင်ရှင်သို့ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းစနစ်။ |
| BOT | Build, Operate, Transfer | တင်ဒါရရှိသူမှ တည်ဆောက်၊ လုပ်ကိုင်ပြီးနောက် မူလပိုင်ရှင်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းစနစ်။ |
| CDD | Community Driven Development | လူထုဦးဆောင်သည့်ဖွံ့ဖြိုးရေး။ |
| CIF | Cost, Insurance, and Freight | တင်ပို့ရောင်းချသူမှဝယ်သူလက်ခံယူမည့်ဆိပ်ကမ်းအရောက် အာမခံနှင့်ကုန်တင်သယ်ပို့စရိတ် အပါအဝင်အခြားပြင်ဆင်မှု စရိတ်များအားကျခံပေးရသောကုန်တင်ပို့မှုစနစ်။ |
| CIP | Carriage and Insurance Paid (place of destination) | တင်ပို့ရောင်းချသူမှဝယ်သူလက်ခံယူမည့်ဆိပ်ကမ်းအရောက် အာမခံနှင့်သယ်ပို့စရိတ်များအားကျခံပေးရသော ကုန်တင်ပို့မှုစနစ်။ |
| CPT | Carriage Paid To (named place of destination) | တင်ပို့ရောင်းချသူမှဝယ်သူလက်ခံယူမည့် ဆိပ်ကမ်းအရောက် သယ်ပို့စရိတ်များအားကျခံပေးရသောကုန်တင်ပို့မှုစနစ်။ |
| DDP | Delivered Duty Paid | တင်ပို့ရောင်းချသူမှဝယ်သူလက်ခံယူသည်အထိ ကုန်စည် ပို့ဆောင်ရာတွင် အခွန်အခများအားလုံးနှင့်အခြားစရိတ် အားလုံးအတွက်ကျခံပေးသောကုန်တင်ပို့မှုစနစ်။ |
| EXW | Ex works, Ex factory, or Off-the-Shelf | ယခင်လုပ်ဆောင်ဖူးသောအလုပ်၊စက်ရုံနှင့်အသင့်သုံး ပစ္စည်းဆိုင်များ။ |
| FA | Framework Agreements | သတ်မှတ်ကုန်/ဝန်ဆောင်မှုအားကာလတစ်ခုအတွင်း သတ်မှတ်ဈေးဖြင့်ဝယ်ယူရန်ချုပ်ဆိုထားသောဝယ်ယူရေး သဘောတူညီချက်မူဘောင်။ |
| FCA | Free Carrier (named place) | သတ်မှတ်ထားသောနေရာသို့ အခမဲ့သယ်ပေးသူ။ |
| FPA | Fiduciary Principles Accord | အရေးပေါ်အခြေအနေအတွက် ငွေကြေးဆိုင်ရာယုံကြည်မှု သဘောတူညီချက်။ |
| GNP | Gross National Product | စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး။ |

| | | |
|---|---|---|
| IBRD | International Bank for Reconstruction and Development (World Bank) | အပြည်ပြည်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (ကမ္ဘာ့ဘဏ်) ။ |
| ICB | International Competitive Bidding | နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ။ |
| ICC | International Chamber of Commerce | ပြင်သစ်နိုင်ငံပဲရစ်မြို့အခြေစိုက် နိုင်ငံတကာ ကုန်သည်ကြီးများအသင်း။ |
| ICSID | International Centre for Settlement of Investment Disputes | ကမ္ဘာ့ဘဏ်အောက်ရှိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရေးဗဟိုဌာန။ |
| IDA | International Development Association | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း။ |
| IFC | International Finance Corporation | ကမ္ဘာ့ဘဏ်အောက်ရှိနိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်း။ |
| LIB | Limited International Bidding | ကန့်သတ်နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ။ |
| MDTF | Multi Donor Trust Fund | အလှူရှင်ပေါင်းစုံလှူဒါန်းထားသည့်ရံပုံငွေ။ |
| MIGA | Multilateral Investment Guarantee Agency | ကမ္ဘာ့ဘဏ်အောက်ရှိဘက်ပေါင်းစုံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံပေးရေးအဖွဲ့အစည်း။ |
| NCB | National Competitive Bidding | နိုင်ငံတွင်း/ပြည်တွင်းယှဉ်ပြိုင်ရသောတင်ဒါ။ |
| NGO | Nongovernmental organization | အစိုးရမဟုတ်သောအဖွဲ့အစည်း။ |
| PAD | Project Appraisal Document | စီမံကိန်းဆန်းစစ်မှုစာရွက်စာတမ်း။ |
| PPA | Project Preparation Advance | စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှုများ။ |
| PPP | Public Private Partnership | နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများပူးပေါင်းဆောင်ရွက်ခြင်း။ |
| PPR | Procurement Post Review | ပစ္စည်းဝယ်ယူမှုအားဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း။ |
| SA | Special Account | အထူးငွေစာရင်း။ |
| SBDs | Standard Bidding Documents | ကမ္ဘာ့ဘဏ်မှစံသတ်မှတ်ထားသည့်တင်ဒါစာရွက်စာတမ်းများ။ |
| SWAp | Sector Wide Approach | ကဏ္ဍအခြေပြုလုပ်ဆောင်မှုများ။ |
| UCS | Use of Country Systems | ကမ္ဘာ့ဘဏ်မှငွေချေးယူသူနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုခြင်း။ |
| UN | United Nations | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့။ |
| UNDB | United Nations Development Business | ကုလသမဂ္ဂစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်။ |

## ၁။ နိဒါန်း
## I. Introduction

### ရည်ရွယ်ချက် (Purpose)

၁.၁ အပြည်ပြည်ဆိုင်ရာပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (International Bank for Reconstruction and Development – IBRD) မှချေးငွေများနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (International Development Association – IDA) [1] မှ အကြွေးယူခြင်းများနှင့် ထောက်ပံ့မှုများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေရယူထားသည့်လုပ်ငန်းစီမံကိန်းများ၊ စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှုများ (Project Preparation Advance – PPA) ၊ ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေ သို့မဟုတ် ကမ္ဘာ့ဘဏ်မှစီမံခန့်ခွဲရသောရန်ပုံငွေများစသည်တို့ကို လက်ခံရရှိသည့် အဖွဲ့အစည်းများ [2] စီမံကိန်းများ အကောင်အထည်ဖော်သည့်အခါ လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများ [3] ကိုလုပ်ကိုင်သည့်အခါ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်စေရန် ရည်ရွယ်သည်။

---

[1] IBRD နှင့် IDA တို့၏ပစ္စည်းများဝယ်ယူရေးလိုအပ်ချက်များသည် အတူတူပင်ဖြစ်သည်။ ယခုလမ်းညွှန်တွင်ဆိုထားသည့် “ဘဏ်” ဆိုသည်မှာ IBRD နှင့် IDA နှစ်ခုစလုံးကိုရည်ညွှန်းသည်။ ချေးငွေများ (Loans) သည် IBRD loans များကို ရည်ညွှန်းသကဲ့သို့ IBRD နှင့် IDA များကစီမံခန့်ခွဲကာ လက်ခံရရှိသူများအကောင်အထည်ဖော်ရသည့် အကြွေးစနစ်များ၊ ငွေထောက်ပံ့မှုများ၊ ရံပုံငွေများနှင့် စီမံကိန်းပြင်ဆင်မှုကြိုတင်ငွေထုတ်ယူမှုများ (Project Preparation Advances – PPAs) ပါဝင်သည်။

ငွေချေးခြင်းသဘောတူစာချုပ် (Loan Agreement) ဆိုသည်မှာ ဘဏ်နှင့်ငွေချေးသူတို့အကြား ဥပဒေကြောင်းအရသဘောတူညီမှုများ ဖြစ်သည်။ ၎င်းတွင် ဘဏ်နှင့် လုပ်ငန်းအကောင်အထည်ဖော်မည့် အဖွဲ့အစည်းတို့အကြား စီမံကိန်းနှင့်ပတ်သက်သည့် အသေးစိတ်သဘောတူညီချက်များပါဝင်လေ့ရှိသည်။

ငွေချေးသူများ (Borrower) ဆိုသည်မှာ လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်ပြီး ငွေချေးခြင်းဖြစ်စေ၊ အကြွေးရယူခြင်းဖြစ်စေ၊ ငွေကြေး/ ပစ္စည်း/ ဝန်ဆောင်မှု အထောက်အပံ့ရယူခြင်းဖြစ်စေ စီမံကိန်းများ အကောင်အထည်ဖော်နေသည့်သူများအပါအဝင် PPA များရရှိကာ လုပ်ကိုင်နေသူများ၊ တစ်ဆင့်ခံ ငွေချေးသူ (Sub-Borrower) များ နှင့် စီမံကိန်းများအကောင်အထည်ဖော်နေသည့် မည်သူမဆို ပါဝင်သည်။

[2] ဘဏ်မှစီမံခန့်ခွဲသည့် ယုံကြည်မှုရန်ပုံငွေ ထောက်ပံ့မှုများနှင့်ပတ်သက်သည့် သဘောတူညီချက်များသည် ဤလမ်းညွှန်းချက်စည်းကမ်းချက်များနှင့် ကွဲလွဲမှုရှိပါကသဘောတူညီချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ခွင့်ရှိသည်။ အဆိုပါအဖွဲ့တွင် FPA နှင့် MDTF တို့၏ အရေးပေါ်အခြေအနေ ဆောင်ရွက်ချက်များပါ ပါဝင်သည်။ ကုလသမဂ္ဂ ငွေကြေးဆိုင်ရာယုံကြည်မှုသဘောတူစာချုပ် (UN Fiduciary Principles Accords – FPA) နှင့် လှူဒါန်းသူများ၏ ရန်ပုံငွေအဖွဲ့အစည်း (Multi Donor Trust Fund – MDTF) တို့မှချမှတ်ထားသည့် စည်းကမ်းများမှ။

[3] ယခုလမ်းညွှန်တွင်ပါဝင်သည့် ကုန်ပစ္စည်းများ (Goods) ၊ တည်ဆောက်ရေးလုပ်ငန်း (Works) များသည် သယ်ယူပို့ဆောင်ရေး၊ အာမခံ၊ ပစ္စည်းများတပ်ဆင်ခြင်း၊ အလုပ် များအပ်နှံခြင်း၊ သင်တန်းပေးခြင်း၊ နောက်ဆက်တွဲထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များပါဝင်သည်။ ကုန်ပစ္စည်းများ ဆိုရာတွင် အသင့်သုံးနိုင်သည့်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ စက်ပစ္စည်းများအတွက် ဆက်စပ်ပစ္စည်းများ၊ ယာဉ်များ၊ စက်ရုံများ စသည်တို့ပါဝင်သည်။ ယခုလမ်းညွှန်သည် အကြံပေး ဝန်ဆောင်မှုများမဟုတ်သည့် ဝန်ဆောင်မှုများ အတွက် အသုံးပြုနိုင်သည်။ အထူးသဖြင့်အရေးကြီး ထိန်းချုပ်ရန်လိုအပ်သည့်ကိစ္စများ၊ တင်ဒါနှင့် ကန်ထရိုက်သဘောတူ လုပ်ကိုင်သည့်အလုပ်များတွင် ရလဒ်ကိုတိတိကျကျ တိုင်းတာဖော်ပြရန်လိုအပ်သည့် စွမ်းဆောင်မှုများ

ငွေချေးသဘောတူစာချုပ်သည် ဘဏ်နှင့်ငွေချေးသူတို့အကြား ဥပဒေဆိုင်ရာပတ်သက်မှုကိုဖော်ပြထားခြင်းဖြစ်သည်။ လမ်းညွှန်ကို စာချုပ်တွင်ဖော်ပြထားသည့် စီမံကိန်းအတွက်လိုအပ်သည့် ကုန်ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုများမဟုတ်သည့် အခြားသော ဝန်ဆောင်မှုများအတွက် အသုံးပြုနိုင်သည်။ စီမံကိန်းနှင့်သက်ဆိုင်နေသော ငွေချေးသူများနှင့် ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းများ၊ အကြံပေးဝန်ဆောင်မှုမဟုတ်သည့် ဝန်ဆောင်မှုကိုပေးနေသည့် အဖွဲ့အစည်းများသည် တင်ဒါ[4] ပြိုင်စဉ်ကစာရွက်စာတမ်းများအတိုင်းနှင့် နှစ်ဦးနှစ်ဘက်သဘောတူထားသည့် လက်မှတ်ရေးထိုးထားကြသော စာချုပ်များအတိုင်း အခွင့်အရေးနှင့်ရပိုင်ခွင့်များရှိသည်။ ထိုအတိုင်းလိုက်နာရမည်။ ထိုဝယ်ယူရေးသဘောတူညီချက် အခွင့်အရေးနှင့် ရပိုင်ခွင့်များသည် ကမ္ဘာ့ဘဏ်၏ ဤစည်းမျဉ်းများ သို့မဟုတ် ချေးငွေသဘောတူညီမှု စာချုပ်များနှင့် မသက်ဆိုင်ပါ။ ငွေချေး သဘောတူစာချုပ်တွင်မပါဝင်သည့် မည်သည့်အဖွဲ့အစည်းကမျှ ငွေချေးခြင်းဆိုင်ရာကိစ္စများကို လုပ်ကိုင်ခွင့် မရှိစေရ။ အခွင့်အရေးများမရရှိစေရ။

## ယေဘုယျသတိမှတ်ထားချက်များ (General Considerations)

၁.၂ လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် တာဝန်ယူမှုများ၊ စီမံကိန်းအတွက် ဝယ်ယူရေးစာချုပ်များ အပ်နှင်းရေးနှင့် စီမံခန့်ခွဲရေး ကိစ္စများသည် ငွေချေးသူ[5] တွင်အပြည့်အဝတာဝန်ရှိသည်။ ကမ္ဘာ့ဘဏ်သည်ချပေးလိုက်သောချေးငွေများ မည်သည့်အတွက်ပေးသည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ပေးသည် စသည်များကို အမြဲစောင့်ကြည့်သေချာနေစေရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် မဆိုင်သည့်လွှမ်းမိုးမှုများ၊ နိုင်ငံရေးလွှမ်းမိုးမှုများအား မသက်ရောက်စေဘဲ[6] ငွေကြေးအလေအလွင့် မရှိစေရေးနှင့် လုပ်ငန်းများထိရောက်မှု၊ အဆင်ပြေမှုရှိခြင်းများကိုသာ အာရုံစိုက်ဂရုပြုသည်။ ထိုအတွက်ကိုလည်း အသေးစိတ်ချမှတ်ထားသောစည်းမျဉ်းများသည် လက်တွေ့လုပ်ငန်းစီမံကိန်းတစ်ခု အကောင်အထည်ဖော်ရာတွင် သီးသန့်ပစ္စည်းဝယ်ယူရေးဆိုင်ရာ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအား

---

အတွက်ပါအသုံးပြုနိုင်သည်။ ဆိုလိုသည်မှာ မြေတူးဖော်ခြင်း၊ ဂေဟာင်မှဓါတ်ပုံများရိုက်ကူးခြင်း၊ ဂြိုဟ်တုမှဓါတ်ပုံများရိုက်ကူးခြင်း၊ မြေပုံနှင့်ဆိုင်သည့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်းနှင့် အလားတူလုပ်ငန်းများဆောင်ရွက်ခြင်းများတွင် စွမ်းဆောင်ရည် အရည်အသွေးနှင့်ပတ်သက်ပြီး ကောင်းမွန်ရန်လိုအပ်သည့် ကိစ္စမျိုးကဲ့သို့သော လုပ်ငန်းများအပ်နှံခြင်းမျိုးတွင်လည်း ယခုလမ်းညွှန်ကိုအသုံးပြုနိုင်သည်။ ယခုလမ်းညွှန်သည် အကြံပေးအတိုင်ပင်ခံသည့် (advisory) ဝန်ဆောင်မှုများမပါဝင်ပါ။ ၎င်းကိစ္စများအား အပြည်ပြည်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ် (ကမ္ဘာ့ဘဏ်) မှ ချေးငွေ အစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ အကြွေးပေးမှုများ၊ အထောက်အပံ့ပေးသည့်အစီအစဉ်များနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်ငွေချေးသူများအတွက် အတိုင်ပင်ခံအကြံပေးများရွေးချယ်ခြင်းနှင့် ခန့်အပ်ခြင်းလမ်းညွှန်တွင် ဖော်ပြထားသည်။ ၎င်းကို အတိုင်ပင်ခံလမ်းညွှန်များဟု ရည်ညွှန်းခေါ်ဆိုကြသည်။

[4] ယခုလမ်းညွှန်တွင် လေလံပစ်ခြင်း (bid) နှင့် တင်ဒါ (tender) ခေါ်ခြင်းတို့ကို အဓိပ္ပါယ်အတူတူဟု ယူဆပြီးသုံးစွဲထားသည်။

[5] အချို့သောကိစ္စများတွင် ငွေချေးသူများသည် လုပ်ငန်းစီမံကိန်းကိုအမှန်တကယ်အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ အကြား ကြားခံအဖွဲ့အစည်းအနေဖြင့်ရပ်တည်လေ့ရှိကြသည်။ မည်သို့ပင်ဆိုစေ ယခုလမ်းညွှန်တွင် ငွေချေးသူများဆိုသည်မှာ ထိုသို့ အကောင်အထည်ဖော်ပေးသည့် အဖွဲ့များအပါအဝင် ငွေချေးသဘောတူစာချုပ်ဖြင့်တစ်ဆင့်ခံငွေချေးသည့်အဖွဲ့များပါ အကျုံးဝင်သည်။

[6] ဘဏ်၏သဘောတူစာချုပ်၊ အခန်း (၃) အပိုဒ် ၅(ခ) နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့အစည်း၏ သဘောတူစာချုပ်ဆိုင်ရာ စည်းကမ်းများ၏ အခန်း ၅၊ အပိုဒ် ၁(ဆ) တွင်အသေးစိတ်ဖော်ပြထားသည်။

သီးခြားအခြေအနေတစ်ခုစီအပေါ် မူတည်၍ လိုက်နာဆောင်ရွက်ရမည်။ ယေဘုယျအားဖြင့် အောက်ဖော်ပြပါ လိုအပ်ချက်၊ သတ်မှတ်ချက် လေးခုကိုသိရှိထားရန်လိုအပ်သည်။

(က) လိုအပ်သည့်ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အကြံပေးဝန်ဆောင်မှု မဟုတ်သည့် အခြားသောဝန်ဆောင်မှုများအပါအဝင် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ငွေကြေး အလေအလွင့်မရှိစေရေး၊ လုပ်ငန်းများအရည်အချင်းပြည့်မီရေး လိုအပ်ချက်ကို အဓိကထားရမည်။

(ခ) ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများမှဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ [7] မှဖြစ်စေ ကုန်ပစ္စည်းများတင်သွင်းရန်၊ ဘဏ်၏ငွေကြေးထောက်ပံ့မှုဖြင့်လုပ်ငန်းများလုပ်ကိုင်ရန်၊ အကြံပေးဝန်ဆောင်မှုမဟုတ်သည့် အခြားသော ဝန်ဆောင်မှုများကိုလုပ်ကိုင်နိုင်ရန် တင်ဒါများတွင်ဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် တူညီသော သတင်း အချက်အလက်များနှင့် တူညီသောအခွင့်အရေးများ ရရှိစေရန် စိတ်ဝင်စားသည်။

(ဂ) ကမ္ဘာ့ဘဏ်သည် ငွေချေးယူသည့်နိုင်ငံအတွင်း ကုန်ထုတ်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ဦးစားပေးစာချုပ်ချုပ်ဆိုလုပ်ကိုင်မှုများကို အားပေးစိတ်ပါဝင်စားသည်။

(ဃ) ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအဆင့်ဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုရှိနေရမည်။

၁.၃ ထိရောက်ကောင်းမွန်သော အများပြည်သူနှင့်ဆိုင်သည့် ဝယ်ယူရေး နှင့်ပတ်သက်ပြီး လွတ်လပ်သော ပြိုင်ဆိုင်မှုမှာ အခြေခံအဖြစ်ရှိရမည်။ ငွေချေးယူသူများအနေဖြင့်ဝယ်ယူရေးကိစ္စရပ်များအတွက် အသင့်တော်ဆုံးသောဝယ်ယူရေးနည်းလမ်းများကိုအသုံးပြုရမည်။ များသောအားဖြင့် ကောင်းမွန်စွာ စီမံခန့်ခွဲသော နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ (International Competitive Bidding – ICB) များကို ကျင့်သုံးလေ့ရှိကြသည်။ ၄င်းနည်းလမ်းများဖြင့် ဒေသတွင်းရှိ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ၊ ဒေသတွင်းမှ လုပ်ငန်းများကို လုပ်ဆောင်ပေးမည့် ဒေသတွင်းကန်ထရိုက်တာ [8] များလုပ်ဆောင်နိုင်ရန် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါမှာ အသင့်တော်ဆုံးနည်းလမ်းဖြစ်သည်။ အများအားဖြင့် ကမ္ဘာ့ဘဏ်ဘက်ကလည်း ဒေသထွက်ပစ္စည်းများ ဦးစားပေးဝယ်ယူမှုသည် ငွေချေးသူများအား ကုန်ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သည့် အခြားသော ဝန်ဆောင်မှုများအား ICB (နိုင်ငံတကာတင်ဒါ)မှ ပြဋ္ဌာန်းထားသည့်အတိုင်း အရည်အချင်းပြည့်ဝသော ထောက်ပံ့ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် ကန်ထရိုက်တာများထံမှ ရယူစေပါမည်။ [9] ယခု လမ်းညွှန်၏အခန်း (၂) တွင် ICB (နိုင်ငံတကာယှဉ်ပြိုင်တင်ဒါ)၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ရှင်းလင်းထားသည်။

၁.၄ ICB (နိုင်ငံတကာယှဉ်ပြိုင်တင်ဒါ)မှ ပြဋ္ဌာန်းထားသော နည်းလမ်းများက အဆင်မပြေဟုယူဆပါက သင့်တော်သည့် အခြားသော ဝယ်ယူရေးနည်းလမ်းများကို အသုံးပြုနိုင်သည်။ အခန်း(၃)တွင် အခြားသောသင့်တော်သည့်နည်းလမ်းများနှင့် မည်သည့်အချိန်တွင် မည်သည့်နည်းလမ်းက သင့်တော်သည်

---

[7] အပိုဒ်ခွဲ ၁.၈၊ ၁.၉ နှင့် ၁.၁၀ တို့တွင်လေ့လာနိုင်သည်။

[8] လမ်းညွှန်တွင်သုံးစွဲထားသည့် ကန်ထရိုက်တာ (Contractor) ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ဆောင်မှုများကိုသာ ဆောင်ရွက်ပေး သည့် အဖွဲ့အစည်းများဖြစ်သည်။

[9] အပိုဒ်ခွဲ ၁.၈၊ ၁.၉ နှင့် ၁.၁၀ တို့တွင်လေ့လာနိုင်သည်။

ဆိုတာကိုပါ အကြံပြုထားသည်။ ငွေချေးသဘောတူစာချုပ်အတွင်းတွင် စီမံကိန်းအတွက်လိုအပ်သည့် ပစ္စည်းများဂယ်ယူရေးနှင့်ပတ်သက်ပြီး လိုက်နာရမည့် ဂယ်ယူရေးနည်းလမ်းများကို ဖော်ပြထားသည်။ စီမံကိန်းဖြင့် ငွေပေးပြီးချုပ်ဆိုရန်ရှိသည့် သဘောတူညီမှုလုပ်ငန်းများ၏ ဂယ်ယူရေးလုပ်ငန်းစဉ်များသည်လည်း ငွေချေးသဘောတူစာချုပ်နှင့်ကိုက်ညီမှုရှိနေရမည်။ သို့မဟုတ်ပါကလည်း ယခုလမ်းညွှန်၏ အပိုဒ်ခွဲ ၁.၁၈တွင် ဖော်ပြထားသည့် ဂယ်ယူရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ်များအတိုင်း လုပ်ကိုင်ရမည်။

## လမ်းညွှန်နှင့်သက်ဆိုင်မှုများ (Applicability of Guidelines)

၁.၅ ယခုလမ်းညွှန်တွင်ဖော်ပြထားသော အခြေခံသဘောတရားများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများသည် ပစ္စည်းဂယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းများနှင့် အကြံပေးဂန်ဆောင်မှု များမဟုတ်သည့် အခြားသောဂန်ဆောင်မှုလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်၏အပြည့်အဂ ချေးငွေဖြစ်စေ၊ တစ်စိတ်တစ်ဒေသချေးငွေဖြစ်စေထောက်ပံ့မှုများနှင့်အကျုံးဂင်မှုရှိသည်။[10] ဤအခန်း (၁) တွင် ဖော်ပြထားသည့်အချက်များသည် လမ်းညွှန်တွင်ဖော်ပြထားသော အခြားအခန်းများအပေါ်တွင်ပါ အကျိုးသက်ရောက်မှုရှိသည်။ ဘဏ်ချေးငွေ အပြည့်အဂဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြင့်ဖြစ်စေ ပါဂင်မှုမရှိသော လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းဂယ်ယူမှုများ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းများ၊ အကြံပေးဂန်ဆောင်မှုမဟုတ်သည့် အခြားသော ဂန်ဆောင်မှုများနှင့်ပတ်သက်သည့် ကိစ္စများအတွက် ငွေချေးယူသူများက အခြားသောစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်လုပ်ကိုင်နိုင်သည်။ သို့သော် အဆိုပါလုပ်ငန်းများသည် ကမ္ဘာ့ဘဏ်နှင့်ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းနယ်ပယ်များနှင့် ဆက်စပ်ပါဂင်သော်လည်း ကမ္ဘာ့ဘဏ်၏ ချေးငွေ/ငွေကြေးမပါဂင်သော လုပ်ငန်းများကိုဆိုလိုသည်။ အဆိုပါကိစ္စရပ်များ၌ ဘဏ် (the Bank) အနေဖြင့် စီမံကိန်းများထိရောက် အောင်မြင်မှုရှိရန် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများမှာ ငွေချေးယူသူ (the Borrowers) များ လိုက်နာရန် လိုအပ်သည်များနှင့်ကိုက်ညီစေရမည်ဖြစ်ကာ ပစ္စည်းဂယ်ယူမှုများ၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်း နှင့် အကြံပေးခြင်းဂန်ဆောင်မှုမဟုတ်သည့် အခြားသောဂန်ဆောင်မှုများအတွက် အသုံးချရာ၌

(က) အရည်အသွေးသည် ကျေနပ်ဖွယ်ရှိရမည်ဖြစ်ပြီး စီမံကိန်းလက်ရှိအနေအထားနှင့်လည်း ကိုက်ညီမှု ရှိစေရန်၊

(ခ) သတ်မှတ်ထားသောအချိန်အတွင်းပြီးစီးစေရန်နှင့်

---

10 ၄င်းတွင်ဂယ်ယူရေးကိုယ်စားလှယ်ဖြစ်စေ၊ ဆောက်လုပ်ရေးလုပ်ငန်းများအားကြီးကြပ်တာဂန်ယူပေးသူဖြစ်စေ ဂယ်ယူ၍စာချုပ်ချုပ်ဆို ထားသော ငွေချေးသူမှခန့်အပ် ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးပါဂင်ရမည်ဟုလမ်းညွှန်၏အပိုဒ်ခွဲ ၃.၁၁ တွင်ဖော်ပြထားသည်။ ဘဏ်သည်ငွေချေးသူ၏ နိုင်ငံအတွင်း ကျင့်သုံး နေကြသည့် ဂယ်ယူရေးစနစ် အတိုင်းလိုက်နာရန်သဘောတူကောင်းတူနိုင်ပါသည်။ ထိုအတွက်သက်ဆိုင်ရာနိုင်ငံ၏စနစ် အတိုင်း အသုံးပြုရန် Use of Country System (UCS) ကို လေ့လာရန် ရည်ညွှန်းထားသည်။ ယခုလမ်းညွှန်၏ အပိုဒ်ခွဲ ၃.၂၀ တွင်လည်းဖော်ပြထားသည်။ ငွေချေးသူဘဏ်မှ ဂယ်ယူရေးလုပ်ငန်းစဉ်များကို မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဆိုတာကို ငွေချေးသူနှင့်ဘဏ်တို့အကြားချုပ်ဆိုထားသည့် ငွေချေးသဘောတူစာချုပ်တွင် အသေးစိတ်ဖော်ပြ ထားရမည်။ လမ်းညွှန်၏ အခန်း (၁)နှင့် အခြားအခန်းများ၊ အပိုဒ်များတွင်လည်း ကမ္ဘာ့ဘဏ်နှင့်သက်ဆိုင်သည့် အကြောင်းအရာ များကိုလည်း ဖော်ပြထားသည်။

(ဂ) ကုန်ကျစရိတ်သည် စီမံကိန်းတွင် ငွေကြေးအလေအလွင့် မရှိစေရေးနှင့်ငွေကြေးဆိုင်ရာလည်ပတ်ရပ်တည်မှုအနေအထားအပေါ် ထိခိုက်မှုမရှိစေရမည်ဖြစ်သည်။

**ကိုယ်ကျိုးစီးပွားနှင့် ပြည်သူ့အကျိုးပြုဂယ်ယူမှုကြား ပဋိပက္ခဖြစ်ခြင်းများ (Conflict of Interest)**

၁.၆ ဘဏ်၏မူဝါဒအရ ဂယ်ယူရေးကိစ္စများကိုဆောင်ရွက်မည့် အဖွဲ့အစည်းသည် ဘဏ်၏ထောက်ပံ့ချေးငွေဖြင့်လုပ်ကိုင်နေသော စီမံကိန်းများနှင့်ပတ်သက်ပြီး ကိုယ်ကျိုးစီးပွားနှင့် ပြည်သူ့အကျိုးပြုဂယ်ယူမှုကြား ပဋိပက္ခဖြစ်ခြင်းများ မဖြစ်စေရပါ။ မည်သည့်အဖွဲ့အစည်းမဆို ထိုသို့ဖြစ်သည်ကိုတွေ့ရှိပါက အရည်အချင်းမပြည့်မီဟုသတ်မှတ်ခံရကာ သဘောတူဂယ်ယူရေး စာချုပ်ချုပ်ဆိုခွင့် မရရှိနိုင်ပါ။

၁.၇ အကယ်၍အောက်ပါအခြေအနေမျိုးများဖြစ်သည့်အခါ ထိုအဖွဲ့အစည်းအနေဖြင့် ဂယ်ယူရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ကိုယ်ကျိုးစီးပွားနှင့် ပြည်သူ့အကျိုးပြုဂယ်ယူမှုကြား ပဋိပက္ခဖြစ်ခြင်းများရှိနေသည်ဟုမှတ်ယူရမည်။

(က) ယင်းအဖွဲ့အစည်းသည် စီမံကိန်းတစ်ခုအတွက် ပစ္စည်းဂယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းများ၊ အကြံပေးခြင်း ဂန်ဆောင်မှုမဟုတ်သည့် ဂန်ဆောင်မှုများကိုထောက်ပံ့ပေးနေသည့်အဖွဲ့အစည်းဖြစ်ကာ အဆိုပါ စီမံကိန်းအတွက် ပြင်ဆင်ပေးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့်တိုက်ရိုက် သို့မဟုတ် သွယ်ပိုက်သည့်နည်းဖြင့် အတိုင်ပင်ခံအကြံပေးခြင်းတို့နှင့် ပတ်သက်နေခြင်း သို့မဟုတ် ၄င်းကိစ္စများသည် အဆိုပါ အဖွဲ့အစည်းများ၏ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ပိုက်၍သော်လည်းကောင်း အုပ်ချုပ်မှုအာဏာအောက်တွင် တည်ရှိနေခြင်းများအားလုံး အကျုံးဂင်သည်။ သို့သော် အဆိုပါပြဋ္ဌာန်းချက်များသည် ကန်ထရိုက်တာ တစ်ဦးမှတာဂန်ယူကာတည်ဆောက်သည့် turnkey စီမံကိန်းများ၊ ဒီဇိုင်းနှင့်တည်ဆောက်ခြင်း လုပ်ငန်းတာဂန်စာချုပ်လုပ်ငန်း[11] ဖြစ်စေ စသည်များကိုဆောင်ရွက်ရမည့် မတူညီသောအဖွဲ့အစည်းများ၊ အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ရသည့်စီမံကိန်းများမှ အကြံပေးများ၊ ကန်ထရိုက်တာများ၊ ထောက်ပံ့သူများ မပါဂင်ပါ။

သို့မဟုတ်

(ခ) ယင်းအဖွဲ့အစည်းသည် တစ်ချိန်တည်းတွင် ဈေးနှုန်းအဆိုပြုလွှာတစ်ခုထက်ပိုတင်ယှဉ်ပြိုင်ခွင့်ရှိသည့်အခါမျိုးမှလွဲ၍ ဈေးနှုန်းလွှာတစ်ခုထက်ပိုပြိုင်ခြင်း၊ အခြားအဖွဲ့အစည်းတစ်ခုနှင့်ပူးပေါင်း၍ ပြိုင်ခြင်းများပြုလုပ်ခြင်းမျိုးဖြစ်သည်။ ထိုသို့ ပြုလုပ်ခဲ့ပါက ထိုအဖွဲ့ပါဂင်သည့် မည်သည့်တင်ဒါယှဉ်ပြိုင်မှုကိုမဆို ပယ်ချမည်ဖြစ်သည်။ သို့သော် တစ်ဆင့်ခံလုပ်ကိုင်သည့်ကန်ထရိုက်တာ (sub-contractor) ဖြစ်ပါက တင်ဒါတစ်ခုထက်ပို၍ပါဂင်ခွင့်ရှိသည်။ အချို့သောသတ်မှတ်ထားသည့် ဂယ်ယူရေးအမျိုးအစားများမှလွဲ၍ ဘဏ်မှကန့်ကွက်ခြင်းမရှိလျှင်ဖြစ်စေ၊ အဆိုပါ ဂယ်ယူရေးအမျိုးအစားအတွက် ဘဏ်မှစံသတ်မှတ်ထားသည့်တင်ဒါစည်းကမ်းများနှင့်ကိုက်ညီလျှင် တင်ဒါဂင်ပြိုင်သူသည် တစ်ဆင့်ခံလုပ်ကိုင်သည့် ကန်ထရိုက်တာအနေဖြင့်လည်း အခြားအဆိုပြုလွှာတွင် ပါဂင်ခွင့်ပြုနိုင်သည်။

သို့မဟုတ်

[11] အပိုဒ်ခွဲ ၂.၄ တွင်အသေးစိတ်လေ့လာပါ။

(ဂ) ယင်းအဖွဲ့အစည်း (၎င်း၏ဂန်ထမ်းများအပါအဝင်)သည် စီမံကိန်းကိုအကောင်အထည်ဖော်နေသည့် ငွေချေးယူထားသည့်အဖွဲ့အစည်း၊ သို့မဟုတ် ချေးငွေ၏ တစ်စိတ်တစ်ပိုင်းကိုလက်ခံရရှိထားသည့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ဂန်ထမ်းနှင့် စီးပွားရေးအရဖြစ်စေ၊ မိသားစုဆက်နွယ်မှုအရဖြစ်စေ ဆက်စပ်ပတ်သက်နေပြီး အဆိုပါ ပုဂ္ဂိုလ်သည်(၁) တင်ဒါစာရွက်စာတမ်းများ၊ စာချုပ်ပါ အသေးစိတ်အချက်အလက်များ ပြင်ဆင်ခြင်းများ၊ တင်ဒါစိစစ်ရေး၊ တင်ဒါရွေးချယ်ရေး စသည်တို့တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပါဂင်ပတ်သက်နေခြင်း (၂) ဂယ်ယူရေးစာချုပ်များအကောင်အထည်ဖော်ခြင်း သို့မဟုတ် ကြီးကြပ်ခြင်းတို့တွင် ပါဂင်ခြင်းအခြေအနေနှင့် အဆိုပါ အခြေအနေအားဖြေရှင်းချက်များသည် ဂယ်ယူရေး လုပ်ငန်းစဉ်နှင့် စာချုပ်အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များအား ကမ္ဘာ့ဘဏ်မှကျေနပ်လောက်သော ပဋိပက္ခဆက်နွယ်မှု ဖြေရှင်းချက်များမရှိသော အခြေအနေဖြစ်နေခြင်း

သို့မဟုတ်

(ဃ) ယင်းအဖွဲ့အစည်းသည် အထက်ပါအချက်များအနက်မှမဟုတ်ဘဲ ဘဏ်မှချမှတ်ထားသော တင်ဒါစည်းကမ်းများအရ ဂယ်ယူရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုမရှိသော အငြင်းပွားဖွယ် ကိုယ်ကျိုးနှင့် ပြည်သူ့အကျိုးပြုဂယ်ယူရေးမှထွက်ပေါ်နိုင်သောပဋိပက္ခဖြစ်စေသည့်အခြေအနေများအားလုံးအကျုံးဂင်သည်။

**အရည်အချင်းပြည့်မီခြင်း (Eligibility)**

၁.၈ ယှဉ်ပြိုင်ခြင်းကိုအားပေးရန်ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်သည် ၎င်း၏ထောက်ပံ့ခြင်းဖြင့် ဆောင်ရွက်မည့် စီမံကိန်းများဖြင့် ပစ္စည်းဂယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဂန်ဆောင်မှုမဟုတ်သည့် ဂန်ဆောင်မှုကိုဆောင်ရွက်ပေးမည့်နိုင်ငံအားလုံးမှ မည်သည့် အဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းကို မဆိုခွင့်ပြုသည်။ သို့သော်လည်း ပါဂင်ယှဉ်ပြိုင်မည့်သူတိုင်းသည် သဘောတူညီချက်အား အမှန်တကယ် ဖြည့်ဆည်းပေးနိုင်သည့် အရည်အချင်းရှိရန် ကန့်သတ်ချက်များထားရမည်။[12]

၁.၉ ဘဏ်ချေးငွေအပြည့်အဂဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြင့်ဖြစ်စေ ဆက်စပ်လုပ်ကိုင်နေသည့် မည်သည့်ကန်ထရိုက်လုပ်ငန်းများတွင်မဆို အောက်ဖော်ပြပါအချက်များနှင့် မသက်ဆိုင်ဘဲ ငွေချေးယူသူ တစ်ဦးမှ ဂယ်ယူရေးလုပ်ငန်းစဉ်များတွင် ပါဂင်ရန်ငြင်းဆန်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်အား အကြောင်းပြချက်မရှိဘဲ စာချုပ်အပ်နှံရန်ငြင်းဆိုခြင်းတို့အား ခွင့်မပြုရပါ။ အောက်ပါ အချက်နှစ်ရပ်နှင့် ဆက်စပ်မှုမရှိသော ငြင်းဆိုခြင်းများမရှိစေရ။

(၁) သဘောတူညီမှုစာချုပ်အရအောင်မြင်စွာလုပ်ကိုင်နိုင်ရန်အတွက် အရည်အချင်းများ၊ အရင်းအမြစ်များရှိခြင်း

(၂) အထက်တွင်ဖော်ပြခဲ့သည့် အပိုဒ်ခွဲ ၁.၆ နှင့် ၁.၇ တို့အရ ကိုယ်ကျိုးစီးပွားနှင့် ပြည်သူ့အကျိုးပြုဂယ်ယူမှုအကြားပဋိပက္ခပေါ်ပေါက်နိုင်သောအခြေအနေ ရှိနေခြင်း

---

12 ဘဏ်မှထောက်ပံ့ငွေများဖြင့်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ထိုင်ဂမ်၊ တရုတ်နိုင်ငံများမှ ပစ္စည်းများ၊ လုပ်ငန်းများ၊ တိုင်ပင်အကြံပေးခြင်းမဟုတ်သည့် အခြားသောဂန်ဆောင်မှုများကို လုပ်ကိုင်ရန်ခွင့်ပြုထားသည်။

၁.၁၀ ဖော်ပြပါအပိုဒ်ခွဲ ၁.၈ နှင့် ၁.၉ တို့တွင်မပါဝင်သော ခြွင်းချက်များ

(က) နိုင်ငံတစ်နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံတစ်နိုင်ငံအတွင်း ကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် အဖွဲ့အစည်းများအတွက် အောက်ပါအချက်များအရ ခြွင်းချက်အဖြစ်သတ်မှတ်နိုင်သည်။

(၁) တရားဝင်သတ်မှတ်ထားသော ဥပဒေများ၊ စည်းကမ်းများအရ ငွေချေးယူသူမိခင်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ကန့်သတ်တားမြစ်ထားသောကုန်သွယ်မှုများ၊ ပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အကြံပေးဝန်ဆောင်မှုမဟုတ်သည့် အခြားသော ဝန်ဆောင်မှုများကိုထောက်ပံ့ရာတွင် တရားမျှတသော ယှဉ်ပြိုင်မှုကိုမပျက်စေဟု ဘဏ်ဘက်မှ ယူဆထားပါကလည်း အဆိုပါအဖွဲ့အား တင်ဒါတွင်မပါဝင်ရန် တားမြစ်ခွင့်ပြုသည်။

(၂) ချေးငွေယူသူနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာစာတမ်း၊ အပိုင်း (၇) ဆုံးဖြတ်ချက်အရ စည်းမျဉ်းအတိုင်းလိုက်နာရန် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးသည် ငွေချေးယူသူ၏မိခင်နိုင်ငံသို့ပစ္စည်းများတင်သွင်းခြင်း၊ ငွေချေမှု ဆောင်ရွက်ခြင်းများအား တားမြစ်ခြင်းများပါဝင်သည်။ ပစ္စည်းများအတွက် ငွေပေးချေမှုနှင့်ပတ်သက်ပြီး ငွေချေးယူသူ၏ မိခင်နိုင်ငံက ချမှတ်ထားသော ဥပဒေတစ်ရပ် ရှိပြီး အဆိုပါဥပဒေအရကန့်သတ်မှုများရှိနေပါက ထိုအဖွဲ့သည် တင်ဒါတွင်ပါဝင်ခွင့် မရှိပါ။

(ခ) ငွေချေးယူသူ၏မိခင်နိုင်ငံအတွင်းရှိ အစိုးရပိုင်လုပ်ငန်းများ၊ အဖွဲ့အစည်းများအနေဖြင့် ငွေချေးယူသူ၏ မိခင်နိုင်ငံအတွင်းတွင်အောက်ပါအချက်များနှင့် ကိုက်ညီမှသာလျှင်ပါဝင်ခွင့်ရှိသည်။

(၁) ဥပဒေအရနှင့် ငွေကြေးစီမံခန့်ခွဲမှုအရ လွတ်လပ်စွာရပ်တည်နေခြင်း

(၂) ထုတ်ပြန်ထားသော ကုန်သွယ်ရေးဥပဒေများနှင့်အညီ လည်ပတ်နေခြင်း

(၃) ငွေချေးယူသူများ သို့မဟုတ် တစ်ဆင့်ခံငွေချေးသူများနှင့် မှီခိုပတ်သက်နေမှု မရှိခြင်း[13]

(ဂ) လမ်းညွှန်တွင်ဖော်ပြထားသည့် အပိုဒ် ၁.၁၆ (ဃ) အရ ဘဏ်မှတားမြစ်ထားခြင်း၊ သို့မဟုတ် ကမ္ဘာ့ဘဏ် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမူဝါဒများနှင့် စီးပွားရေးပိတ်ဆို့သည့်

---

13 ယှဉ်ပြိုင်မှုမရှိဘဲ အစိုးရပိုင်လုပ်ငန်းတစ်ခုခုမှတိုက်ရိုက်ဝယ်ခိုင်းခြင်းမှလွဲ၍ အပိုဒ် ၃.၉ အရခွင့်ပြုခြင်း။ အရွေးချယ်ခံရရန်အတွက် အစိုးရပိုင်လုပ်ငန်းများ၊ အဖွဲ့အစည်းများသည် ဘဏ်များ၏ကြေငြာချက်များ၊ စည်းကမ်းများအပြင် ဘဏ်မှ တောင်းဆိုသော အချက်အလက်များကိုပေးနိုင်စွမ်းရှိပြီး ဘဏ်များမှသတ်မှတ်ထားသည်များနှင့် ကိုက်ညီရမည်။ ဘဏ်မှ အောက်ပါသတင်းအချက်အလက်များအား တောင်းဆိုနိုင်သည်။

(၁) အစိုးရနှင့်မသက်ဆိုင်ဘဲ သီးခြားရပ်တည်နေသော တရားဝင်အဖွဲ့အစည်းဖြစ်ခြင်း

(၂) လက်ရှိအချိန်တွင် အစိုးရဘတ်ဂျက် ထောက်ပံ့မှုများဖြင့်ရပ်တည်နေမှု မဖြစ်ရခြင်း

(၃) အစိုးရ၏အခွင့်ထူးခံဖြစ်မနေဘဲ အခြားသော စီးပွားရေးလုပ်ငန်းများကဲ့သို့ တန်းတူလည်ပတ်နေခြင်း၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များရှိခြင်း၊ ငွေများချေးခြင်း၊ ပြန်ဆပ်ရန်တာဝန်ရှိပြီး ပြန်မဆပ်နိုင်ပါက ဒေဝါလီခံခြင်းကဲ့သို့ တာဝန်ယူမှုများရှိနေခြင်း

(၄) တင်ဒါတစ်ခုအောင်ရန်အတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်ပြီး သက်ဆိုင်ရာလုပ်ငန်း၊ ဌာနအပေါ်သို့ တစ်စုံတစ်ခုသောဩဇာအာဏာလွှမ်းမိုးမှုရှိမနေခြင်း

လုပ်ထုံးလုပ်နည်းများ [14] နှင့် ငြိစွန်းနေသည့် အဖွဲ့အစည်းများသည် ဘဏ်၏ထောက်ပံ့ငွေဖြင့်လုပ်ကိုင်နေသည့် လုပ်ငန်းများ၊ သို့မဟုတ် ငွေကြေးဖြင့်ဖြစ်စေ၊ ငွေကြေး မဟုတ် သည့်အခြားနည်းဖြင့်ဖြစ်စေ ဘဏ်မှထောက်ပံ့ထားသော လုပ်ငန်းများမှ ရလာသည့်အကျိုးကျေးဇူးများခံစားနေခြင်းတို့ကို ဘဏ်မှသတ်မှတ်ထားသည့် အချိန်အတိုင်းအတာတစ်ခု အတွင်း တားမြစ်ကန့်သတ်သည်။

**ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီ ကြိုတင်ဂယ်ယူခြင်းနှင့် လက်မှတ်ထိုးပြီးနောက် ဂယ်ယူထားခြင်းများအတွက် ငွေကြေးပြန်ထုတ်ပေးခြင်း (Advance Contracting and Retroactive Financing)**

၁.၁၁ ငွေချေးယူသူများအနေဖြင့် ဘဏ်ငွေချေးမှုနှင့်ပတ်သက်သည့် လက်မှတ်ရေးထိုးခြင်းမပြုမီ ဂယ်ယူရေး လုပ်ငန်းစဉ်များ၏ ကနဦးအဆင့်အချို့ကိုကြိုတင်ဆောင်ရွက်ထားနိုင်သည်။ ကြော်ငြာသည့်လုပ်ငန်းအပါအဝင် ဂယ်ယူရေးအဆင့်များသည် ကမ္ဘာ့ဘဏ်ဂယ်ယူရေးလမ်းညွှန်တွင်ပြဌာန်းထားသည်များနှင့်ကိုက်ညီမှုရှိရမည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းများကိုလည်း ဘဏ်မှငွေချေးသူများကို စိစစ်သုံးသပ်မှုများပြုလုပ်မည်ဖြစ်သည်။ ငွေချေးယူသူများအနေဖြင့် ထိုသို့ ကမ္ဘာ့ဘဏ်နှင့်ချေးငွေသဘောတူညီချက်လက်မှတ်မထိုးမီကြိုတင် ဂယ်ယူမှုများပြုလုပ်ခြင်းသည် စွန့်စားရမှုများရှိနိုင်သည်။ **ကမ္ဘာ့ဘဏ်နှင့် သဘောတူညီထားသော စည်းမျဉ်းများ၊ စာရွက်စာတမ်းများနှင့် ဂယ်ယူရေးစာချုပ်အပ်နှင်းခြင်းလုပ်ငန်းစဉ်များနှင့် လုပ်ကိုင်သော်လည်း အဆိုပါဂယ်ယူမှုကြောင့် ကမ္ဘာ့ဘဏ်မှစီမံကိန်းအတွက် ချေးငွေမဖြစ်မနေပေးမည်ဟူသော ကတိကဝတ် မပြုလုပ်ပါ။** ချေးငွေအတွက်သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးပါက ငွေချေးယူသူအနေဖြင့် စာချုပ်မချုပ်ဆိုမီကြိုတင်ဂယ်ယူခြင်းကြောင့်ကုန်ကျထားသည်များအတွက် စာချုပ်လက်မှတ်ထိုးပြီးနောက် ဂယ်ယူထားခြင်းများအတွက် ငွေကြေးပြန်ထုတ်ပေးခြင်းအဖြစ် ရည်ညွှန်းခံရမည်ဖြစ်ကာ ချေးငွေသဘောတူညီချက်ပါ ကန့်သတ်ချက်များအတိုင်းဆောင်ရွက်ရမည်ဖြစ်သည်။

**လုပ်ငန်းပူးတွဲလုပ်ကိုင်ခြင်း (Joint Ventures)**

၁.၁၂ မည်သည့်အဖွဲ့အစည်းမဆို သီးခြားတင်ဒါတင်၍သော်လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေအဖွဲ့အစည်းများနှင့်ပူးပေါင်းခြင်းသော်လည်းကောင်း ဆောင်ရွက်နိုင်သည်။ အဆိုပါအဖွဲ့အစည်းများသည် ရေရှည်သော်လည်းကောင်း၊ တင်ဒါတစ်ခုအတွက်သီးသန့်သော်လည်းကောင်း ပူးပေါင်းအဖွဲ့ အနေဖြင့် ဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့်အခါ ကိုယ်စားပြုရန်အတွက် အဖွဲ့တစ်ဖွဲ့က တာဝန်ယူရသည်။ ပါဝင်သူများက သဘောတူလက်မှတ်ရေးထိုးထားရန်လိုအပ်ပြီး စာချုပ်တစ်ခုလုံးအတွက် ပူးတွဲတာဝန်ယူရမည်ဖြစ်သည်။ ဘဏ်အနေဖြင့် တင်ဒါတင်သွင်းမှု သို့မဟုတ် ကန်ထရိုက်ချုပ်ဆိုမှုသည် လုပ်ငန်းပူးတွဲလုပ်ကိုင်ခြင်းများ သို့မဟုတ် လုပ်ငန်းများအကြား မဖြစ်မနေ ပူးပေါင်းလုပ်ကိုင်ရသည့်အနေအထားတစ်ရပ်ရပ်မျိုး လိုအပ်နေခြင်းကို လက်မခံပါ

---

14 စာပိုဒ်၏ရည်ရွယ်ချက်သည် ကမ္ဘာ့ဘဏ်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့၏မူဂါဒများသည် IBRD နှင့် IDA တို့၏ ချေးငွေ၊ ထောက်ပံ့မှုများဖြင့်လည်ပတ်နေသည့် စီမံကိန်းများတွင် အကျင့်ပျက်ခြစားမှုများဖြစ်ပေါ်မှုကို တားဆီးခြင်းနှင့်တိုက်ဖျက်ခြင်းလုပ်ငန်းများကို IFC, MIGA နှင့်ကမ္ဘာ့ဘဏ်တို့မှသတ်မှတ်ထားသော နည်းလမ်းများအတိုင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဘဏ်မှ စီးပွားရေးပိတ်ဆို့ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် အချက်အလက်များကို ကမ္ဘာ့ဘဏ်၏ website တွင်ဖော်ပြထားသည်။

## ဘဏ်၏စစ်ဆေးသုံးသပ်မှုများ (Bank Review)

၁.၁၃ ဘဏ်သည်ငွေချေးယူသူများ၏ ဂယ်ယူရေးလုပ်ငန်းစဉ်များအဆင့်ဆင့်၊ တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များ၊ တင်ဒါစိစစ်ရွေးချယ်အကဲဖြတ်မှုများ၊ လုပ်ကိုင်မှုဆိုင်ရာထောက်ခံချက်များ၊ သဘောတူထားသောလုပ်ငန်းများအတွက် စာချုပ်များအား သဘောတူညီထားသော ဂယ်ယူရေး လုပ်ငန်းစဉ်နှင့်အညီ လုပ်ကိုင်ခြင်းများဖြစ်စေရန် စစ်ဆေးသုံးသပ်မှုများဆောင်ရွက်လေ့ရှိသည်။ အဆိုပါ စစ်ဆေးမှုအဆင့်များကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။ ဘဏ်မှ ခွင့်ပြုထားသော ဂယ်ယူရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ်[15] တွင် မည်သည့်အတိုင်းအတာအထိ စိစစ်သုံးသပ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်မည်ကို ဖော်ပြထားသည်။ ထိုအစီအစဉ်များသည် ဘဏ်၏ချေးငွေ၊ ထောက်ပံ့မှုများဖြင့်ပစ္စည်းဂယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အကြံပေးဂန်ဆောင်ခြင်း မဟုတ်သည့် အခြားသောဂန်ဆောင်မှုအမျိုးမျိုးတို့အတွက် အကျုံးဂင်သည်။ ဘဏ်ချေးငွေ အပြည့်အဂဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ချေးယူသူအားလုံးနှင့် သက်ဆိုင်သည်။

## ဂယ်ယူရေးစည်းကမ်းများကိုမလိုက်နာဘဲဂယ်ယူခြင်း (Misprocurement)

၁.၁၄ ဂယ်ယူရေးစာချုပ်များအနေဖြင့် အောက်ဖော်ပြပါအချက်များအနက်မှ တစ်ခုခုနှင့်ငြိစွန်းသည်ဟု ယူဆပါက ပစ္စည်းဂယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အကြံပေးဂန်ဆောင်မှုမဟုတ်သည့် အခြားသောဂန်ဆောင်မှုအမျိုးမျိုးအတွက်ကုန်ကျမှုများကို ဘဏ်အနေဖြင့် ငွေပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

(က) ငွေချေးသဘောတူစာချုပ်နှင့် ဘဏ်မှ ကန့်ကွက်ရန်မရှိ ပြောကြားထားသည့် ဂယ်ယူရေးအတွက် ကြိုတင်ရေးဆွဲထားသောအစီအစဉ်များဖြင့် ဂယ်ယူထားသည့်တိုင် စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဂယ်ယူထားခြင်း၊ စာချုပ်အပ်နှံထားခြင်းမရှိဟု ယူဆပါက ကုန်ကျမှုများအတွက် ခံစားခွင့်မရှိ။

(ခ) နှောင့်နှေးနေသောစီမံမှုများကြောင့် တင်ဒါအားစာချုပ်မချုပ်ဆိုနိုင်ခြင်း သို့မဟုတ် ကြန့်ကြာအောင်လုပ်၍ တင်ဒါအောင်သူအား သတ်မှတ်ပေးလိုက်ရမှု သို့မဟုတ် ငွေချေးငှားသူ၏ အခြား အပြုအမူတစ်ရပ်ရပ်ကြောင့် အကျိုးအကြောင်းဆီလျော်မှုမရှိသော နှောင့်နှေးမှုများ ပေါ်ပေါက်လာခြင်း၊ တင်ဒါအောင်သူမှ ဆက်လက်မလုပ်ပေးနိုင်တော့ခြင်း သို့မဟုတ် တင်ဒါကို မှားယွင်းစွာပယ်ချမိခြင်းစသည့် ကိစ္စရပ်များအတွက်လည်း ကုန်ကျထားမှုများရှိပါက ငွေကြေးပြန်ထုတ်ပေးမည်မဟုတ်ပါ။

(ဂ) ငွေချေးသူ၏ကိုယ်စားလှယ်သော်လည်းကောင်း၊ ချေးငွေပေးသည့်အဆင့်များအလိုက် လက်ခံ သူများသည် အပိုဒ်ခွဲ ၁.၁၆ (ဂ) တွင်ဖော်ပြခဲ့သောအကျင့်ပျက်ခြစားမှုတစ်ခုခုနှင့် ငြိစွန်းနေပါကလည်း ကုန်ကျ မှုများအတွက် ငွေကြေးများပြန်ရမည်မဟုတ်ပါ။ ထိုသို့သောအခြေအနေမျိုးတွင် ဂယ်ယူရေးလုပ်ငန်းစဉ် အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဖြစ်စေ၊ ဂယ်ယူပြီးမှစစ်ဆေး သုံးသပ်ခြင်းဖြစ်စေ ကမ္ဘာ့ဘဏ်မှ ဂယ်ယူရေးစည်းကမ်းများကိုမလိုက်နာဘဲဂယ်ယူခြင်းဖြစ်ကြောင်း ကြေညာသတ်မှတ်နိုင်သည်။ ကမ္ဘာ့ဘဏ်၏မူဂါဒအရ ဂယ်ယူရေးစည်းကမ်းများကိုမလိုက်နာဘဲ

15 အပိုဒ်ခွဲ ၁.၁၈ တွင်လေ့လာပါ။

ဂယ်ယူထားသည့် သို့မဟုတ် ဂယ်ယူသည့်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အကြံပေးဂန်ဆောင်ခြင်း မဟုတ်သည့်အခြားသော ဂန်ဆောင်မှုများနှင့်ပတ်သက်သောချေးငွေများ၏ အစိတ်အပိုင်းအားလုံး၊ ကုန်ကျငွေများအားလုံးကို ဖြည့်ဆည်းပေးမည်မဟုတ်ပါ။ ထိုမျှသာမက ငွေချေးသဘောတူစာချုပ်အရ ဘဏ်သည် အခြား အမှားပြင်ဆင်ကုစားချက်များ လုပ်နိုင်သည်။ အကယ်၍ ကန်ထရိုက်စာချုပ်အား ဘဏ်မှ ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိဘဲ ပေးအပ်ခဲ့သည့်တိုင်အောင် နောက်ပိုင်းတွင် ဘဏ်ချေးငွေများ ရပ်တန့်ပြီးသည်ဖြစ်စေ၊ မရပ်တန့်ရသေးသည်ဖြစ်စေ ဘဏ်မူဂါဒများအရ ဂယ်ယူရေးစည်းကမ်းများကို မလိုက်နာဘဲဂယ်ယူခြင်းအဖြစ်ကြေညာနိုင်ပြီး အခြားကုစားချက်များအား ဘဏ်၏ မူဂါဒနှင့်လုပ်ထုံး လုပ်နည်းများအတိုင်း လုပ်နိုင်သည်။ ထိုအခြေအနေမျိုးမှာ ကန်ထရိုက်စာချုပ်အပေါ် ဘဏ်မှ ကန့်ကွက်မှုမရှိ ကြေညာသောအခါငွေချေးယူသူတင်ပြသည့်မပြည့်စုံသော၊ မတိကျသော သို့မဟုတ် လွဲမှားသော သတင်းအချက်အလက်များအား အခြေခံထား၍ဖြစ်ခြင်း သို့မဟုတ်ကန်ထရိုက်စာချုပ်ပါအချက်အလက်များအား ဘဏ်မှကန့်ကွက်မှုမရှိသည့်အနေအထားမျိုးမဟုတ်ဘဲ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ခဲ့ခြင်း စသည်တို့ကို တွေ့ရှိရသည့် အခါမျိုးဖြစ်သည်။

### ဘဏ်သို့ရည်ညွှန်းခြင်း (Reference to Bank)

၁.၁၅ ငွေချေးသူသည် အောက်ဖော်ပြပါစာသားများ [16] ဖြင့် ကမ္ဘာ့ဘဏ်အား ဂယ်ယူရေးဆိုင်ရာ စာရွက်စာတမ်းများတွင် ရည်ညွှန်းဖော်ပြနိုင်သည်။

[ငွေချေးသူအမည်] သည် [အပြည်ပြည်ဆိုင်ရာပြည်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်] မှ (နောင်တွင် "ဘဏ်" ဟုအစားထိုးသုံးစွဲမည်) [စီမံကိန်းအမည်] ၏ ကုန်ကျစရိတ်များအတွက် အမေရိကန်ဒေါ်လာ _____ နှင့်ညီမျှသော [ချေးငွေ]အား [ရရှိပြီး သို့မဟုတ် လျှောက်ထားဆဲ] ဖြစ်ကာ ချေးငွေ၏တစ်စိတ်တစ်ဒေသမှ ရရှိလာသောငွေပမာဏများကို သဘောတူစာချုပ်တွင် သတ်မှတ် ထားသည့်အတိုင်း ငွေပေးချေမှုများဆောင်ရွက် မည်ဖြစ်ပါသည်။ ဘဏ်မှငွေပေးချေမှုများသည် [ငွေချေးသူ သို့မဟုတ် တာဂန်ရှိသူအမည်] မှတဆင့်တောင်းခံလာသည့်အချိန်များတွင်သာ ဘဏ်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ငွေချေးသဘောတူညီမှုစာချုပ်အရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ အတိုင်းသာ ဖြစ်ရမည်။ ငွေချေးရန်အတွက် ဖွင့်လှစ်ထားသည့်ဘဏ်စာရင်းမှ ပုဂ္ဂိုလ်ရေးအတွက် သော်လည်းကောင်း၊ အခြားသောကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း၊ ပစ္စည်းများတင်သွင်းခြင်း၊ ဂယ်ယူ ခြင်းများအတွက် ငွေပေးချေမှုများသည် ကုလသမဂ္ဂကြေညာစာတမ်း၏ အခန်း (၇) [17] အရ ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက်ဖြင့် တားဆီးကန့်သတ်ထားမှုများအရ အကျုံးဂင်သူများအား

---

[16] IDA ၏ထောက်ပံ့မှုများ၊ ရံပုံငွေအဖွဲ့အစည်းတစ်ခုခုမှ ထောက်ပံ့ငွေများနှင့်ပတ်သက်သည့်ကိစ္စများကိုလည်း သင့်တော်သလို ပြင်ဆင် နိုင်သည်။

[17] IBRD ၏အထွေထွေအခြေအနေများအနေဖြင့် ငွေချေးမှုဆိုင်ရာသဘောတူညီမှုများနှင့် အာမခံသဘောတူညီမှုများ၏ အခန်း (၅)၊ အပိုဒ် (၅.၁၁) နှင့် IDA ၏အထွေထွေအခြေအနေများအနေဖြင့် ဖွံ့ဖြိုးမှုချေးငွေများဆိုင်ရာသဘောတူညီချက်များ၏ အခန်း (၅)၊ အပိုဒ် (၅.၁၁) တို့တွင်ဖော်ပြထားသည်။

ချေးငွေသဘောတူညီချက် အရ ငွေထုတ်ခြင်းအား တားမြစ်ပိုင်ခွင့်ရှိသည်။ [ငွေချေးသူ၏အမည်] မှလွဲ၍ အခြားသောမည်သူမဆိုသည် ငွေချေးသဘောတူစာချုပ်အရ သို့မဟုတ် ချေးငွေအားဆက်လက် အကောင်အထည်ဖော်တောင်းဆိုခွင့်အရ ချေးငွေကိုတောင်းခံပိုင်ခွင့်မရှိ။[18]

## လိမ်လည်လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားခြင်း (Fraud and Corruption)

၁.၁၆ ဘဏ်၏မူဝါဒများအရ ဘဏ်ချေးငွေမှအကျိုးအမြတ်များခံစားနေသူများအပါအဝင် ငွေချေးသူများ၊ တင်ဒါဝင်ပြိုင်သူများ၊ ထောက်ပံ့သူများ၊ ကန်ထရိုက်တာများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များ (တရားဝင်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) တစ်ဆင့်ခံဆောင်ရွက်သည့် ကန်ထရိုက်တာများ၊ တစ်ဆင့်ခံ ဆောင်ရွက်ပေးနေသည့်အကြံပေးများ၊ ဝန်ဆောင်မှုပေးသူများနှင့် ပစ္စည်းပေးသွင်းသူများ၊ အခြားသောမည်သည့်ဝန်ထမ်းမျိုးမဆို ဘဏ်၏ထောက်ပံ့ချေးငွေများဖြင့် ဆောင်ရွက်နေသည့် သဘောတူညီမှုလုပ်ငန်းများ၏ ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်စဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်တွင် ကိုယ်ကျင့်သိက္ခာကောင်းမွန်အဆင့်အတန်းမြင့်ရန်လိုအပ်သည်။[19]

ဘဏ်သည်၎င်း၏မူဝါဒများအကောင်အထည်ဖော်ရာတွင်

(က) ဤပြဋ္ဌာန်းချက်များအတွက် အသုံးအနှုန်းများကို အောက်ဖော်ပြပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်သည်။

(၁) "လာဘ်ပေးလာဘ်ယူအကျင့်ပျက်အပြုအမူ" ဆိုသည်မှာ တစ်ဦးတစ်ယောက်ထံသို့ အခြားတစ်ဦးတစ်ယောက်အား လွှမ်းမိုးချုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် အားသာမှု၊ အထက်စီးရရန်၊ ဦးစားပေးခံရရန်ရည်ရွယ်ပြီး တစ်စုံတစ်ခုကို ပေးမည်ဟု ကမ်းလှမ်းခြင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ တောင်းဆိုခြင်း စသည့်အပြုအမူများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုမူခြင်းဖြစ်သည်။[20]

(၂) "လိမ်လည်လှည့်ဖြားအပြုအမူများ" ဆိုသည်မှာ တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့တစ်ရပ်သည် ငွေကြေးအတွက်ဖြစ်စေ၊ တစ်ခုခုသောအကျိုးအမြတ်အတွက် ဖြစ်စေ၊ တာဝန်ခံထိုက်မှုတစ်ခုခုကိုရှောင်လွှဲရန်ဖြစ်စေ လုပ်ဆောင်လိုက်မှုတစ်ရပ်ရပ် သို့မဟုတ် ထိမ်ချန်ထားမှုတစ်ရပ်ရပ်ဖြစ်ကာ မှားယွင်းအသိပေးတင်ပြခြင်း၊ သိလျက်နဲ့ဖြစ်စေ၊

---

18 "ချေးငွေ" ၊ "အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအဖွဲ့" နှင့် "ချေးငွေသဘောတူညီမှု" စသည့်စကားရပ်များ သင့်တော်သလို အစားထိုး အသုံးပြုခြင်း။

19 ဝယ်ယူရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ပါလုပ်ငန်းများအကောင်အထည်ဖော်သည့်အခါတွင် လွှမ်းမိုးရန်လုပ်ဆောင်ချက်များဖြင့် မသမာသောမည်သည့်လုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းမျိုးမဆို ပါဝင်သည်။

20 ယခုစာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာ ဝယ်ယူရေးလုပ်ငန်းစဉ်၊ သဘောတူစာချုပ်ပါလုပ်ငန်းများအကောင် အထည်ဖော်ခြင်းနှင့်ပတ်သက်နေသည့်အရာရှိဝန်ထမ်းများကိုဆိုလိုသည်။ အရာရှိဝန်ထမ်းများဆိုသည်မှာ ကမ္ဘာ့ဘဏ်ဝန်ထမ်းများ အပါ အဝင် ဝယ်ယူရေးအတွက်ဆုံးဖြတ်ချက်ချနိုင်သည့် အခြားမည်သည့်အဖွဲ့အစည်းမှ မည်သည့်ဝန်ထမ်းမဆိုပါဝင်သည်။

အလေးမထား၍ဖြစ်စေ လွဲမှားမှုများဖြစ်ပေါ်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေရန် ကြိုးပမ်းခြင်းများ ဖြစ်သည်။[21]

(၃) “လျှို့ဝှက်ပူးပေါင်းမသမာမှုပြုခြင်း”ဆိုသည်မှာနှစ်ဦးသို့မဟုတ်၄င်းထက်ပိုသည့် အရေအတွက် အနေဖြင့် အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့်လွှမ်းမိုးမှုများ လုပ်နိုင်ရန် အပါအဝင် ထိုကဲ့သို့ပူးပေါင်းမှုများဖြင့် မသမာသော ရည်ရွယ်ချက်အောင်မြင်ရန် ကြိုးပမ်းသဘောတူညီချက် ရယူခြင်းမျိုးဖြစ်သည်။[22]

(၄) “ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူ” ဆိုသည်မှာ တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုသည်အခြားသူ၏လုပ်ဆောင်မှုများအပေါ် မလျော်ကန်သည့်လွှမ်းမိုးမှုများ လုပ်နိုင်ရန် တစ်စုံတစ်ဦးအပေါ်တွင် ထိခိုက်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်စေရန်၊ အန္တရာယ်ဖြစ်စေရန် ခြိမ်းခြောက်ခြင်း၊ အနှောင့်အယှက်ပြုခြင်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မမှန်ကန်သောအပြုအမူများ ပြုလုပ်ခြင်းကို ဆိုလိုသည်။[23]

(၅) “နှောင့်ယှက်ဖျက်ဆီးသည့်အပြုအမူ” ဆိုသည်မှာ

(ကက) အထက်ဖော်ပြခဲ့သောအပြုအမူများဖြစ်ကြသည့် လာဘ်ပေးလာဘ်ယူ အကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျှို့ဝှက်ပူးပေါင်းမသမာမှု သို့မဟုတ် ဖိအားပေးအကျပ်ကိုင်မှုများစသည့် စွပ်စွဲချက်များအား ဘဏ်မှစုံစမ်းဖော်ထုတ်ရာတွင် နှောင့်နှေးကြန့်ကြာစေရန်အလို့ငှာ စုံစမ်းစစ်ဆေးသူများထံသို့ မှားယွင်းသော အချက်အလက်များထွက်ဆိုခြင်း သို့မဟုတ် သက်သေဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းများအား ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ အတုလုပ်ခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ကွယ်ဝှက်ခြင်းနှင့် ထို့အပြင်စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သော ဖွင့်ဟပြောဆိုမှုများမပြုလုပ်နိုင်ရန် သို့မဟုတ် ဆက်လက် ဖွင့်ဟမပြောဆိုနိုင်ရန် တစ်စုံတစ်ဦးအား ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အန္တရာယ်ဖြစ်စေခြင်း စသည့်အပြုအမူများလည်း ပါဝင်သည်။

---

21 ယခုစာပိုဒ်တွင်ဖော်ပြထားသည့် တစ်ဦးတစ်ယောက်ဆိုသည်မှာအဖွဲ့အစည်းတစ်ခုခုမှဝန်ထမ်းများကိုဆိုလိုသည်။ “အကျိုးအမြတ်”၊ “လုပ်ရန်တာဝန်ရှိ” ဆိုသည်မှာလည်း ဝယ်ယူရေးလုပ်ငန်းစဉ်၊ သဘောတူစာချုပ်ပါလုပ်ငန်းများအကောင် အထည်ဖော်ခြင်းနှင့်ပတ်သက်သည်။ “တမင်ရည်ရွယ်ချက်တစ်ခုဖြင့်ဆောင်ရွက်ခြင်း”၊ “လွတ်ပြီးကျော်သွားအောင်ပြုမှုခြင်း” တို့သည် ဝယ်ယူရေးနှင့်အကောင်အထည်ဖော်ရေးတို့အတွက် လွှမ်းမိုးပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခြင်းများဖြစ်သည်။

22 ယခုစာပိုဒ်တွင်ဖော်ပြထားသည့် “အဖွဲ့များ”ဆိုသည်မှာ ဝယ်ယူရေးလုပ်ငန်းအဆင့်ဆင့်တွင်ပါဝင်နေသည့် ဝန်ထမ်းများသည် ၄င်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဝယ်ယူရေးနှင့်ရွေးချယ်ရေးအဆင့်များတွင်မပါဝင်သည့် အခြားသောသူများ၊ အဖွဲ့များနှင့်သော်လည်းကောင်း၊ တင်ဒါပြိုင်ဆိုင်ရာတွင် အမှန်တကယ်ဝင်ရောက်ပြိုင်ဆိုင်သကဲ့သို့အတုအယောင်ပြုပြိုင်ဆိုင်ခြင်းများ၊ မဟုတ်မှန်သော၊ ဈေးဖျက်သည့်သဘောမျိုး၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရိုင်းပင်းသည့်သဘောမျိုးဖြင့် တင်ဒါတွင်မသမာပြုသည့် အပြုအမူများကို ဆိုလိုသည်။

23 ယခုစာပိုဒ်တွင်ဖော်ပြထားသည့် တစ်စုံတစ်ဦးဆိုသည်မှာ ဝယ်ယူရေးနှင့်အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သောမည်သူကိုမဆို ဆိုလိုခြင်းဖြစ်သည်။

(ခခ) အောက်တွင်ဖော်ပြထားသည့် အပိုဒ် ၁.၁၆ (င) အရဘဏ်၏စစ်ဆေးခြင်းများ၊ စာရင်းစစ်ခြင်းများကို အနှောင့်အယှက်ပြုခြင်း၊ ထိုသို့ပြုရန်အားထုတ်ခြင်းများလည်း ပါဝင်သည်။

(ခ) အကယ်၍ တင်ဒါရရှိရန်အဆိုပြုခံရသူ သို့မဟုတ် ၄င်း၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်များ သို့မဟုတ် ထပ်ဆင့်အကြံပေးသူများ၊ တစ်ဆင့်ခံ ဆောင်ရွက်သည့်ကန်ထရိုက်တာများ၊ ဝန်ဆောင်မှု ထောက်ပံ့ပေးသူများ၊ ဖြည့်တင်းပံ့ပိုးသူများသို့မဟုတ် ၄င်းတို့၏ဝန်ထမ်းများ စသည်တို့သည် ရည်ညွှန်းပါတင်ဒါယှဉ်ပြိုင်မှုများပြုရာတွင် အကျင့်ပျက်အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျို့ဝှက်မသမာမှုပြုခြင်း၊ ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူစသည်များအနက်မှ တစ်ခုခုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းကျူးလွန်ပတ်သက်သည်ဟု ဆုံးဖြတ်ခံရပါက ဘဏ်အနေဖြင့် အဆိုပါ တင်ဒါပေးအပ်ရန်အဆိုပြုလွှာအား ငြင်းပယ်နိုင်သည်။

(ဂ) ငွေချေးယူသူအားကိုယ်စားပြုသူများ၊ သို့မဟုတ် ချေးငွေနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ လက်ခံရရှိသူ မည်သူမဆိုသည်ပစ္စည်းဝယ်ယူနေစဉ် သို့မဟုတ် ကန်ထရိုက်အားအကောင်အထည်ဖော် လုပ်ကိုင်နေစဉ်အတွင်း အကျင့်ပျက်အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျို့ဝှက်မသမာသည့် အပြုအမူ၊ ဖိအားပေးအကျပ်ကိုင်သည့်အပြုအမူများတွင် ပါဝင်ပတ်သက်နေပြီး ထိုကိစ္စရပ်များအား ငွေချေးယူသူအနေဖြင့် အချိန်မီမဖြေရှင်းနိုင်ခြင်း၊ ဘဏ်မှကျေနပ်လောက်ဖွယ်ရာ သင့်တော်သည့် အရေးယူမှုတစ်စုံတစ်ရာ မလုပ်ဆောင်နိုင်ခြင်းများအပြင် အဆိုပါကိစ္စရပ်များအားသိရှိပြီး အချိန်မီ ဘဏ်အား အကြောင်းကြားရန် ပျက်ကွက်ခြင်း စသည်တို့အားသိရှိသည့် မည်သည့်အခါမဆို ဘဏ်အနေဖြင့် ဝယ်ယူရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူခြင်းအဖြစ် ကြေညာခြင်း၊ ကန်ထရိုက်၏ချေးငွေ တစ်စိတ်တစ်ပိုင်းအားပေးရန် ရပ်ဆိုင်းခြင်းများ ပြုလုပ်နိုင်သည်။

(ဃ) အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ တစ်ဦးတစ်ယောက်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကမ္ဘာ့ဘဏ်၏ စီပွားရေးပိတ်ဆို့မှုလုပ်ငန်းစဉ်များ (sanction) [24] နှင့်ငြိစွန်းသည်ဟု ယူဆပါက အဆိုပါအဖွဲ့အစည်း ကိုဖြစ်စေ၊ လူပုဂ္ဂိုလ်ကိုဖြစ်စေ အရည်အချင်းပြည့်မီခြင်းမရှိဟု လူသိရှင်ကြား ထုတ်ဖော်ကြေညာခြင်းအပါအဝင် အချိန်အကန့်အသတ်ဖြင့်ဖြစ်စေ၊ အချိန်အကန့်အသတ်မရှိဖြစ်စေ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ရွေးချယ်ခြင်းမပြုရန်ကန့်သတ်နိုင်သည်။

---

24 အဖွဲ့တစ်ခုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဘဏ်၏ငွေထောက်ပံ့မှုဖြင့်လုပ်နေသော သဘောတူလုပ်ငန်းများအတွက် အရည်အချင်း မပြည့်စုံဟု အောက်ပါအချက်များအရသတ်မှတ်နိုင်သည်။

(၁) အပြည်ပြည်ဆိုင်ရာငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဘဏ်များ (Multilateral Development Banks)၊ ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးနှင့်ပတ်သက်သောအကျင့်ပျက်ခြစားမှုများမဖြစ်စေရန် စီမံစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများအပါအဝင် ၄င်းအဖွဲ့အစည်းများနှင့်အမည်ပျက်စာရင်းများကို အခြားအပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ထောက်ပံ့အဖွဲ့အစည်းများနှင့် အချက်အလက်များ အပြန်အလှန်လဲလှယ်စစ်ဆေးခြင်းများဖြင့် ဘဏ်၏ စီမံခန့်ခွဲမှု ဝယ်ယူရေး ပိတ်ဆို့မှုများဖြင့် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုများအတွက် အပြစ်ပေး ကန့်သတ်ခြင်းများ (Sanctions) ဖြင့် ငြိစွန်း နေခြင်း။

(၂) လုပ်ငန်းလုပ်နေစဉ်ယာယီအားဖြင့်ဆိုင်းငံ့ထားခြင်း၊ လုပ်ငန်းမလုပ်မီဆိုင်းငံ့ထားခြင်းများဖြင့် အပြစ်ပေးကန့်သတ်ခြင်းလုပ်ငန်း များအဆင့်ဆင့်ကိုဆောင်ရွက်နိုင်သည်။ ထိုအတွက် လမ်းညွှန်၏နောက်ဆက်တွဲ (၁)၊ အပိုဒ် (၈)၏ စာမျက်နှာအောက်ခြေ တွင်ရှိသောမှတ်ချက် (၁၄) တွင်တွေ့နိုင်သည်။

(၁) ဘဏ်ထောက်ပံ့ငွေဖြင့်ချုပ်ဆိုမည့်ဝယ်ယူရေးစာချုပ်များ

(၂) ဘဏ်ထောက်ပံ့ငွေဖြင့် လုပ်မည့်ကန်ထရိုက်လုပ်ငန်းများအတွက် အရည်အချင်းပြည့်မီသော အဖွဲ့အစည်း[25] တစ်ခု၏ အဆိုပြုခြင်းခံရသော တစ်ဆင့်ခံကန်ထရိုက်တာများ၊ အတိုင်ပင်ခံအကြံပေးများ၊ ဖြည့်တင်းပံ့ပိုးသူများထောက်ပံ့ပေးသည့်လုပ်ငန်းများအနေဖြင့် ဆောင်ရွက်ခြင်း

(င) ဘဏ်ချေးငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်သည့် ကန်ထရိုက်လုပ်ငန်းများနှင့် တင်ဒါစာရွက်စာတမ်းများတွင် အပိုဒ်ငယ်တစ်ခုပါဝင်ရမည်ဖြစ်ကာ ယင်းအပိုဒ်အရတင်ဒါခေါ်ယူခြင်း၊ ဖြည့်ဆည်းထောက်ပံ့သူများနှင့် ကန်ထရိုက်တာများ၊ ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ဆောင်မှုပံ့ပိုးသူများ စသည်တို့နှင့်ပတ်သက်၍ ဘဏ်အနေဖြင့်စာရင်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အလို့ငှာ ဘဏ်မှတာဝန်ပေးအပ်သော စာရင်းစစ်သည် ၎င်းတို့၏တင်ဒါတင်သွင်းမှုနှင့်သက်ဆိုင်သော၊ ကန်ထရိုက်လုပ်ဆောင်မှုနှင့် သက်ဆိုင်သောငွေစာရင်းအားလုံး၊ မှတ်တမ်းများနှင့်အခြားသော ဆက်စပ်စာရွက်စာတမ်းများအား စစ်ဆေးပိုင်ခွင့်ရှိသည်။

(စ) လမ်းညွှန်၏အပိုဒ် ၃.၁၁ တွင်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး ၎င်းတို့ထံမှ ပစ္စည်းများဝယ်ယူခြင်း၊ ၎င်းတို့ကို တည်ဆောက်ရေးလုပ်ငန်းများအပ်နှံခြင်း၊ အကြံပေးဝန်ဆောင်မှုမဟုတ်သည့် အခြားသော ဝန်ဆောင်မှုများကို ရယူခြင်းများဆောင်ရွက်ရာတွင် ဤလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁၆ အရ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် သဘောတူလက်မှတ်ရေးထိုးထားသော ဖြည့်ဆည်းထောက်ပံ့ရေးလုပ်ငန်းများ၊ ကန်ထရိုက်တာများ၊ ဝန်ဆောင်မှုပေးသူများ၊ အကြံပေးများ၊ တစ်ဆင့်ခံဆောင်ရွက်သည့် ကန်ထရိုက်တာများ၊ တစ်ဆင့်ခံအကြံပေးများ၊ ၎င်းမှဝန်ထမ်းများသည် လာဘ်ပေးလာဘ်ယူအကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့်အပြုအမူ၊ လျှို့ဝှက်ပူးပေါင်းမသမာသည့်အပြုအမူ၊ ဖိအားပေးအကျပ်ကိုင်သည့် အပြုအမူများ၊ နှောင့်ယှက်ဖျက်ဆီးသည့် အပြုအမူများမလုပ်စေရန် လိုအပ်သည်။

ခြွင်းချက်အနေဖြင့် အပိုဒ် ၁.၁၆ (ဃ) နှင့် (င) တို့သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ၎င်း၏ ဝန်ထမ်းများအပေါ်တွင်သက်ရောက်မှုမရှိစေရ။ အပိုဒ် ၁.၁၆ (င) သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ၎င်း၏ဖြည့်ဆည်းထောက်ပံ့ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသူများအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ ထိုသို့သောအခြေအနေများအတွက် ဘဏ်နှင့်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအကြားသဘောတူညီထားသည့် လာဘ်ပေးလာဘ်ယူအကျင့်ပျက် အပြုအမူ၊ လိမ်လည်လှည့်ဖြားသည့် အပြုအမူ၊ လျှို့ဝှက်ပူးပေါင်းမသမာသည့် အပြုအမူ၊ ဖိအားပေးအကျပ်ကိုင်သည့် အပြုအမူများနှင့် နှောင့်ယှက်ဖျက်ဆီးသည့်အပြုအမူများဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများအတွက်

---

[25] တင်ဒါတင်သွင်းသည့်စာရွက်စာတမ်းများတွင် တင်ဒါအပေါ်မူတည်၍ အဆိုပြုထားသော တစ်ဆင့်ခံ ကန်ထရိုက်တာများ၊ အတိုင်ပင်ခံအကြံပေးများ၊ ထုတ်လုပ်သူများ၊ ဖြည့်ဆည်းထောက်ပံ့ပေးသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုပေးသူများဆိုသည်မှာအောက်ပါ အခြေအနေတစ်ခုခုဖြင့် ကိုက်ညီသူကိုဆိုလိုသည်။

(၁) တင်ဒါတင်သွင်းသူအနေဖြင့် အရည်အချင်းများကို ကြိုတင်တင်ပြလျှောက်ထားစဉ်တွင်ဖြစ်စေ၊ တင်ဒါကို ဆောင်ရွက်ရန်အတွက် လိုအပ်နေသောအရည်အချင်းကို ပြည့်မီဆောင် ဖြည့်ဆည်းပေးနိုင်သူ

(၂) ငွေချေးယူသူက ခန့်အပ်ထားသူများဖြစ်ကြသည်။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်သည်။ ယင်းအတွက်လိုအပ်သော တာဝန်တစ်ရပ်အဖြစ် အလျဉ်းသင့်သလို ဆောင်ရွက်သည့်ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဘဏ်သို့အသိပေးအကြောင်းကြားရမည်။ ဘဏ်အနေဖြင့်လည်း ငွေချေးယူသူများအပေါ် ခေတ္တရပ်ဆိုင်းခံရခြင်း သို့မဟုတ် အပြီးအပြတ် ပိတ်သိမ်းခြင်းစသည့် အမှားပြင်ဆင်ကုစားမှုများတောင်းခံခွင့်အား ဆက်လက်အသုံးပြုနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများသည် ဘဏ်မှအတည်ပြုထုတ်ပြန်ထားသော ဘဏ်မှ ကန့်သတ်ပိတ်ပင်ထားသည့် သို့မဟုတ်ထုတ်ပယ်ထားသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ မည်သူ မည်ဝါဖြစ်ကြောင်းကို လေ့လာတောင်းယူနိုင်သည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများအနေဖြင့် ကန်ထရိုက်တစ်ခု သို့မဟုတ် ပစ္စည်းအဝယ်အမှာစာတစ်ခုအား ဘဏ်မှအတည်ပြု ထုတ်ပြန်ထားသော အဆိုပါအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့်သဘောတူစာချုပ်များချုပ်ဆိုခဲ့ပါက ဘဏ်အနေဖြင့် ထိုအတွက် ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့် ငွေကြေးထောက်ပံ့မှုများကိုပေးမည်မဟုတ်သည့်အပြင် အခြားသော သင့်လျော်သည့် အမှားပြင်ဆင်ကုစားခွင့်ကိုလည်း ပြုလုပ်ခွင့်ရှိသည်။

၁.၁၇ ဘဏ်၏သီးခြားသဘောတူညီချက်အရ ငွေချေးယူသူသည် ဘဏ်ချေးငွေဖြင့်ချုပ်ဆိုမည့် စာချုပ်များအတွက်တင်ဒါစာရွက်စာတမ်းများ၊ တင်ဒါတင်သွင်းသူများအတွက်လေ့လာနိုင်ရန် စာချုပ်အနိုင်ရ၍ ပြိုင်ဆိုင်ရာနှင့် အကောင်အထည်ဖော်ရာတွင် တင်ဒါတင်သူဘက်မှလိုက်နာရသောအပိုင်းတွင် လိမ်လည် လှည့်ဖြားမှုနှင့် အကျင့်ပျက်ခြစားခြင်းဆိုင်ရာတိုက်ဖျက်မှုအတွက် မိမိနိုင်ငံ၏ဥပဒေများအား လိုအပ်သည့် တင်ဒါဆိုင်ရာ စာရွက်စာတမ်းများအတွင်း ထည့်သွင်းတင်ပြနိုင်သည်။[26] ဘဏ်အနေဖြင့် ငွေချေးယူသူနိုင်ငံ၏ တင်ပြမှုအရ အဆိုပါလုပ်ဆောင်မှုအစီအစဉ်များနှင့်ထိန်းချုပ်မှုအစီအမံများအပေါ် စိတ်ကျေနပ်ဖွယ်ရာတွေ့ရှိပါက လက်ခံအတည်ပြုနိုင်သည်။

## ဝယ်ယူရေးအတွက်ကြိုတင်ရေးဆွဲထားသောအစီအစဉ် (Procurement Plan)

၁.၁၈ စီမံကိန်းတစ်ခုအတွက် လက်တွေ့ကောင်းမွန်သည့်ဝယ်ယူရေးအတွက် ကြိုတင်ရေးဆွဲထားသော အစီအစဉ် [27] တစ်ခုချမှတ်ခြင်းသည် ကောင်းမွန်သောထိန်းသိမ်းစောင့်ကြည့်ခြင်းများနှင့် အကောင်အထည်

---

[26] ဥပမာအနေဖြင့်အောက်ပါအတိုင်းတွေ့နိုင်သည်။
"[ဝယ်ယူသူ] [အလုပ်ရှင်] တို့မှတင်သွင်းသည့် တင်ဒါစာရွက်စာတမ်းများတွင်လည်း ဖော်ပြထားသည့်အတိုင်း အဆိုပါ သဘောတူစာချုပ်ကို အောင်မြင်ရန်၊ အကောင်အထည်ဖော်ရန် ယှဉ်ပြိုင်မှုများပြုလုပ်ရန်အတွက် [ဝယ်ယူသူ] [အလုပ်ရှင်]၏ နိုင်ငံတွင်ပြဌာန်းထားသည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်သည့်ဥပဒေကိုမဆန့်ကျင်ဘဲလိုက်နာပါသည်။"

[27] ဝယ်ယူရေးအစီအစဉ် နှင့် ထပ်မံပြောင်းလဲပြင်ဆင်မှုများတွင် အနည်းဆုံးအောက်ဖော်ပြပါအချက်များပါဝင်ရသည်။
(၁) သတ်မှတ်ထားသောအချိန်တစ်ခုတွင် ဆောင်ရွက်တော့မည့် စီမံကိန်းအတွက် လိုအပ်သောပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအပ်နှံခြင်း၊ အကြံပေးဝန်ဆောင်ခြင်းမဟုတ်သည့်အခြားသော ဝန်ဆောင်မှုများအပ်နှံခြင်းများ အတွက် အတိုချုပ်ရှင်းလင်းချက်များ
(၂) ငွေချေးသဘောတူစာချုပ်အရဆောင်ရွက်မည့် ခွင့်ပြုထားသောဝယ်ယူရေးဆိုင်ရာနည်းလမ်းများကိုအဆိုပြုတင်ပြခြင်း
(၃) အပိုဒ် ၂.၅၅ အရဒေသတွင်းထွက်ကုန်အားဦးစားပေးရွေးချယ်မှုနှင့်ပတ်သက်သည့်တင်ပြမှုများ

ဖော်ခြင်းများအတွက် အရေးပါသည်။ စီမံကိန်းတစ်ခုအတွက်ပြင်ဆင်မှုများဆောင်ရွက်နေစဉ် ငွေချေးယူသူသည် ယာယီဖြစ်စေကာမူ စီမံကိန်းတစ်ခုလုံးအတွက် လုပ်ဆောင်မှုများနှင့်ကိုက်ညီမှုရှိနိုင်သော ကနဦးဝယ်ယူရေးအစီအစဉ်တစ်ခုကိုပြင်ဆင်ထားနိုင်သည်။ အနိမ့်ဆုံးအနေဖြင့် ငွေချေးယူသူများသည် စီမံကိန်း ပထမ (၁၈) လအတွင်း လိုအပ်သောဝယ်ယူရေးအစီအစဉ်များကို ရှင်းလင်းထိရောက်ပြီး အားလုံးအကျုံးဝင်သော အသေးစိတ်အစီအစဉ်ရေးဆွဲရမည်။ ဝယ်ယူရေးအကောင်အထည်ဖော်ရမည့် စာချုပ်၊ ကန်ထရိုက်စာချုပ်အားလုံးပါဝင်ရမည်။ ငွေချေးမှုနှင့်ပတ်သက်သည့် ညှိနှိုင်းမှုများဆောင်ရွက်သည့် နောက်ဆုံးအဆင့်တွင် ဘဏ်ဘက်မှသဘောတူညီမှုရောက်ရှိနေရမည်ဖြစ်သည်။ ငွေချေးသူအနေဖြင့် ဝယ်ယူရေးအစီအစဉ်ကို စီမံကိန်းလုပ်ကိုင်နေသည့်ကာလတစ်လျှောက်လုံး အနည်းဆုံး တစ်နှစ်တစ်ခါ ပြန်လည်ဆန်းစစ်သုံးသပ်ရမည်ဖြစ်ကာ ယင်းအား ယခင်ရရှိထားသည့် ကန်ထရိုက်များအပါအဝင် နောက် (၁၂) လအတွင်း ရှိလာနိုင်သော ကန်ထရိုက်များအတွက်ပါ အကျုံးဝင်စေရမည်ဖြစ်သည်။ အဆိုပါ ဝယ်ယူရေးအစီအစဉ်များနှင့် ၎င်းတို့အား ထပ်မံပြောင်းလဲပြင်ဆင်မှုများသည် ယင်းတို့အား အကောင်အထည်မဖော်မီ ဘဏ်ဘက်မှဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင် သုံးသပ်အတည်ပြုခြင်း[28] အဆင့်အား လိုက်နာရမည်ဖြစ်ကာ ဘဏ်ဘက်မှ မဝယ်ယူခင်ကြိုတင်သဘောတူရန် လိုအပ်သည်။ ငွေချေးခြင်းဆိုင်ရာညှိနှိုင်းမှုများလုပ်ဆောင်ပြီးသည့်နောက် ဆန့်ကျင်ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဘဏ်အနေဖြင့် အများပြည်သူများအတွက် လွှင့်တင်ထားသော တရားဝင် website တွင် သဘောတူညီထားသော ကနဦးဝယ်ယူရေးအစီအစဉ်များနှင့် နောက်ဆက်တွဲလုပ်ဆောင်သော ပြောင်းလဲ ပြင်ဆင်ခြင်းများကို ထုတ်ပြန်အသိပေးနိုင်သည်။

---

(၄) ဘဏ်မှစစ်ဆေးသုံးသပ်မှုလိုအပ်ချက်များနှင့် ငွေပမာဏအရ ဝယ်ယူခွင့်ပြုထားသည့်နည်းလမ်းများ

(၅) အဓိကကျသည့် ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်မည့် အချိန်ဇယား၊ ဘဏ်ဘက်မှသိထားရမည့် အခြားသောအချက်များ၊ စုပေါင်းထားသည့်သဘောတူညီမှုစာချုပ်ငယ်များနှင့် အလားတူစာချုပ်များအား အသိပေးဖော်ပြရမည်။ အချို့သောအချိန်ကာလ ကြိုတင်မဖော်ပြနိုင်သည့်သဘာဝရှိသည့် စီမံကိန်းများရှိသည့်အခါ လူထုအခြေပြုဖွံ့ဖြိုးမှု (Community Driven Development – CDD) ကဲ့သို့ လူထုတောင်းဆိုချက်အခြေပြု အချို့သောစီမံကိန်းများနှင့်၎င်းတို့၏အစိတ်အပိုင်းများ၊ ကဏ္ဍအခြေပြု လုပ်ဆောင်မှုများ (Sector Wide Approaches – SWAps) များအတွက် ပစ္စည်းဝယ်ယူရေးဆိုင်ရာ ဘဏ်၏ ထိန်းသိမ်းစောင့်ကြည့်ရေးနှင့် အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် ကိုက်ညီသည့် သင့်တော်သော ဝယ်ယူရေးအစီအစဉ်ပါဝင်ရမည်။ အကယ်၍ စီမံကိန်းတွင် အကြံပေးဝန်ဆောင်မှုများရယူရန်လိုအပ်ပါက ငှားရမ်းအသုံးပြုမည့်အစီအစဉ်သည် *Selection and Employment of Consultants under IBRD Loans and IDA Credits and Grants by World Bank Borrowers* လမ်းညွှန်ချက်တွင်ညွှန်ကြားထားသည့်အတိုင်း ရွေးချယ်ပေးအပ်မှု နည်းလမ်းများ ပါဝင်ဖော်ပြရမည်။

[28] နောက်ဆက်တွဲ (၁) တွင်လေ့လာပါ။

## ၂။နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ

## (က) အထွေထွေ

## II. INTERNATIONAL COMPETITIVE BIDDING

## A. General

**နိဒါန်း (Introduction)**

၂.၁ ဤလမ်းညွှန်ချက်တွင်ဖော်ပြထားသည့် နိုင်ငံတကာယှဉ်ပြိုင်ရသော တင်ဒါခေါ်ယူခြင်း၏ ရည်ရွယ်ချက်မှာ အရည်အသွေးပြည့်မီပြီးအလားအလာရှိသည့် တင်ဒါတင်သူများကို [29] ငွေချေးယူသူများ၏ သတ်မှတ်ချက်၊စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အချိန်မီလုံလုံလောက်လောက်သိစေရန်နှင့် ကုန်ပစ္စည်း ဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအား တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရာတွင် တူညီသောအခွင့်အရေးပေးရန် ဖြစ်ပါသည်။

**ကန်ထရိုက်စာချုပ်အမျိုးအစားနှင့်အရွယ်အစား (Type and Size of Contracts)**

၂.၂ တင်ဒါစာရွက်စာတမ်းများတွင်ပါဝင်ယှဉ်ပြိုင်ရမည့် ကန်ထရိုက်အမျိုးအစားကို ရှင်းလင်းစွာဖော်ပြထားမည်ဖြစ်ကာ ၎င်းတွင်တင်ဒါနိုင်ပါက ချုပ်ဆိုရမည့် ကန်ထရိုက်စာချုပ်နှင့်သင့်လျော်သော အချက်များလည်း ပါဝင်ရပါမည်။ အများဆုံးတွေ့ရသောစာချုပ်ပုံစံများ၌ ကုန်ပစ္စည်းများ၏တစ်ခုချင်း ဈေးနှုန်းများပေါ် မူတည်၍ပေးချေခြင်း၊ ပြန်လည်တင်ပြတောင်းခံနိုင်သောစရိတ်အပါအဝင် အခကြေးငွေများပေါ် မူတည်၍ ပေးချေခြင်း သို့မဟုတ် စုစုပေါင်းပေးချေရမည့်ငွေပေါ် မူတည်၍ တစ်လုံးတစ်ခဲတည်း ငွေပေးချေသည့် ငွေပေးချေမှုပုံစံများပါဝင်သည်။ ဘဏ်အနေဖြင့် ပြန်လည်တင်ပြတောင်းခံကာ ကုန်ကျစရိတ်ပြန်လည် ပေးချေရသည့်စာချုပ်များကို စွန့်စားရမှုများသော လုပ်ငန်းအခြေအနေ သို့မဟုတ် ကုန်ကျစရိတ်များကို လုံလောက်သောပမာဏဖြင့် တိကျမှန်ကန်စွာမဖော်ပြပေးနိုင်သော အခြေအနေစသည့် ခြွင်းချက် အခြေအနေများတွင်သာ လက်ခံပေးနိုင်ပါသည်။ ၎င်းစာချုပ်များတွင် ကုန်ကျစရိတ်များကိုကန့်သတ်ရန် သင့်လျော်သောအားပေးမှုများ ပါဝင်ရမည်။

၂.၃ စာချုပ်တစ်ခုစီ၏အရွယ်အစားနှင့်အတိုင်းအတာသည် စီမံကိန်း၏ပမာဏ၊ သဘောသဘာဝနှင့် တည်နေရာအပေါ် မူတည်ပါသည်။ ကုန်ပစ္စည်းအမျိုးမျိုးနှင့်တည်ဆောက်ရေးလုပ်ငန်းအမျိုးမျိုးများ လိုအပ်သည့် စီမံကိန်းများတွင် အမျိုးမျိုးသောစက်ကိရိယာများနှင့် စက်ရုံများအားအထောက်အပံ့ပေးရန်နှင့် သို့မဟုတ် အမျိုးမျိုးသော စက်ကိရိယာများတပ်ဆင်ခြင်းနှင့် [30] စက်ရုံများတည်ဆောက်ခြင်းလုပ်ငန်းများအတွက် သီးခြား စာချုပ်များ ချုပ်ဆိုနိုင်ပါသည်။

---

29 အပိုဒ်ခွဲ၁.၈၊၁.၉နှင့်၁.၁၀ကိုလေ့လာပါ။

30 ဤလမ်းညွှန်ချက်အရစက်ရုံ(plant)သည်တပ်ဆင်ပြီးသောစက်ကိရိယာများပါဝင်သောကုန်ထုတ်လုပ်အထောက်အပံ့ပါဝင်သောတပ်ဆင်ပြီးစက်များကိုဆိုလိုသည်။

၂.၄ အချို့သောအခြေအနေများ၊ အထူးသဖြင့် ကြီးမားသောစက်မှုစက်ရုံများနှင့်စွမ်းအင်ထုတ်စက်ရုံများ၊ အခြားဆက်စပ်လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ်အနေဖြင့် အမျိုးမျိုးသောစက်ပစ္စည်းကိရိယာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တစ်ပေါင်းတစ်စည်းတည်းဖော်ပြထားသော တစ်ခုတည်းသော စာချုပ် [31] ဖြင့် တာဝန်ယူလုပ်ကိုင်နိုင်သော တစ်ဦးတစ်ဖွဲ့မှအလုံးစုံတာဝန်ယူထားသော ဝယ်ယူရေးစာချုပ် အမျိုးအစားအား လက်ခံနိုင် သို့မဟုတ် လိုအပ်နိုင်သည်။ တစ်ခုတည်းသောစာချုပ်ဖြင့် တာဝန်ယူနိုင်မည့် ကန်ထရိုက်စာချုပ်ဆိုသည်မှာ စက်ရုံ သို့မဟုတ် စက်ယန္တရားအပြည့်အစုံတပ်ဆင်ရန်နှင့် လုပ်ငန်းလုပ်ဆောင်ရန် အတွက် လိုအပ်သည်များအားလုံးကိုပံ့ပိုးရန် တာဝန်အပြည့်အဝယူနိုင်သော အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သော စာချုပ်(turnkey contract) [32]၊ သော့တစ်ချက်ဖွင့်ရုံဖြင့် စက်ရုံစတင်လည်ပတ်နိုင်သကဲ့သို့အထိ အပြီးအစီး လုပ်ဆောင်မှုမျိုးဖြစ်ပါသည်။ အဆောက်အဦးတည်ဆောက်ခြင်း၊ စက်ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် အခြားဆက်စပ်ဝန်ဆောင်မှုများပါဝင်သော စီမံခန့်ခွဲမှုပိုင်းအရ ကန်ထရိုက်များကို ကန်ထရိုက်တာများ [33] မှ တင်သွင်းရယူ နိုင်ပါသည်။

၂.၅ တူညီသလိုလိုရှိသော်လည်း ခြားနားသောစက်ကိရိယာများ သို့မဟုတ် တည်ဆောက်ရေး လုပ်ငန်းများကိုလိုအပ်သော စီမံကိန်းတစ်ခုအတွက်မှု ကန်ထရိုက်တစ်ခုချင်းစီအတွက်သော်လည်းကောင်း၊ ပုံသဏ္ဌာန်ဆင်သောကန်ထရိုက်များစုဖွဲ့ထားသည့် အုပ်စုတစ်စုအတွက်သော်လည်းကောင်း ကုမ္ပဏီ အကြီးအသေးအားလုံးကိုဆွဲဆောင်နိုင်သည့် ဈေးပြိုင်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်နိုင်ပြီး ယင်းသို့ သီးခြားကန်ထရိုက်တစ်ခုချင်းစီတင်ခြင်း သို့မဟုတ် ကန်ထရိုက်များစုပေါင်း၍တစ်ပေါင်းတည်းတင်ခြင်း နှစ်မျိုးစလုံးခွင့်ပြုရပါမည်။ တစ်ခုချင်းတင်ဒါများနှင့်စုပေါင်း၍ တစ်ပေါင်းတည်းတင်ထားသော တင်ဒါများ အားလုံးကို တူညီသောတင်ဒါပိတ်ရက်တွင်လက်ခံရယူရမည်ဖြစ်ပြီး ဖွင့်ဖောက်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း

31 အထူးသဖြင့်တစ်ခုတည်းသောတာဝန်ယူနိုင်သည့်စာချုပ်တွင်စက်ရုံများ၊စက်ယန္တရား ကိရိယာတန်ဆာပလာများ၊ စက်ပစ္စည်းများ၊ စက်ပိုင်းပစ္စည်းနှင့် အစိတ်အပိုင်းများ၊ ဝယ်ယူရေးအစီအစဉ်များ၊ စက်ပစ္စည်းကိရိယာများဝယ်ယူတပ်ဆင်ခြင်းများ၊ ပြည့်စုံစွာဆောက်လုပ်ပြီးစီးသောအဆောက်အအုံနှင့်ဆက်စပ်အစီအမံတည်ဆောက်ခြင်းများစသည်တို့ ပါဝင်သည်။ ငွေချေးယူသူမှ အခြေခံအင်ဂျင်နီယာပိုင်းဆိုင်ရာ ဒီဇိုင်းထုတ်၊ ဝယ်ယူတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းကဲ့သို့သောတာဝန်ယူသောစာချုပ်ဖြစ်နိုင်သကဲ့သို့ ကန်ထရိုက်တာမှအင်ဂျင်နီယာပိုင်းဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်းနှင့်ဝယ်ယူတပ်ဆင်ခြင်းစာချုပ်လည်းဖြစ်နိုင်ပါသည်။

32 အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သောစာချုပ်(turnkey contract) ဆိုသည်မှာ တစ်လုံးတစ်ခဲတည်းတန်ဖိုးအပေါ် အခြေခံကာ တစ်ခုတည်းသောတာဝန်ယူသည့်စာချုပ်ဖြစ်ပြီးငွေပေးချေမှုအား ကန်ထရိုက်၏အောင်မြင်သောရလဒ်အဆင့်အတိုင်းသာပေးချေသည်။ ၄င်းစာချုပ်များတွင် အခြေခံဒီဇိုင်း (အင်ဂျင်နီယာပိုင်းအခရာကျသည့်စီမံကိန်းများတွင်အရေးပါမှု) ကိုသာ အလုပ်အပ်သူမှ သတ်မှတ်ပေးပါသည်။

33 ဆောက်လုပ်ရေးလုပ်ငန်းတွင်ကန်ထရိုက်စီစဉ်ညွှန်ကြားသူ(Management Contractor)သည် အလုပ်ကို တိုက်ရိုက်လုပ်ခြင်း မဟုတ်ဘဲ အခြား ကန်ထရိုက်တာများသို့တစ်ဆင့်လွှဲပေးပြီး ဈေးနှုန်းအရည်အသွေးနှင့်အချိန်မီပြီးစီးနိုင်ရန်အတွက် တာဝန်ကိုအပြည့်ယူထားကာ အခြားတည်ဆောက်ရေးကန်ထရိုက်တာများအား စီမံခန့်ခွဲရသူဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ငွေချေးယူသူမှအကြံပေးတစ်ဦးငှားရမ်းကာ (သို့) ကိုယ်စားလှယ်တစ်ဦးငှားရမ်းကာ လုပ်ငန်းကိုကြီးကြပ်သူမန်နေဂျာအဖြစ် ခန့်နိုင်သည်။ ထိုသူမှ အထက်ပါစွန့်စားရသောအချက်များအား တာဝန်မယူပါ (ဉပမာ- ဈေးနှုန်းပြောင်းလဲမှု)။ ကြီးကြပ်သူအားအကြံပေးငှားရမ်းခြင်း လမ်းညွှန်အတိုင်းငှားရမ်းရပါမည်။

ပြုလုပ်ရပါမည်။ ထို့နောက်တင်ဒါတစ်ခု သို့မဟုတ် စုပေါင်းတင်ဒါများအနက် ငွေချေးယူသူအတွက် အနိမ့်ဆုံး အကဲဖြတ်စိစစ်ဈေးနှုန်းပေးသူ မည်သူဖြစ်သည်ကို ဆုံးဖြတ်ရပါမည်။[34]

**နှစ်ဆင့်ဝင်ရောက်ယှဉ်ပြိုင်ရသောတင်ဒါ (Two-Stage Bidding)**

၂.၆ (က) စက်ရုံတစ်ရုံ သို့မဟုတ် စက်ပစ္စည်းထောက်ပံ့တပ်ဆင်ခြင်းအတွက် စာချုပ်တစ်ခုတည်းဖြင့် သီးသန့်တာဝန်ယူထားသည့်ကန်ထရိုက်စာချုပ်များ သို့မဟုတ် ဒီဇိုင်းဆွဲခြင်း၊ ထောက်ပံ့ခြင်းနှင့် တပ်ဆင်တည်ဆောက်ခြင်းများအတွက် စာချုပ်တစ်ခုတည်းဖြင့် သီးသန့်တာဝန်ယူထားသည့် ကန်ထရိုက်စာချုပ်များ (အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သည့်အခြေအနေမျိုး)အပါအဝင် ကြီးမားရှုပ်ထွေးသော အစီအစဉ်များ၊(ခ) ပုံမှန်မဟုတ်သော အခြေအနေသဘာဝများနှင့် ရှုပ်ထွေးစွာ အလုပ်လုပ်ရမည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် (ဂ) လျင်မြန်သောနည်းပညာတိုးတက်မှုနှင့်သက်ဆိုင်ပြီး ရှုပ်ထွေးသော သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာလုပ်ငန်းများအတွက် ကန်ထရိုက်ချုပ်ဆိုမှုများအား ပြည့်စုံ လုံလောက်သောနည်းပညာဆိုင်ရာအချက်လက်များကို ကြိုတင်သတ်မှတ်ပေးရန်လက်တွေ့မကျဘဲ သို့မဟုတ် ကြိုတင်သတ်မှတ်ပေးရန်ဆန္ဒမရှိဘဲ ဖြစ်နိုင်သည်။ ၎င်းကန်ထရိုက်များ၏ရှုပ်ထွေးသောသဘောသဘာဝကြောင့် ငွေချေးယူသူမှ သတ်မှတ်ထားသောအချက်မှာအား သွေဖီခြင်းများမရှိနိုင်စေရန်အတွက် ဘဏ်သည် နှစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ရသောတင်ဒါစနစ်အား လိုအပ်ပါသည်။ ပထမအဆင့်တွင် ဒီဇိုင်းအယူအဆနှင့် လုပ်ဆောင်မှုအချက်အလက်အပေါ် အခြေခံသည့်ဈေးနှုန်းတန်ဖိုးတွက်ချက်ခြင်းမပြုသေးသောနည်းပညာဆိုင်ရာတင်ဒါများ ဖိတ်ခေါ်ရမည်ဖြစ်သည်။ ဤအဆင့်တွင် ပြင်ဆင်ပြီး တင်ဒါအချက်အလက်များနှင့်အတူ နည်းပညာပိုင်းသာမက စီးပွားရေးအရ ရှင်းလင်းဖော်ပြချက်များနှင့် ပြင်ဆင်ကိုက်ညှိမှုများပါဝင်သင့်ပြီး[35] နည်းပညာပိုင်းနှင့်ဈေးနှုန်းဖော်ပြပြီးဖြစ်သောတင်ဒါအား ဒုတိယအဆင့်တွင် တင်စေရမည်။

**အသိပေးအကြောင်းကြားခြင်းနှင့်ကြော်ငြာခြင်း (Notification and Advertising)**

၂.၇ တင်ဒါအတွက်အချိန်မီအသိပေးအကြောင်းကြားခြင်းသည် ဈေးပြိုင်တင်ဒါစနစ်တွင် အလွန် အရေးပါပါသည်။ ငွေချေးယူသူအနေဖြင့် အထွေထွေဝယ်ယူမှုကြေညာချက်(GPN)ကိုပြင်ဆင်ပြီး ဘဏ်သို့ ပေးပို့ရပါမည်။ ဘဏ်သည်ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေးဖွံ့ဖြိုးမှုအွန်လိုင်းစနစ် (UNDB Online)နှင့် ကမ္ဘာ့ဘဏ်၏ ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုဒ်[36] တွင် ဤအတွက် ထုတ်ပြန်ကြေညာမှုပြုရန် စီစဉ်ရမည်။ အထွေထွေဝယ်ယူမှုကြေညာချက်တွင် ငွေချေးယူသူ (ချေးယူရန်အလားအလာရှိသူ)နှင့် သက်ဆိုင်သည့်

---

34 တင်ဒါစိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက်အပိုဒ်ခွဲ၂.၄၉ - ၂.၅၄တွင်လေ့လာပါ။

35 ဒုတိယအဆင့်တွင်တင်ဒါနှင့်ပတ်သက်သောအချက်အလက်များကိုပြန်လည်ပြင်ဆင်ရာတွင်ငွေချေးယူသူအနေဖြင့် ပထမအဆင့်တွင် တင်ဒါတင်သွင်းခဲ့သူများ၏နည်းပညာအဆိုပြုလွှာများအားလေးစားထိန်းသိမ်းရမည်ဖြစ်ကာပွင့်လင်းမြင်သာမှုဉာဏပစ္စည်းမူပိုင်ခွင့်ရေးရာ လိုအပ်ချက်တို့ကိုလည်းလိုက်နာစောင့်ထိန်းရပါမည်။

36 UNDB online သည်ကုလသမဂ္ဂမှလွှင့်တင်ထားခြင်းဖြစ်ပြီးသတင်းအချက်အလက်လက်ခံရရှိလိုပါက Development Business, United Nations, GCPO Box 5850, New York, NY 10163-5850, USA (website: www.devbusiness.com; email: dbsubscribe@un.org)၊ World Bank External Website : www.worldbank.orgသို့ဆက်သွယ်နိုင်သည်။

ဈေးငွေပမာဏနှင့် ဈေးငွေ၏ရည်ရွယ်ချက်၊ ကြိုတင်ရေးဆွဲထားသောဝယ်ယူမှုအစီအစဉ်အရ ဝယ်ယူမည့် အတိုင်းအတာပမာဏ၊ ဝယ်ယူရေးတာဝန်ယူထားသည့်ငွေချေးယူသူ၏ အေဂျင်စီများ၏အမည်၊ လိပ်စာများ၊ တယ်လီဖုန်းနံပါတ် သို့မဟုတ် ဖက်စ်နံပါတ်နှင့် အများဆုံးအသုံးပြုသည့် ပြည်တွင်းပြည်ပမှ အခမဲ့ ဆက်သွယ်နိုင်သည့် electronic portal သို့မဟုတ် ဝက်ဘ်ဆိုဒ်များပါရှိရမည်ဖြစ်ပြီး နောက်ဆက်တွဲ အသေးစိတ်ဝယ်ယူမှုကြေညာချက်များကို အဆိုပါ အင်တာနက်လိပ်စာများ၌ ကြော်ငြာရမည်။ ကြိုတင် အရည်အသွေး စစ်ဆေးခြင်းပြုမည့်နေ့ရက် သို့မဟုတ် တင်ဒါတင်ရမည့်စာရွက်စာတမ်းရရှိမည့်ရက်များအား ကြိုတင်သိရှိပါက ရည်ညွှန်းဖော်ပြရမည်။ ကြိုတင်အရည်အသွေးစစ်ဆေးခြင်းနှင့်ဆက်စပ်သော သို့မဟုတ် တင်ဒါဆိုင်ရာစာရွက်စာတမ်းများအား အထွေထွေဝယ်ယူမှုကြေညာချက် ထုတ်ပြန်သည့်နေ့မတိုင်မီ အများပြည်သူသို့ထုတ်ပြန်ခြင်း မပြုရပါ။

၂.၈ ကြိုတင်အရည်အသွေးစစ်ဆေးခံရန် သို့မဟုတ် တင်ဒါတင်ရန်အတွက်ဖိတ်ကြားချက်များ၊ အသေးစိတ်ဝယ်ယူမှုကြေညာချက်ကို ငွေချေးယူသူနိုင်ငံရှိ နိုင်ငံအနှံ့ဖြန့်ချိသော အနည်းဆုံး ပြည်တွင်းထုတ် သတင်းစာတစ်စောင် သို့မဟုတ် တရားဝင်အစိုးရပြန်တမ်း သို့မဟုတ် အများဆုံး အသုံးပြုသည့် ပြည်တွင်းပြည်ပမှ အခမဲ့ ဆက်သွယ်နိုင်သည့် electronic portal သို့မဟုတ် ဝက်ဘ်ဆိုက်တို့တွင် ငွေချေးယူသူ၏ဆန္ဒအရ အင်္ဂလိပ်၊ပြင်သစ်၊ သို့မဟုတ် စပိန်ဘာသာစကားများဖြင့်လည်းကောင်း သို့မဟုတ် အပိုဒ်ခွဲ ၂.၁၅တွင် ဖော်ပြထားသည့် မိခင်ဘာသာစကားနှင့်လည်းကောင်း ကြော်ငြာရမည်။ အဆိုပါ ဖိတ်ကြားချက်များအား UNDB အွန်လိုင်းတွင်လည်း အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး တင်ဒါတင်သူများမှ ကြိုတင်အရည်အသွေးစစ်ဆေးမှုဆိုင်ရာ သို့မဟုတ် တင်ဒါတင်ရန်စာရွက်စာတမ်းများရယူနိုင်ရန်နှင့် ၄င်းတို့၏ တုံ့ပြန်ပြောဆိုမှုများအားပြင်ဆင်ရန်၊ ပေးပို့နိုင်ရန် လုံလောက်သောအချိန်ကာလတစ်ခု ပေးထားရပါမည်။[37] ငွေချေးယူသူများပြင်ဆင်တင်ပြသည့် အသေးစိတ်ဖော်ပြထားသော အထွေထွေဝယ်ယူမှုကြေညာချက်များ အားလုံးကို ဘဏ်၏ပြင်ပဆက်သွယ်ရေးဝက်ဘ်ဆိုက်တွင် တစ်ပြိုက်နက်တည်းတင်နိုင်အောင် ဘဏ်မှ စီစဉ်ဆောင်ရွက်ရမည်။

### တင်ဒါတင်သွင်းသူများအားကြိုတင်အရည်အချင်းစစ်ဆေးခြင်း (Prequalification of Bidders)

၂.၉ ရှုပ်ထွေးသော သို့မဟုတ် ကြီးမားသောတည်ဆောက်ရေးလုပ်ငန်းများ ဥပမာ- စိတ်ကြိုက် ဒီဇိုင်းထုတ်ရသော စက်ကိရိယာပုံစံ၊ စက်ရုံအလုပ်ရုံ၊ အထူးဝန်ဆောင်မှုများ၊ အချို့သော ရှုပ်ထွေးသည့် သတင်းနှင့်နည်းပညာဆိုင်ရာအချက်အလက်များကဲ့သို့ များပြားရှုပ်ထွေးသောလုပ်ငန်းစဉ်များကြောင့် တင်ဒါအားအသေးစိတ်ပြင်ဆင်ရန် ကုန်ကျစရိတ်မြင့်မားမှု မည်သည့်အခြေအနေမဆိုသည် ပြိုင်ဆိုင်မှု အားနည်းသွားစေနိုင်သောကြောင့် ကန်ထရိုက်စာချုပ်အနေဖြင့် တစ်ဦးတည်းတာဝန်ယူလုပ်ပိုင်ခွင့်အမျိုးအစား (အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်မှုအပါအဝင်) ဒီဇိုင်းနှင့်တည်ဆောက်ခြင်း၊ စီမံခန့်ခွဲခြင်းစသည့် ကန်ထရိုက် စာချုပ်မျိုးများအတွက် တင်ဒါတင်သွင်းသူများအား ကြိုတင်အရည်အချင်းစစ်ဆေးခြင်းအဆင့်အား လိုအပ်လေ့ရှိသည်။ ဤကဲ့သို့သောလုပ်ဆောင်မှုသည် လုံလောက်သောအရည်အချင်းနှင့် အရင်းအမြစ် ပြည့်စုံသောသူများထံသို့သာ တင်ဒါတောင်းခံခြင်းဖြစ်စေရန် သေချာစေနိုင်သည်။ ကြိုတင်အရည်အချင်း

[37] အပိုဒ်ခွဲ ၂.၄၄ အားလေ့လာပါ။

စစ်ဆေးမှုသည် ကန်ထရိုက်စာချုပ်အားကျေနပ်ဖွယ်ရာ ဆောင်ရွက်နိုင်စေရန် အလားအလာကောင်းသော သင့်တော်သည့် တင်ဒါတင်သွင်းသူ၏ စွမ်းဆောင်နိုင်စွမ်းနှင့်အရင်းအမြစ်တွင်သာအခြေခံ မူတည်နေရာ ရည်ရွယ်ချက်နှင့်တိုင်းတာမည့်အချက်များအတွက် ထည့်သွင်းစဉ်းစားရမည့်အရာများတွင် (က) ကာလတစ်ခု အတွင်း အလားတူ ကန်ထရိုက်မျိုးအား ယခင်ကအောင်မြင်စွာလုပ်ဆောင်နိုင်မှု အရည်အသွေးနှင့် သက်ဆိုင်ရာ အထွေထွေနှင့်သီးသန့်လုပ်ငန်းအတွေ့အကြုံများ၊ (ခ) လိုအပ်ပါက ဘဏ္ဍာရေးဆိုင်ရာအနေအထားနှင့် (ဂ) ဆောက်လုပ်ရေးနှင့်ထုတ်လုပ်ရေးဆိုင်ရာ အထောက်အကူပြုစွမ်းရည်စသည်တို့ ပါဝင်ပါသည်။

၂.၁၀ သီးသန့်တင်ဒါ သို့မဟုတ် စုပေါင်းတင်ဒါများတင်ရန်အတွက် ကြိုတင်အရည်အချင်းစိစစ်ရန် ဖိတ်ခေါ်မှုကို အထက်ပါ အပိုဒ်ခွဲ၂.၇နှင့်၂.၈ တို့တွင်ဖော်ပြထားသည့်အတိုင်း ကြော်ငြာခြင်း၊ အသိပေးခြင်း ပြုလုပ်ရမည်။ လိုအပ်သော ရည်အချင်းဖော်ပြရှင်းလင်းချက်များနှင့် ကန်ထရိုက်စာချုပ်၏အတိုင်းအတာအား တင်ဒါဖိတ်ခေါ်လွှာလက်ခံရရှိကြောင်း တုံ့ပြန်သူတိုင်းထံ ပို့ဆောင်ပေးရမည်။ ငွေချေးယူသူသည် ဘဏ်မှ လက်ခံကာ လိုအပ်သလို အနည်းဆုံးပြုပြင်ထားမှုများပါဝင်သည့် ဘဏ်မှစံသတ်မှတ်ထုတ်ပေးထားသော အကြိုအရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ စာရွက်စာတမ်းများအားအသုံးပြုရမည်။ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသောလျှောက်ထားသူအားလုံးကို ကြိုတင်အရည်အချင်းစစ်တင်ဒါတွင် ပါဝင်ခွင့် ပြုရမည်။ အကြိုအရည်အချင်းစစ်ဆေးမှုရလဒ်များအား တင်ဒါတင်သွင်းသူအားလုံးထံ အသိပေး အကြောင်းကြားရမည်။ အကြိုအရည်အချင်းစစ်ဆေးမှုပြီးပြီးချင်း တင်ဒါစာရွက်စာတမ်းများအား အရည်အချင်း ပြည့်မီသည့် တင်ဒါတင်သူများရရှိနိုင်ရန် ဆောင်ရွက်ရမည်။ တစ်ချိန်တည်း၌ဖြစ်စေ၊ အချိန်ကာလ တစ်ရပ်၌ဖြစ်စေ ကန်ထရိုက်စာချုပ်တစ်ခုအားအပ်နှင်းရာတွင် အပ်နှင်းရမည့်တင်ဒါအရေအတွက်နှင့် စုစုပေါင်းကန်ထရိုက်တန်ဖိုးပမာဏကန့်သတ်ချက်သည် တင်ဒါတင်သူ၏ နည်းပညာစွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးအခြေအနေအရ စုပေါင်းကန်ထရိုက်အတွက်ကြိုတင်အရည်အချင်း ပြည့်မီစစ်ဆေးချက်အပေါ်တွင် အခြေခံသည်။ ငွေချေးယူသူ၏ဆုံးဖြတ်ချက်အရ ကြိုတင်အရည်အသွေးစစ်ဆေးမှုအောင်မြင်သော အဖွဲ့အစည်းစာရင်းသတ်မှတ်ချိန်၊ အဆိုပါစာရင်းအား တင်ဒါဖိတ်ခေါ်လွှာစတင်ဖိတ်ခေါ်ချိန်ကြားကာလ ၁၂လ (၁)နှစ်ထက်ကျော်လွန်ခဲ့ပါက ဘဏ်အနေဖြင့် ကြိုတင်အရည်အသွေးစစ်ဆေးမှုအား ထပ်မံပြန်လည်ပြုလုပ်ရန် နောက်တစ်ကြိမ်ကြော်ငြာမှုပြုလုပ်ခြင်းကို တောင်းဆိုနိုင်သည်။ ၎င်းတို့၏ဖြည့်ဆည်းမည့် ကတိကဝတ်များ အပါအဝင် ကြိုတင်အရည်အချင်းပြည့်မီသောတင်ဒါတင်သူ၏ ဝန်ထမ်းပိုင်းနှင့် ပစ္စည်းကိရိယာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ရှိမှုများအား ထည့်သွင်းစဉ်းစားသည့်အချက်အလက်များမှန်ကန်ကြောင်း စစ်ဆေး အတည်ပြုခြင်းအား စာချုပ်ချုပ်ဆိုသည့်အချိန်တွင် ဆက်လက်လုပ်ဆောင်မည် ဖြစ်သည်။ ကန်ထရိုက်စာချုပ်အား နည်းပညာအရဖြစ်စေ၊ ဘဏ္ဍာရေးအရဖြစ်စေ ကောင်းစွာမလုပ်ဆောင်နိုင်ခြင်းကြောင့် လိုအပ်သောအရည်အချင်းစံနှုန်းအား ဆက်လက်မထိန်းသိမ်းထားနိုင်သော တင်ဒါအောင်သူထံသို့ တင်ဒါချပေးခြင်းကို ငြင်းဆိုနိုင်သည်။ ကြိုတင်အရည်အချင်းပြည့်မီသူအနည်းငယ် သို့မဟုတ် တစ်ဦးတစ်ယောက်မျှမရှိပါက ယှဉ်ပြိုင်မှုအားနည်းနိုင်သဖြင့် ငွေချေးသူမှ ကြိုတင်အရည်အချင်းစစ်ဆေးမှု ဖိတ်ခေါ်ချက်အား ထပ်မံပြုလုပ်နိုင်သည်။ ထိုသို့လုပ်ရန် ကမ္ဘာ့ဘဏ်ဘက်မှကန့်ကွက်ရန်မရှိကြောင်း ခွင့်ပြုချက် အရင်ယူရမည်။

## ခ။တင်ဒါတင်သွင်းမှုစာရွက်စာတမ်းများ
## B. Bidding Documents

**အထွေထွေ(General)**

၂.၁၁ တင်ဒါနှင့်ပတ်သက်သော စာရွက်စာတမ်းများတွင် အလားအလာရှိသော တင်ဒါတင်သူများကို ကုန်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သည့် ဝန်ဆောင်မှုပေးခြင်းများအတွက် တင်ဒါတင်သွင်းမှု ပြင်ဆင်နိုင်စေရန် လိုအပ်သော သတင်းအချက် အလက်အားလုံး ပါဝင်ရပါမည်။ ၎င်းစာရွက်စာတမ်းများတွင်ပါရှိသည့်အသေးစိတ်အချက်အလက်များနှင့် ရှုပ်ထွေးမှုများသည် ဖိတ်ခေါ်မည့်တင်ဒါအစု သို့မဟုတ် ကန်ထရိုက်စာချုပ်တို့၏ အရွယ်အစားနှင့်သဘော သဘာဝကိုလိုက်၍ ကွာခြားနိုင်သည်။ ယေဘုယျအားဖြင့် တင်ဒါဖိတ်ကြားချက်၊ တင်ဒါတင်သွင်းမည့်သူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တင်ဒါအချက်အလက်စာရွက်၊ တင်ဒါပုံစံ သို့မဟုတ် တင်ဒါစာရွက်၊ ကန်ထရိုက်ပုံစံ၊ အထွေထွေနှင့်သီးခြားဖော်ပြချက် စာချုပ်အချက်အလက်များ၊ ရုပ်ပုံရေးဆွဲဖော်ပြချက်များ၊ သက်ဆိုင်ရာနည်းပညာအချက်အလက်များ (ဘူမိဗေဒနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအပါအဝင်) ကုန်ပစ္စည်းစာရင်း သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်လိုအပ်သော အသေးစိတ်အရေအတွက်တောင်းဆိုချက်၊ ဖြန့်ဖြူးရမည့်အချိန် သို့မဟုတ် ပြီးစီးရမည့်အချိန်၊ အမျိုးမျိုးသောသက်သေခံစာရွက်စာတမ်းများအတွက် နမူနာပုံစံများစသည့် လိုအပ်သောနောက်ဆက်တွဲအချက်များ စသည်တို့ ပါဝင်ပါသည်။ တင်ဒါစိစစ်အကဲဖြတ်ခြင်းနှင့်အနိမ့်ဆုံးဈေးနှုန်း စိစစ်အကဲဖြတ်မည့် တင်ဒါရွေးချယ်မှုအတွက် အခြေခံမည့်အချက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရမည့်ညွှန်ကြားချက်များ သို့မဟုတ် အသေးစိတ်သတ်မှတ်ဖော်ပြချက်များတွင် ရှင်းလင်းစွာ ဖော်ပြပေးထားရမည်။ တင်ဒါနှင့်ပတ်သက်သော စာရွက်စာတမ်းများအတွက် အခကြေးငွေကောက်ခံပါက သင့်တင့်မျှတသောနှုန်းထားဖြစ်ကာ အီလက်ထရောနစ်ပစ္စည်းပုံစံတစ်ခုခုဖြင့် စာစီစာရိုက်ခြင်း၊ ပရင့်ထုတ်ခြင်း သို့မဟုတ် ပုံနှိပ်ဖော်ပြခြင်းတို့နှင့် တင်ဒါတင်မည့်သူများထံ ဖြန့်ဝေရခြင်းတို့၏ကုန်ကျမှုများအတွက်သာဖြစ်သင့်ပြီး အရည်အချင်းမီသော တင်ဒါတင်သွင်းသူများ စိတ်မဝင်စားလောက်သည့် ဈေးကြီးကြီး မသတ်မှတ်ရပါ။ တည်ဆောက်ရေးလုပ်ငန်း တင်ဒါနှင့်ပတ်သက်သော စာရွက်စာတမ်းများတွင် ကန်ထရိုက်စာချုပ်၏စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်ကိုသာ ဖော်ပြရမည်ဖြစ်ပြီး ဈေးနှုန်းသင့်ပြီးသား အရေအတွက်တောင်းခံလွှာများကဲ့သို့ ငွေချေးယူသူ၏ အသေးစိတ်ခန့်မှန်းကုန်ကျစရိတ်ကိုမူ ဖော်ပြရမည်မဟုတ်ပါ။ ငွေချေးယူသူသည် တင်ဒါနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုဖြန့်ဝေရန် အီလက်ထရောနစ်ကို အကယ်၍ ဘဏ်မှ ထိုစနစ်၏ထိရောက်မှုအပေါ် ကျေနပ်ခွင့်ပြုမှုကိုရရှိပါက အသုံးပြုနိုင်သည်။ အကယ်၍ တင်ဒါစာရွက်စာတမ်းများအား အီလက်ထရောနစ်နည်းစနစ်ဖြင့်ဖြန့်ဝေလျှင် ယင်းစနစ်အနေဖြင့် တင်ဒါဆိုင်ရာအချက်အလက်များကို ပြောင်းလဲပြင်ဆင်မှုများ မရှိနိုင်စေရန် ကာကွယ်ကန့်သတ်မှုများဖြင့် သေချာလုံခြုံအောင်ပြုထားရမည်ဖြစ်ပြီး စာရွက်စာတမ်းများအား တင်ဒါတင်သူများဝင်ရောက်ရယူမှုအတွက်မူ ခွင့်ပြုပေးရပါမည်။ တင်ဒါစာရွက်စာတမ်းများပါ အရေးပါသည့် အခန်းကဏ္ဍများအတွက်လမ်းညွှန်ချက်ကို အောက်ပါစာပိုဒ်များတွင် ဖော်ပြထားပါသည်။

၂.၁၂ ငွေချေးယူသူသည် ဘဏ်မှထုတ်ပေးသော သင့်လျော်သည့် စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းပုံစံများ(SBDs)ကို ဘဏ်မှလည်းလက်ခံနိုင်ပြီး စီမံကိန်း၏သီးခြားအခြေအနေနှင့် ကိုက်ညီအောင်

လိုအပ်သလို ပြောင်းလဲမှုအနည်းဆုံးပြုလုပ်ကာ အသုံးပြုနိုင်သည်။ ယင်းကဲ့သို့ မည်သည့်ပြောင်းလဲမှုများကိုမဆို တင်ဒါ သို့မဟုတ် ကန်ထရိုက်၏အချက်အလက်စာရွက်များ သို့မဟုတ် ကန်ထရိုက်၏ထူးခြားသော အခြေအနေ(SCC)များမှတစ်ဆင့်သာဖော်ပြရမည်ဖြစ်ကာ ဘဏ်မှထုတ်ပေးသော SBDs ပါ စာသားများအတွင်း ပြောင်းလဲဖော်ပြခြင်း မပြုရပါ။ သင့်လျော်သော မည်သည့် SBDs မျှမရှိသည့်အခါ ငွေချေးယူသူ အနေဖြင့် ဘဏ်မှလက်ခံနိုင်ပြီး နိုင်ငံတကာအသိအမှတ်ပြုထားသော အခြားသောကန်ထရိုက်ချုပ်ဆိုခြင်းဆိုင်ရာ စံသတ်မှတ်ချက်ပုံစံများအား အသုံးပြုနိုင်ပါသည်။

**တင်ဒါများ၏ဈေးနှုန်းအတည်ပြုမှုသက်တမ်းကာလနှင့်တင်ဒါအာမခံကြေး (Validity of Bids and Bid Security)**

၂.၁၃ တင်ဒါတင်သွင်းသူများသည် တင်ဒါစာရွက်စာတမ်းများထဲတွင် တင်ဒါဈေးနှုန်းအတည်ဖြစ်နေသော ကာလ (တင်ဒါသက်တမ်းကာလ) အား ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ယင်းကာလသည် ငွေချေးယူသူ အနေဖြင့် တင်ဒါတစ်ခုအတွင်းမှ အခြားသောအဆိုပြုလွှာတင်ဒါအချက်အလက်များနှင့် အပြီးသတ် နှိုင်းယှဉ် သုံးသပ်စိစစ်အကဲဖြတ်မှုပြုနိုင်စေရန်၊ ငွေချေးယူသူ၏လုပ်ပိုင်ခွင့်အတွင်းမှ လိုအပ်သည့်အတည်ပြုချက်များ ရယူရန်၊ စာချုပ်ချုပ်ဆိုရန်ထောက်ခံမှုအား ဘဏ်မှကန့်ကွက်မှုမရှိကြောင်းရယူရန် (ဂယ်ယူမှုအစီအစဉ်အရ လိုအပ်လျှင်)အတွက် လုံလောက်သောအချိန်ကာလဖြစ်သင့်ပြီး သို့မှသာ အဆိုပါကာလအတွင်းကန်ထရိုက် စာချုပ်ချုပ်ဆိုခွင့် ရနိုင်မည်ဖြစ်သည်။

၂.၁၄ ငွေချေးယူသူများသည် တင်ဒါအာမခံကြေးအား တောင်းခံပိုင်ခွင့်ရှိသည်။ ထိုသို့တောင်းခံလျှင် ယင်းအာမခံကြေး[38] သည် တင်ဒါစာရွက်စာတမ်းများတွင်ဖော်ပြထားသည့် ပမာဏနှင့်ပုံစံများအတိုင်းဖြစ်ပြီး ကာလသက်တမ်းတစ်ခု အသက်ဝင်နေမည်ဖြစ်ကာ (ယေဘုယျအားဖြင့် တင်ဒါအတည်ဖြစ်မှုသက်တမ်း ထက် ၄ပတ်ကျော်လွန်လျက်) ယင်းကာလသည် အကယ်၍ အာခမံကြေး တောင်းယူရမည်ဆိုပါက ငွေချေးယူသူအဖို့ ယင်းအာမခံကြေးအားတောင်းခံနိုင်ရန် သင့်တင့်မျှတသော ကာလအတိုင်းအတာ ဖြစ်ရမည်ဖြစ်သည်။ တင်ဒါအောင်မြင်သူနှင့်လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပြီးသောအခါမှသာ အဆိုပါ တင်ဒါအာမခံများကို တင်ဒါကျရှုံးသူများထံ ပြန်လည်ပေးအပ်ရပါမည်။ တင်ဒါအာမခံကြေးအစား ငွေချေးယူသူများအနေဖြင့် တင်ဒါတင်သူများအား အကယ်၍ ၎င်းတို့အနေဖြင့် တင်ဒါအတည်ဖြစ်မှုသက်တမ်းကာလအတွင်း တင်ဒါများအား ပြန်လည်ထုတ်ယူခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ၎င်းတို့အနေဖြင့် ကန်ထရိုက်စာချုပ် ရရှိသောအခါ တင်ဒါတင်သည့် စာရွက်စာတမ်းပါသတ်မှတ်နောက်ဆုံးရက်မတိုင်မီ စာချုပ်လက်မှတ် ရေးထိုးရန် ငြင်းဆန်ခြင်း သို့မဟုတ် တင်ဒါအတွက်စာချုပ်ရသွားသူမှ လုပ်ဆောင်ချက်အတွက်အာမခံပေးရသော စပေါ်ငွေ ပေးသွင်းရန် ပျက်ကွက်ခြင်းတို့ပြုလုပ်ပါက တင်ဒါခေါ်ယူသည့် မည်သည့် ကန်ထရိုက်စာချုပ်အမျိုးအစား အတွက်ကိုမဆို ၎င်း တင်ဒါတင်သွင်းသူအား အရည်အချင်းပြည့်ဝသူအဖြစ် သတ်မှတ်ခြင်းအား တင်ဒါ

---

[38] တင်ဒါအာမခံကြေးပုံစံသည် SBDs နှင့်အညီဖြစ်သင့်ပြီး ၎င်းကိုတင်ဒါတင်သူက ရွေးချယ်ကာ အာမခံလုပ်ငန်းသို့ ငွေချေး စာချုပ်ထုတ်ဝေသူ သို့မဟုတ် အာမခံကုမ္ပဏီကဲ့သို့သော ယုံကြည်စိတ်ချထိုက်သောဘဏ် သို့မဟုတ် ဘဏ္ဍာရေး အဖွဲ့အစည်းတစ်ခုမှ ထုတ်ဝေခြင်းဖြစ်ရပါမည်။ အကယ်၍ ရွေးချယ်သောအဖွဲ့အစည်းသည် ငွေချေးယူသူ၏နိုင်ငံအပြင်ဘက်တွင်တည်ရှိလျှင် ယင်းကိစ္စ ဆောင်ရွက်နိုင်ရန် ၎င်းအဖွဲ့အစည်းသည် ပြည်တွင်းတွင် အလားတူ ကိုယ်စားဆက်စပ်ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် တရားဝင် ဆက်သွယ်လုပ်ကိုင်နိုင်ရမည်ဖြစ်ပြီးငွေချေးယူသူမှလိုက်နာရန်ကြပ်မတ်နိုင်သူဖြစ်ရမည်။တင်ဒါတင်သူမှအခြားအရည်အချင်းပြည့်ဝသော မည်သည့်နိုင်ငံမှဘဏ်အာမခံကိုမဆိုတင်ပြနိုင်ရန်ခွင့်ပြုရမည်။

တင်သည့်စာရွက်စာတမ်းပါ သတ်မှတ်ကာလတစ်ခုအထိ ဆိုင်းငံ့ခံရမည်ဖြစ်ကြောင်း သဘောတူညီသည့် ကြေညာချက်အား လက်မှတ်ရေးထိုးစေနိုင်ပါသည်။

**ဘာသာစကား (Language)**

၂.၁၅ ကြိုတင်အရည်အသွေးစစ်ဆေးခြင်းနှင့် တင်ဒါစာရွက်စာတမ်းများကို ငွေချေးယူသူသည် အင်္ဂလိပ် သို့မဟုတ် ပြင်သစ် သို့မဟုတ် စပိန်စသည့် ဘာသာစကားတစ်ခုခုဖြင့် ဖော်ပြရပါမည်။ အထက်ပါ ဘာသာစကားများအပြင် ငွေချေးယူသူအနေဖြင့် အခြားဘာသာစကားများဖြင့်လည်း ဘာသာပြန်ဆိုမှု ပြုလုပ်နိုင်ရာ ယင်းဘာသာစကားသည် (က) ငွေချေးယူသူနိုင်ငံ၏ မိခင်ဘာသာစကားဖြစ်ခြင်း (ခ) ငွေချေးယူသူနိုင်ငံအတွင်း ရောင်းဝယ်ဖောက်ကားရာ၌အသုံးပြုသော ဘာသာစကားဖြစ်ခြင်းတို့ ဖြစ်သင့်ကာ ယင်းတို့အား နောက်ပိုင်းတွင်မိခင်ဘာသာစကား[39] ဟုသာ သုံးနှုန်းပါမည်။ အကယ်၍ အဆိုပါ အချက်အလက်များအား ဘာသာစကားနှစ်မျိုးဖြင့် ထုတ်ပြန်ထားပါက တင်ဒါတင်မည့်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကြိုတင်အရည်အသွေးစစ်ဆေးခြင်းနှင့် တင်ဒါတင်သည့်စာရွက်စာတမ်းများအား တင်ဒါပါ ဘာသာစကားနှစ်မျိုးအနက် နှစ်သက်ရာတစ်မျိုးဖြင့် တင်ပြနိုင်သည်။ တင်ဒါအနိုင်ရရှိသူနှင့်ချုပ်ဆိုသည့် ကန်ထရိုက်စာချုပ်အား ၎င်းတင်ဒါတင်စဉ်ကအသုံးပြုခဲ့သော ဘာသာစကားဖြင့်သာချုပ်ဆိုမည်ဖြစ်ကာ ယင်းဘာသာစကားအား ငွေချေးယူသူနှင့်တင်ဒါရရှိသူအကြား စာချုပ်စာတမ်းဆိုင်ရာဆက်သွယ်မှုတွင် အဓိက အသုံးပြုရမည်ဖြစ်သည်။ အကယ်၍ စာချုပ်ကိုငွေချေးယူသူ၏ မိခင်ဘာသာစကားနှင့်ချုပ်ဆိုထားပါက နောက်ဆက်တွဲ(၁)အရ မူရင်းစာချုပ်အား ကမ္ဘာ့ဘဏ်သို့တင်သွင်းသည့်အခါ ၎င်းကို တိကျသော ဘာသာပြန်ဆိုမှုအဖြစ် အင်္ဂလိပ် သို့မဟုတ် ပြင်သစ် သို့မဟုတ် စပိန်ဘာသာစကားတစ်ခုခုနှင့်တင်ပြရပါမည်။ တင်ဒါတင်သူများအနေဖြင့် ဘာသာစကားတစ်ခုထက်ပို၍ စာချုပ်လက်မှတ်ရေးထိုးရန်လိုအပ်ခြင်း သို့မဟုတ် ခွင့်ပြုခံရခြင်း မရှိရပါ။

**တင်ဒါစာရွက်စာတမ်းအချက်အလက်များအားရှင်းလင်းခြင်း (Clarity of Bidding Documents)**

၂.၁၆ တင်ဒါခေါ်ယူခြင်းဆိုင်ရာစာရွက်စာတမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာယှဉ်ပြိုင်မှုကိုခွင့်ပြုနိုင်ရန်နှင့် အားပေးရန်အတွက် စကားလုံးများရွေးချယ်သုံးနှုန်းရမည်ဖြစ်ကာ လုပ်ငန်းဆောင်ရွက်ရမည့်နေရာ၊ လုပ်ငန်း၏တည်နေရာ၊ ရောင်းချနိုင်မည့်ကုန်ပစ္စည်းများ၊ ဖြန့်ဖြူးရမည့်နေရာ သို့မဟုတ် တပ်ဆင်ရမည့်နေရာ၊ ဖြန့်ဖြူးမှုအတွက်အချိန်ဇယား သို့မဟုတ် ပြီးဆုံးချိန်၊ လုပ်ငန်းလုပ်ဆောင်ရန်အနိမ့်ဆုံးလိုအပ်ချက်များ၊ အာမခံချက်၊ပြုပြင်ထိန်းသိမ်းပေးရန်လိုအပ်ချက်များနှင့်အခြားအကျုံးဝင်သောသတ်မှတ်ချက်နှင့်အခြေအနေများ စသည်တို့ကို ရှင်းလင်းတိကျစွာဖော်ပြပေးရမည်။ ထို့အပြင် တင်ဒါခေါ်ယူခြင်းဆိုင်ရာစာရွက်စာတမ်းများသည်

---

[39] အသုံးပြုမှုများသောဘာသာစကားကိုဘဏ်မှလက်ခံရမည်။ ငွေချေးယူသူသည်အချက်အလက်များကိုမိခင်ဘာသာစကားသို့ဘာသာပြန်ဆိုပေးရာတွင်အပြည့်အဝတာဝန်ရှိပါသည်။ အင်္ဂလိပ်၊ပြင်သစ်၊စပိန်ဘာသာစကားများဖြင့်ပြန်ဆိုသည့်စာရွက်စာတမ်းများနှင့်ခြားနားသောအဓိပ္ပါယ်ပေါ်ပေါက်ပါက ယင်းဘာသာစကားများဖြင့်စာသားသည်သာအတည်ဖြစ်သည်။ငွေချေးယူသူအတွက် မိခင်ဘာသာစကားတစ်မျိုးထက်ပိုရှိပါက တရားဝင်အသုံးပြုသောဘာသာစကားအတွက်ပြည်တွင်းဥပဒေတစ်ရပ်လိုအပ်ကာငွေချေးယူသူအနေဖြင့် တင်ဒါစာရွက်စာတမ်းနှင့်ကြိုတင်အရည်အချင်းစစ်ဆေးမှုအတွက်နှစ်သက်ရာတစ်မျိုးအားအသုံးပြုနိုင်ပြီး အခြားဘာသာစကားများသို့ဘာသာပြန်ဆိုပေးနိုင်သည်။

စက်ပစ္စည်းကိရိယာများဆိုင်ရာကိုက်ညီအသုံးဝင်မှုအား ဖြန့်ဖြူးစဉ် သို့မဟုတ် ဆောင်ရွက်စဉ်စစ်ဆေးနိုင်ရန် အလို့ငှာစမ်းသပ်မှုများ၊ စံသတ်မှတ်ချက်များနှင့်နည်းလမ်းများအား လိုအပ်ပါက အသေးစိတ်ညွှန်ကြားချက် နှင့် တကွသတ်မှတ်ဖော်ပြနိုင်ရမည်။ ပုံကားချပ်များနှင့်နည်းပညာအချက်အလက်များသည် ကိုက်ညီမှုရှိရမည်။ ခြားနားချက်ရှိပါက မည်သည့်အရာကိုဦးစားပေးဆုံးဖြတ်ရမည်ကို ပြဋ္ဌာန်းရမည်။

၂.၁၇ တင်ဒါခေါ်ယူခြင်းဆိုင်ရာစာရွက်စာတမ်းများသည် ဈေးနှုန်းအပြင် တင်ဒါစိစစ်အကဲဖြတ်ရာ၌ ထည့်သွင်းစဉ်းစားရမည့်မည်သည့်အချက်မျိုးကိုမဆို သတ်မှတ်ဖော်ပြကာ အဆိုပါအချက်များအား မည်သို့ အကဲဖြတ်အမှတ်ပေးမည် သို့မဟုတ် အကဲဖြတ်ဆန်းစစ်မည်ကိုဖော်ပြရမည်။ အကယ်၍ မတူညီသောဒီဇိုင်းများ၊ ပစ္စည်းများ၊ ပြီးစီးရမည့်ကာလများ၊ ငွေပေးချေမှုနည်းလမ်းများစသည်တို့အား ခွင့်ပြုထားသောတင်ဒါများအတွက် ၎င်းတို့အား လက်ခံနိုင်သောအခြေအနေနှင့် စိစစ်အကဲဖြတ်မှုနည်းလမ်းများနှင့်ပတ်သက်၍ တိကျစွာ ဖော်ပြထားရမည်။

၂.၁၈ တင်ဒါပါဝင်အဆိုပြုသူများအားလုံးသည် တူညီသော သတင်းအချက်အလက်များအား ရရှိမည်ဖြစ်ကာ နောက်ထပ်သတင်းအချက်အလက်များကိုလည်း အခွင့်အရေးတန်းတူပေးသည့်အနေနှင့် အချိန်နှင့်တစ်ပြေးညီ ရရှိမည်ဖြစ်သည်။ ငွေချေးယူသူများသည် တင်ဒါတင်သွင်းသူများကို စီမံကိန်းနယ်မြေသို့ ဝင်ရောက်လေ့လာခွင့် သင့်လျော်သလိုခွင့်ပြုရပါမည်။ တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် ရှုပ်ထွေးသည့်ထောက်ပံ့မှုလုပ်ငန်းများ အထူးသဖြင့် လက်ရှိလုပ်ငန်းနှင့်စက်ပစ္စည်းကိရိယာများအား ပြန်လည်ပြင်ဆင်မွမ်းမံရန်လိုအပ်ခြင်းကဲ့သို့သောကန်ထရိုက်များအတွက် တင်ဒါပွဲအကြို အစည်းအဝေး တစ်ခုအားပြုလုပ်ခြင်းဖြင့် အလားအလာရှိသော တင်ဒါတင်သူများအနေဖြင့် ငွေချေးယူသူ ကိုယ်စားပြုသူများအားတွေ့ဆုံကာ မရှင်းလင်းသည့်အချက်များအား (လူကိုယ်တိုင် သို့မဟုတ် online)မှ မေးမြန်းနိုင်သည်။ ၎င်းအစည်းအဝေးမှဆွေးနွေးချက်များကို အခြား အလားအလာရှိသော တင်ဒါ တင်မည့်သူများထံပေးပို့ကာ ဘဏ်သို့လည်း မိတ္တူတစ်စောင် (စာဖြင့် သို့မဟုတ် electronic နည်းဖြင့်) ပေးပို့ ရပါမည်။ နောက်ထပ်သတင်းအချက်အလက်များ၊ ရှင်းလင်းချက်များ၊ အမှားပြင်ဆင်ချက်များ စသည်တို့အပါအဝင် တင်ဒါစာရွက်စာတမ်းပြင်ဆင်ချက်များကို မှတ်တမ်းထဲရှိ လက်ခံရရှိသော မူလ တင်ဒါ စာရွက်စာတမ်းတင်သူတစ်ဦးချင်းထံနှင့် တင်ဒါတင်သူများအားလုံးထံသို့ ၎င်းတို့အနေဖြင့် လိုအပ်သော တုံ့ပြန်ဆောင်ရွက်မှုများအတွက် လုံလောက်သောအချိန်ရရှိနိုင်ရန် တင်ဒါနောက်ဆုံးလက်ခံမည့်ရက်မတိုင်ခင် ဆောင်ရွက်နိုင်ရန် လုံလောက်သောအချိန်ကာလတစ်ခုအတွင်း ပေးပို့ရမည်။ တင်ဒါစာရွက်စာတမ်းထဲမှ မည်သည့်ပြင်ဆင်ပြောင်းလဲချက်မဆို နောက်ဆက်တွဲအနေဖြင့် တင်ပြရမည်။ လိုအပ်ပါက တင်ဒါ နောက်ဆုံးလက်ခံမည့်ရက်အား နောက်ဆုတ်နိုင်သည်။ ကန်ထရိုက်စာချုပ်အနေဖြင့် ဂယ်ယူရေး လုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်း အမျိုးအစားဖြစ်ပါက လိုအပ်သည့်အခါ ဘဏ်မှမိတ္တူတစ်စောင် (စာဖြင့် သို့မဟုတ် electronic နည်းဖြင့်)အား လက်ခံရယူကာ ကန့်ကွက်ချက်မရှိကြောင်းအတည်ပြုပေးရန် အတိုင်ပင်ခံပေးရမည်။

**စံသတ်မှတ်ချက်များ (Standards)**

၂.၁၉ တင်ဒါတင်သွင်းခြင်း စာရွက်စာတမ်းအချက်အလက်များတွင် ဖော်ပြထားသော စံသတ်မှတ်ချက်များနှင့်နည်းပညာဆိုင်ရာသတ်မှတ်ချက်များသည် ဂယ်ယူရေးလုပ်ငန်းစဉ်အောက်ရှိ ကုန်ပစ္စည်း

ဂယ်ယူခြင်းများနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကကျသော လုပ်ငန်းဆောင်ရွက်ချက် သို့မဟုတ် အခြားလိုအပ်ချက်များကို သေချာခိုင်မာစေသည့်အပြင် ကျယ်ပြန့်သောယှဉ်ပြိုင်လိုမှုတစ်ခု ဖြစ်စေပါသည်။ ဖြစ်နိုင်လျှင် ငွေချေးယူသူသည် နိုင်ငံတကာစံသတ်မှတ်ချက်အဖွဲ့အစည်းမှ စက်ပစ္စည်းများ သို့မဟုတ် ပစ္စည်းကိရိယာများ သို့မဟုတ် ကျွမ်းကျင်လုပ်သားများနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော နိုင်ငံတကာ လက်ခံသည့်စံသတ်မှတ်ချက်များဖြင့်ကိုက်ညီသော ဖော်ပြချက်များဖြင့် ဖော်ပြပေးရပါမည်။ နိုင်ငံတကာ စံသတ်မှတ်ချက်များမရှိသောအခါ သို့မဟုတ် မသင့်တော်သောအခါ ပြည်တွင်းစံသတ်မှတ်ချက်ကို ဖော်ပြနိုင်သည်။ အကယ်၍စက်ပစ္စည်းများ သို့မဟုတ် ပစ္စည်းကိရိယာများ သို့မဟုတ် ကျွမ်းကျင် လုပ်သားများနှင့်ပတ်သက်၍ တင်ဒါတင်သွင်းခြင်းစာရွက်စာတမ်းအချက်အလက်ပါ အခြား စံသတ်မှတ်ချက် များသည် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အတော်လေး နီးစပ်တူညီမှုရှိသော မည်သည့်အခြေအနေမျိုး မဆိုလည်း လက်ခံနိုင်သည်။

### ကုန်အမှတ်တံဆိပ်များအသုံးပြုမှု (Use of Brand Names)

၂.၂၀ လိုအပ်ချက်များသည် ပစ္စည်း၏အသေးစိတ်အချက်အလက်နှင့်စွမ်းဆောင်ရည်အပေါ် အခြေခံရမည်။ ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းစာရင်းစဉ် သို့မဟုတ် အလားတူ အမျိုးအစားခွဲခြားထားမှုတွေများနှင့် ရည်ညွှန်းကိုးကားခြင်းများ ရှောင်ရှားရမည်။ အကယ်၍ အခြားမပြည့်စုံသောဖော်ပြချက်များအား သိရှိ နားလည်နိုင်စေရန် ထုတ်လုပ်သူတစ်ဦး၏ ကုန်အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းစာရင်းစဉ်တို့ကို ကိုးကားဖို့ လိုအပ်လာလျှင် "အလားတူကဲ့သို့" ဟူသောစကားလုံးမျိုးအား အဆိုပါ ရည်ညွှန်းကိုးကားမှု နောက်တွင် ထည့်သွင်းဖော်ပြရမည်။ အနည်းဆုံးအားဖြင့် သတ်မှတ်ချက်များနှင့် အတော်လေးနီးစပ်မှုရှိကာ သက်ဆိုင်ရာ လိုအပ်သော လက္ခဏာရပ်များအပြင် လိုအပ်သောအရည်အချင်းကိုလည်း လုပ်ဆောင်နိုင်သည့် ကုန်စည်အမှာကမ်းလှမ်းချက်များအား သတ်မှတ်ထားသော အသေးစိတ်ဖော်ပြချက်အဖြစ်လည်း လက်ခံနိုင်ရသည်။ ငွေချေးယူသူမှ တင်ဒါစာရွက်စာတမ်း အချက်အလက်များတွင် အထူးသဖြင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာစနစ်များကဲ့သို့ ကုန်စည်အမျိုးအစားအချို့အတွက် ကုန်စည် အမှတ်တံဆိပ်တစ်ခုအား အခြားအလားတူအမည်မပါဘဲ မထုတ်ပြန်မီ ဘဏ်၏သုံးသပ်စစ်ဆေးမှု ခံယူရန် နှင့်ကန့်ကွက်ခြင်းမရှိစေရန်လက်ရှိစနစ်နှင့်ကိုက်ညီမှု၊ကုန်ပစ္စည်းအသစ်နှင့်ယခင်ရင်းနီးမြုပ်နှံထားသောကုန်အမှ တ်တံဆိပ်တို့တွဲဖက်အသုံးပြုရန်လိုအပ်မှုစသည် ရှင်းလင်းပြီးကျိုးကြောင်းခိုင်လုံသော၊ လက်ခံနိုင်ဖွယ်ရှိသော အကြောင်းပြချက်ကိုဘဏ်သို့ တင်ပြရမည်ဖြစ်သည်။

### ဈေးနှုန်းသတ်မှတ်ခြင်း (Pricing)

၂.၂၁ ပြည်ပမှထုတ်လုပ်သောကုန်ပစ္စည်းများနှင့် သွင်းကုန်အားလုံးအတွက် ကုန်စည်တင်ဒါ ဖိတ်ခေါ်မှုကိုCIP[40] (ရည်မှန်းနေရာအရောက်) ပေါ်မူတည်ပြီး ကမ်းလှမ်းပါသည်။

---

[40] အချိန်နှင့်အမျှပြင်ဆင်မှု သို့ ၊နိုင်ငံတကာကုန်သည်ကြီးများအသင်း38 Cours Albert 1er75008, Paris, Franceမှထုတ်ဝေသည့်Current inconterms 2010အားရည်ညွှန်းလျက်။ CIP သည်သယ်ယူခနှင့် အာမခံကြေး (ရည်မှန်းနေရာအရောက်) ဖြစ်သည်။ ဘက်စုံသယ်ယူပို့ဆောင်ရေးအပါအဝင် ပို့ဆောင်သည့်နည်းလမ်းနှင့် မသက်ဆိုင်ပဲ သုံးနိုင်သည်။ ဤ CIP သည် အကောက်ခွန် ပေးရန်နှင့် အခွန်မဆောင်ရသေးသောသွင်းကုန်အတွက်ဖြစ်ကာ ငွေချေးယူမှ အကောက်ခွန်နှင့် အခွန်အခများ တာဝန်ယူပေး

အမှန်အကောက်ခွန်တန်ဖိုးနှင့် သွင်းကုန်ခွန်ပေးဆောင်ပြီးသားတန်ဖိုးကိုသီးခြားဖော်ပြလျက် ယခင်က သွင်းခဲ့သောသွင်းကုန်များအတွက် တင်ဒါဖိတ်ခေါ်မှုကိုCIP (ရည်မှန်းနေရာအရောက်) ပေါ်မူတည်ပြီးကမ်းလှမ်းမည်ဖြစ်သည်။ ငွေချေးယူသူ၏ တိုင်းပြည်အတွင်းထုတ်လုပ်သောကုန်ပစ္စည်းများအတွက်တင်ဒါကိုမူ ရည်မှန်းနေရာအရောက် ပြည်တွင်း သယ်ယူပို့ဆောင်စရိတ်နှင့် ထပ်ပေါင်းအာမခံကြေးများနှင့် EXW [41] (နေရာရှိဈေး၊ လုပ်ငန်းနေရာရှိဈေး၊ စက်ရုံဈေး၊ဆိုင်ဈေး)အပေါ်မူတည်ပြီး ကမ်းလှမ်းဖိတ်ခေါ်ပါသည်။ တင်ဒါတင်သူများအား ပင်လယ် ရေကြောင်းခရီးနှင့် အခြားသယ်ယူပို့ဆောင်ရေးစနစ်များအားစီစဉ်ခွင့်ပြုကာ သက်ဆိုင်သောအာမခံတို့ကို မည်သည့်အရည်အချင်းပြည့်ဂသူမှမဆို ရယူခွင့်ပေးပါသည်။ [42] ဤနေရာတွင်တပ်ဆင်ခြင်း၊လွှဲအပ်ခွင့်ပြုခြင်း၊ အခြား အလားတူဂန်ဆောင်မှုများအားထောက်ပံ့မှုနှင့် တပ်ဆင်ရေးဆိုင်ရာကန်ထရိုက်စာချုပ်မှာကဲ့သို့ပင် အာမခံအတွက်တင်ဒါတင်သွင်းသူမှဆောင်ရွက်ရမည်ဖြစ်ကာ ဤအာမခံ ဂန်ဆောင်မှုများအတွက်လည်း အဆိုပြုလွှာတင်ခြင်းလုပ်ရမည်။

၂.၂၂ စာချုပ်တစ်ခုတည်းဖြင့်သီးသန့်တာဝန်ယူထားသည့်ကန်ထရိုက်စာချုပ်များ (အသင့်လွှဲနိုင်သော လုပ်ငန်းမျိုးအပါအဂင်) ချုပ်ဆိုမည်ဆိုပါက တင်ဒါတင်သူများသည် စက်ပစ္စည်းကိရိယာများထောက်ပံ့မှု၊ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့်အာမခံကြေး၊တပ်ဆင်မောင်းနှင်ခြင်း၊လွှဲအပ်ခွင့်ပြုခြင်းနှင့် ဆက်စပ် နေသောဆောက်လုပ်ရေးများအတွက် ကုန်ကျစရိတ်များအပါအဂင် စီမံကိန်းနေရာရှိစက်ရုံ သို့မဟုတ် လုပ်ငန်း လည်ပတ်ရေးတပ်ဆင်မှုများအတွက် ဈေးနှုန်းများနှင့်ဒီဇိုင်းရေးဆွဲခြင်း၊ ထိန်းသိမ်းခြင်း၊ လည်ပတ်မောင်းနှင်ခြင်း စသည့်ကန်ထရိုက်အတိုင်းအတာပါ အခြားသောဂန်ဆောင်မှုများအားလုံးအတွက် ဈေးနှုန်းများအား အဆိုပြုလွှာတင်ရမည်ဖြစ်သည်။ တင်ဒါစာရွက်စာတမ်းများအတွင်း သီးခြားသတ်မှတ်ဖော်ပြထားမှုမရှိလျှင် အသင့်လွှဲနိုင်သောလုပ်ငန်းမျိုးစာချုပ်ချုပ်ဆိုမှုတွင် အကောက်ခွန်များ၊အခွန်အခများနှင့်အခြားစည်းကြပ်ခွန်များ ပါဂင်သည်။ [43]

---

ရမည်ဖြစ်ပြီး သွင်းယူပြီးသားနှင့် ထပ်မံသွင်းယူမည့်ကုန်စည်များအပါအဂင်ဖြစ်သည်။ သွင်းယူပြီးသားကုန်စည်များအတွက် ရည်ညွှန်း CIP တန်ဖိုးအား အကောက်ခွန်ကြေညာပြီးသား မူလသွင်းကုန်တန်ဖိုးမှ ခွဲခြားနိုင်မည်ဖြစ်ကာ ပြည်တွင်းကိုယ်စားလှယ်၏ ပြန်အမ်းခံရငွေ (သို့) စရိတ်အမြတ်များပေါင်းပြီးငွေများ ပါဂင်ရမည်။ သို့သော် ဂယ်ယူသူမှပေးဆောင်ရမည့် အကောက်ခွန်နှင့် အခွန်အခများမပါဂင်ပါ။

41 EXWဈေးနှုန်းတွင်ထုတ်လုပ်ခြင်းနှင့် တင်ဒါပါစက်ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းတွင်အသုံးပြုသော ကုန်ကြမ်းများ၊ အစိတ် အပိုင်းများအတွက် ပေးဆောင်ခဲ့ပြီးသော ပေးဆောင်ရဖွယ်ရှိသော အကောက်ခွန်များ၊ အရောင်းခွန်များ၊ နှင့် အခြား အခွန် အမျိုး အစားများ ပါဂင်သည်။ ထုတ်လုပ်ပြီးကုန်ပစ္စည်းများတွင် ပြည်တွင်း၌တပ်ဆင်သောပစ္စည်းများလည်း ပါဂင်သည်။

42 အပိုဒ်ခွဲ ၁.၈၊၁.၉နှင့်၁.၁ဂကိုလေ့လာပါ။

43 Turmkey Contract စာချုပ်အတွက် တင်ဒါပါကုန်ပစ္စည်းများကို DDP ပေါ်အခြေခံ၍ဖိတ်ခေါ်ပြီး တင်ဒါသွင်းသူသည် ၎င်းတို့၏ တင်ဒါအားပြင်ဆင်သည့်အခါ သွင်းကုန်နှင့်ငွေချေးယူသူတိုင်းပြည်တွင်းထုတ်လုပ်သောကုန်ပစ္စည်းများကြားတွင်အကောင်းဆုံးစီစဉ်မှု ကိုလွတ်လွတ်လပ်လပ်ရွေးချယ်ပြုလုပ်သင့်သည်။

၂.၂၃ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် တင်ဒါတင်သူများသည် ၎င်းလုပ်ငန်းအမျိုးအစားများအတွက် စွမ်းဆောင်နိုင်မှုအား တစ်ယူနစ်ဈေးနှုန်းဖြင့်လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းဈေးနှုန်းများဖြင့်လည်းကောင်း တင်ရမည်ဖြစ်ကာ အဆိုပါ ဈေးနှုန်းများတွင် အကောက်ခွန်များ၊အခွန်အခများနှင့် အခြားစည်းကြပ်ခွန်များပါရှိရမည်ဖြစ်သည်။ တင်ဒါတင်သူများသည် မည်သည့်သင့်လျော်သည့်ရင်းမြစ်ဆီကမဆို လိုအပ်သောသွင်းအားစု (ကျွမ်းကျင်မှုမရှိသည့်လုပ်သားများမှလွဲ၍)များအား ရယူခွင့်ပြုခံရကာ အများနှင့်ယှဉ်ပြိုင်နိုင်ဆုံးသောစရိတ်သက်သာသည့်တင်ဒါများအား တင်သွင်းနိုင်မည်ဖြစ်သည်။

**ဈေးနှုန်းညှိနှိုင်းခြင်း (Price Agjustment)**

၂.၂၄ တင်ဒါစာရွက်စာတမ်းများသည် တင်ဒါတင်သွင်းရာတွင် (က) တင်ဒါဈေးနှုန်းသည် ပုံသေဖြစ်သည် သို့မဟုတ် (ခ) အလုပ်သမားခ၊ စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းနှင့်လောင်စာဆီစသည့် စာချုပ်ပါ အဓိကကုန်ကျစရိတ်ဆိုင်ရာအကြောင်းအရာများအပေါ် မူတည်၍ ဈေးနှုန်းညှိနှိုင်းပြောင်းလဲမှု (အတက် သို့မဟုတ် အကျ) ရှိနိုင်သည်ဆိုသည်ကို ထည့်သွင်းဖော်ပြရမည်။ ယင်းသို့ ဈေးနှုန်းညှိနှိုင်းပြောင်းလဲမှု ရှိနိုင်သည်ဆိုသည့်အချက်ကို (၁၈) လအတွင်း ကုန်ပစ္စည်းများအပြီးတင်သွင်းရမှု / တည်ဆောက်ရေးအလုပ် အပ်နှံရမည့်ရိုးရှင်းသောကန်ထရိုက်လုပ်ငန်းအမျိုးအစားဖြစ်ပါက ထည့်သွင်းဖော်ပြပေးရန် မလိုသော်လည်း (၁၈)လထက်ကျော်လွန်သောကန်ထရိုက်လုပ်ငန်းအတွက်မူ တင်ဒါတွင် ဖော်ပြပေးရမည်။ ပို၍တိုတောင်းသော ကာလအတွက် ကန်ထရိုက်လုပ်ငန်းများ၏ တင်ဒါစာရွက်စာတမ်း များတွင်လည်း အနာဂတ်တွင် ပြည်တွင်း သို့မဟုတ် ပြည်ပငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်ရန် မျှော်လင့်ရသည့်အခြေအနေမျိုး၌လည်း အလားတူ ဈေးနှုန်းပြောင်းလဲခြင်းဆိုင်ရာသတ်မှတ်ချက်များကို ထည့်သွင်းနိုင်သည်။ သို့သော် အချို့သောပစ္စည်း ကိရိယာများအတွက် အပြီးသတ်တင်သွင်းအပ်နှံရမည့်အချိန်ကို ထည့်သွင်း စဉ်းစားခြင်းမပြုဘဲ ပုံသေဈေးဖြင့်သာဖော်ပြပေးရခြင်းသည် သတ်မှတ်ထုံးစံတစ်ရပ်ဖြစ်နေပြီး ယင်းသို့သော ကိစ္စရပ်များတွင် ဈေးနှုန်းညှိနှိုင်းပြောင်းလဲနိုင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်မျိုးထည့်သွင်းရန် မလိုအပ်ပါ။

၂.၂၅ ဈေးနှုန်းအားညှိနှိုင်းပြောင်းလဲရာတွင် စုစုပေါင်းဈေးနှုန်းအား အစိတ်အပိုင်းတစ်ခုစီအဖြစ် ပိုင်းခြားပြီး အစိတ်အပိုင်းတစ်ခုစီအတွက် သတ်မှတ်ထားသော ဈေးနှုန်းအညွှန်းကိန်းများအားဖြင့် ညှိနှိုင်းပြောင်းလဲမှုပြုနိုင်သည်။ ကြိုတင်ပြဋ္ဌာန်းထားသောပုံသေနည်း သို့မဟုတ် ပုံသေနည်းများအသုံးပြုရမည်။ တင်သွင်းသောတင်ဒါစာရွက်စာတမ်းများတွင် အဆိုပါပုံသေနည်း(များ) နှင့် ဈေးနှုန်းညှိနှိုင်းပြောင်းလဲမှု စတင်အကျိုးသက်ရောက်မည့် ရက်စွဲတို့ကို သေချာရှင်းလင်းစွာ ဖော်ပြပေးရမည်။ အကယ်၍ ပေးချေမှုပြုလုပ်မည့်ငွေကြေးနှင့် သွင်းအားစုရင်းမြစ်နှင့်အလားတူအညွှန်းကိန်းတို့တွင် အသုံးပြုသည့်ငွေကြေးတို့ ကွဲလွဲမှုရှိပါက လွဲမှားသောညှိနှိုင်းပြောင်းလဲခြင်းမျိုးမဖြစ်လာနိုင်စေရန် ဖြည့်စွက်တွက်ချက်ရမည့်ကိန်းတစ်ခုကို ပုံသေနည်းအတွင်းထည့်သွင်းပေးရမည်။ ထူးခြားသည့် အခြေအနေများတွင် တင်ဒါနှင့်ပတ်သက်သော စာရွက်စာတမ်းများသည် ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကန်ထရိုက်လုပ်ငန်းရှင်ဘက်မှပေးပို့သည့် မှတ်တမ်းမှတ်ရာအထောက်အထားများ (အမှန်တကယ်ပေးချေရမည့်ငွေတောင်းခံပြေစာများအပါအဝင်) အပေါ် အခြေခံ၍ ဈေးနှုန်းညှိနှိုင်းပြောင်းလဲမှုပြုလုပ်ပေးနိုင်ကြောင်း ဖော်ပြရမည်။

**သယ်ယူပို့ဆောင်ရေးနှင့်အာမခံ (Transportation and Insurance)**

၂.၂၆ တင်ဒါဖိတ်ခေါ်သည့်စာရွက်စာတမ်းများတွင် ကုန်ပစ္စည်းထောက်ပံ့သူများနှင့် ကန်ထရိုက်လုပ်ငန်းရှင်များအား အရည်အချင်းပြည့်မီသော မည်သည့်ရင်းမြစ်များဆီမှမဆို သယ်ယူပို့ဆောင်ရေးနှင့် အာမခံဝန်ဆောင်မှုများရယူရန် ခွင့်ပြုနိုင်သည်။ တင်ဒါဖိတ်ခေါ်သည့်စာရွက်စာတမ်းများတွင် ကုန်ပစ္စည်းထောက်ပံ့သူများဘက်မှ လုပ်ဆောင်ပေးရမည့်အာမခံအမျိုးအစားနှင့်သက်တမ်းတို့ကို ဖော်ပြပေးထားရမည်။ ကန်ထရိုက်စာချုပ်အားလုံးအတွက် အများအားဖြင့်အလုံးစုံအာမခံထားပေးရန် သတ်မှတ်တောင်းဆိုလေ့ရှိသည်။ ကုန်ပစ္စည်းများနှင့်စာချုပ်တစ်ခုတည်းဖြင့် အလုံးစုံသီးသန့်တာဝန်ယူထားသည့်ကန်ထရိုက်စာချုပ်များအတွက် ကုန်ပစ္စည်းများပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းများအတွက် ချက်ချင်း အစားထိုးမှုပြုလုပ်နိုင်ရန် သယ်ယူပို့ဆောင်ရေးဆိုင်ရာအာမခံအောက်မှပေးလျော်ရန်ပမာဏသည် တင်သွင်းလာမည့်ကုန်ပစ္စည်း၏ ကန်ထရိုက်စာချုပ်ပါငွေကြေး သို့မဟုတ် လွတ်လပ်စွာပြောင်းလဲနိုင်သောငွေကြေးအားဖြင့် CIP တန်ဖိုး၏ အနည်းဆုံး၁၁၀% (တစ်ရာ့တစ်ဆယ်ရာခိုင်နှုန်း) ဖြစ်သည်။ လုပ်ငန်းတစ်ခုတည်းတွင် ကန်ထရိုက်လုပ်ငန်းရှင်အများအပြားပါဝင်သော အကြီးစားဆောက်လုပ်ရေး သို့မဟုတ် ပစ္စည်းထောက်ပံ့ခြင်းနှင့်တပ်ဆင်ခြင်းစီမံကိန်းများတွင်မူ စီမံကိန်းလုပ်ငန်းခွင်တစ်ခုလုံးလွှမ်းခြုံသည့်အာမခံကို ငွေချေးယူသူမှထားရှိရမည်ဖြစ်ပြီး ယင်းသို့သောအခြေအနေမျိုးတွင် အာမခံအတွက်ကုန်ကျစရိတ်ကို ဘဏ်မှရယူထားသည့်ငွေဖြင့်ကျခံသုံးစွဲမည်ဆိုပါက ငွေချေးယူသူအနေဖြင့် ယင်းအာမခံအတွက်ဈေးပြိုင်ခေါ်ယူမှုကို ဘဏ်မှလက်ခံနိုင်လောက်သောလုပ်ငန်းစဉ်များဖြင့် ရှာဖွေရွေးချယ်ရမည်။

၂.၂၇ ခြွင်းချက်အားဖြင့်ငွေချေးယူသူတစ်ဦးအနေဖြင့် ကန်ထရိုက်လုပ်ငန်းတစ်လျောက်လုံးအတွက် အာမခံရယူလိုခြင်းမရှိခြင်းနှင့် ယင်းအာမခံကိစ္စကိုမိမိကိုယ်တိုင်စီစဉ်လိုခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့်အာမခံထားလိုမှုများအား ပြည်တွင်းကုမ္ပဏီများ သို့မဟုတ် အခြားလျာထားသောရင်းမြစ်များအတွက် ချန်ထားလိုပါကဘဏ်သို့ (က) ရင်းမြစ်များသည်ကန်ထရိုက်စာချုပ်ပါကုန်ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းများအတွက် ချက်ချင်းအစားထိုးပေးလျော်မှုပြုလုပ်နိုင်ရန် ပြန်လည်ပေးလျော်ရမည့်လျော်ကြေးငွေအား ကန်ထရိုက်စာချုပ်ပါ ငွေကြေးယူနစ်များအနက် လွတ်လပ်စွာပြောင်းလဲနိုင်သည့်ငွေကြေးအားဖြင့် ချက်ချင်း ငွေပေးချေမှုပြုလုပ်ရန်အသင့်ရှိကြောင်းနှင့် (ခ) စွန့်စားရနိုင်ချေအားလုံးကိုလုံလုံလောက်လောက် ကာကွယ်ထားရှိကြောင်းကို ဘဏ်မှ လက်သင့်ခံနိုင်လောက်သည့်အထောက်အထားဖြင့် တင်ပြနိုင်ရမည်။ ထို့အပြင် ကုန်ပစ္စည်းများအားနိုင်ငံအတွင်းတင်သွင်းမှုများအတွက် တင်ဒါအဆိုပြုသူများအား အပိုဒ်ခွဲ၂.၂၁တွင်ဖော်ပြထားသော CIP (ရည်မှန်းနေရာအရောက်) တန်ဖိုးအပြင် FCA (ပေးပို့သည့်နေရာအမည်တပ်ထားသည့်) သို့မဟုတ် CPT (ရည်မှန်းနေရာအမည်တပ်ထားသည့်) တန်ဖိုး[44] များကိုလည်း ထည့်သွင်းဖော်ပြပေးရန် တောင်းဆိုနိုင်သည်။

စိစစ်အကဲဖြတ်ထားသည့် ကုန်ကျစရိတ်အနည်းဆုံးရရှိသော တင်ဒါရွေးချယ်မှုအား CIP (ရည်မှန်းနေရာအရောက်) တန်ဖိုးအပေါ် အခြေခံရမည်ဖြစ်သော်လည်း ငွေချေးယူသူမှ မိမိအစီအစဉ်ဖြင့် သယ်ယူပို့ဆောင်ရေးနှင့်/ သို့မဟုတ် အာမခံကိစ္စကိုဆောင်ရွက်သည့်အပြင် FCA သို့မဟုတ် CPT တန်ဖိုးများဖြင့်လည်း လက်မှတ်ရေးထိုးနိုင်သည်။ ယင်းသို့သောအခြေအနေမျိုးတွင် ဘဏ်၏ထောက်ပံ့ငွေသည်ကန်ထရိုက်စာချုပ်ပါ FCA သို့မဟုတ် CPT တန်ဖိုးများအတွက် ကန့်သတ်ထားသည်။

---

44 Incoterms 2010 အရ free carrier (named place) နှင့် carriage paid to (named place of destination) အသီးသီးဖြစ်သည်။

**ငွေကြေးယူနစ်ဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်များ (Currency Provisions)**

၂.၂၈ တင်ဒါသူများအနေဖြင့် တင်ဒါဖိတ်ခေါ်သည့်စာရွက်စာတမ်းများပါဖော်ပြရန်လိုအပ်မည့် ငွေကြေးယူနစ် သို့မဟုတ် ငွေကြေးယူနစ်များဖြင့် ၎င်းတို့၏ဈေးနှုန်းများအား ဖော်ပြရမည်ဖြစ်ပြီး တင်ဒါဖိတ်ခေါ်သည့် စာရွက်စာတမ်းတွင် မတူညီသောငွေကြေးယူနစ်များဖြင့်ဖော်ပြထားသောဈေးနှုန်းများအား ဈေးနှုန်းချင်း နှိုင်းယှဉ်နိုင်ရန်အတွက် ငွေကြေးယူနစ်တစ်ခုတည်းဖြစ်အောင် ပြောင်းလဲခြင်းလုပ်ငန်းစဉ်နှင့် ကန်ထရိုက် လုပ်ငန်းအတွက်ပေးချေမည့် ငွေကြေးယူနစ်များကိုထည့်သွင်းဖော်ပြရမည်။ အောက်ပါပြဋ္ဌာန်းချက်များ (အပိုဒ်ခွဲ၂.၂၉မှ၂.၃၃ထိ)သည် (က) တင်ဒါတင်သွင်းသူများအနေဖြင့် အဆိုပြုငွေကြေးယူနစ်နှင့် ပေးချေသည့် ငွေကြေးယူနစ်များအကြားငွေကြေးပြောင်းလဲမှုကြောင့် ဆုံးရှုံးရနိုင်ချေအနည်းဆုံးဖြစ်ရန်နှင့် အကောင်းမွန် အမှန်ကန်ဆုံး ဈေးနှုန်းကိုအဆိုပြုနိုင်စေရန်၊ (ခ) ခိုင်မာမှုအားနည်းသောငွေကြေးယူနစ်များသုံးစွဲသည့် နိုင်ငံများမှ တင်ဒါတင်သွင်းသူများအနေဖြင့် ပိုမိုခိုင်မာသောငွေကြေးယူနစ်ကိုအသုံးပြုရန် ရွေးချယ်နိုင်ခြင်းဖြင့် ၎င်းတို့၏ အဆိုပြုဈေးနှုန်းများပိုမိုခိုင်မာစေရန်နှင့် (ဂ) စိစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် မျှတ၍ ထင်သာ မြင်သာရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

**တင်ဒါငွေကြေးယူနစ် (Currency of Bid)**

၂.၂၉ တင်ဒါတင်သွင်းရန်ဖိတ်ခေါ်သည့်စာရွက်စာတမ်းများတွင် တင်ဒါတင်သွင်းသူများအနေဖြင့် အဆိုပြု ဈေးနှုန်းကို နှစ်သက်ရာငွေကြေးယူနစ်အားအသုံးပြု၍ဖော်ပြနိုင်ကြောင်း ထည့်သွင်းရေးသားနိုင်သည်။ တင်ဒါ တင်သွင်းသူအနေဖြင့် မတူညီသောနိုင်ငံခြားငွေကြေးယူနစ်များပေါင်းစည်းခြင်းအားဖြင့် အဆိုပြုဈေးနှုန်းကို ဖော်ပြလိုကလည်း နိုင်ငံခြားငွေကြေး၃မျိုးထက်မပိုစေဘဲဖော်ပြနိုင်သည်။ ထို့ပြင် ငွေချေးယူသူအနေဖြင့် ၎င်း၏ နိုင်ငံအတွင်းတွင်ကုန်ကျမည့်စရိတ်များနှင့်ဆိုင်သည့် အဆိုပြုဈေးနှုန်း၏အစိတ်အပိုင်းကို ၎င်း၏နိုင်ငံအတွင်း အသုံးပြုသောငွေကြေးယူနစ်[45]ဖြင့်တောင်းခံပေးရန် တင်ဒါတင်သွင်းသူအား တောင်းဆိုနိုင်သည်။

၂.၃၀ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် တင်ဒါစာရွက်စာတမ်းများတွင်မူ ငွေချေးယူသူအနေဖြင့် တင်ဒါတင်သွင်းသူများအား အဆိုပြုတင်ဒါဈေးနှုန်းအားလုံးကို ပြည်တွင်းသုံး ငွေကြေးဖြင့်သာဖော်ပြရန် တောင်းဆိုနိုင်ပြီး ၎င်း၏နိုင်ငံပြင်ပမှတင်သွင်းလာရန်မျှော်လင့်ရသည့် သွင်းအားစုများအတွက် တင်ဒါတင်သွင်းသူမှ နှစ်သက်ရာနိုင်ငံခြားငွေကြေးအများဆုံး ၃မျိုး အထိ သုံးစွဲ၍ ပေးချေရန်လိုအပ်ခြင်းကို အဆိုပြုတင်ဒါဈေးနှုန်း၏ ရာခိုင်နှုန်းတစ်ခုအဖြစ်ဖော်ပြလာပါက ယင်းအတွက် တွက်ချက်မှုပြုလုပ်ရန် ငွေလဲနှုန်းကိုပါ ထည့်သွင်းဖော်ပြစေရမည်။

**တင်ဒါနှိုင်းယှဉ်ကြည့်ရန်ငွေကြေးယူနစ်များအားပြောင်းလဲခြင်း (Currency Conversion for Bid Comparison)**

---

[45] ဤနေရာမှစ၍ "*ပြည်တွင်းသုံးငွေကြေး*" ဟုဆက်လက်သုံးနှုန်းသွားမည်။

၂.၃၁ တင်ဒါဈေးနှုန်းသည်တင်ဒါတင်သွင်းသူမှလိုအပ်သည့် အမျိုးမျိုးသောငွေကြေးယူနစ်များဖြင့် ပေးချေမှုအားလုံးကို စုပေါင်းထားခြင်းဖြစ်သည်။ ဈေးနှုန်းများအားနှိုင်းယှဉ်ကြည့်ရန်အတွက်မှု တင်ဒါဈေးနှုန်းများအားငွေချေးယူသူမှရွေးချယ်သည့်တစ်ခုတည်းသောငွေကြေးယူနစ် (ပြည်တွင်းသုံးငွေကြေး သို့မဟုတ် အပြည့်အဝပြောင်းလဲနိုင်သည့်နိုင်ငံခြားသုံးငွေကြေး)သို့ ပြောင်းလဲရမည်။ တင်ဒါစာရွက်စာတမ်းများတွင်လည်း ဖော်ပြထားရမည်။ ငွေချေးယူသူအနေဖြင့် ထိုသို့ ငွေကြေးယူနစ်ပြောင်းလဲတွက်ချက်မှုပြုလုပ်သည့်အခါ (ဗဟိုဘဏ်ကဲ့သို့သော) တရားဝင်အရင်းအမြစ်တစ်ခု သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခု သို့မဟုတ် တင်ဒါတွင်ထည့်သွင်းဖော်ပြထားခဲ့သော တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ရက်သတ္တပတ် (၄)ပတ်ထက်မစောဘဲ တင်ဒါဈေးနှုန်းတည်မြဲကာလကုန်ဆုံးမည့်မူလရက်ထက်နောက်မကျသည့် ကြိုတင်သတ်မှတ်ထားသောနေ့ရက်တွင် ထုတ်ဝေခဲ့သည့်နိုင်ငံတကာတွင်ဖြန့်ချိသော သတင်းစာတစ်စောင်က သတ်မှတ်ဖော်ပြထားသည့် ငွေလဲ(ရောင်းဈေး)နှုန်းထားကို အသုံးပြုရမည်။

## ပေးချေမှုဆိုင်ရာငွေကြေးယူနစ် (Currency of Payment)

၂.၃၂ ကန်ထရိုက်ဈေးနှုန်းအတွက်ငွေပေးချေမှုအားအပိုဒ်ခွဲ၂.၂၉တွင်ပါရှိသည့်အတိုင်းရွေးချယ် ခံရသောတင်ဒါတင်သွင်းသူ၏ တင်ဒါပါပေးချေရန်တောင်းဆိုထားခဲ့သည့် ငွေကြေးယူနစ်များ သို့မဟုတ် ငွေကြေးယူနစ်ကို အသုံးပြု၍ဆောင်ရွက်ရမည်။

၂.၃၃ တင်ဒါဈေးနှုန်းဖော်ပြရာတွင် ပြည်တွင်းသုံးငွေကြေးဖြင့်ဖော်ပြရန်လိုအပ်သော်လည်း ဈေးပြိုင်တင်သွင်းသူက တင်ဒါဈေးနှုန်း၏အစိတ်အပိုင်းတစ်ခုကို နိုင်ငံခြားငွေဖြင့်ပေးချေရန်တောင်းဆိုသည့်အခါ ပေးချေမှုအတွက် တွက်ချက်ရာတွင်နိုင်ငံခြားငွေဖြင့်ပေးချေရမည့်အစိတ်အပိုင်းအတွက်အရှုံး / အမြတ်တစ်စုံတစ်ရာမရှိစေရန် ယင်းတင်ဒါတွင်ဖော်ပြထားခဲ့သောနိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားကိုအသုံးပြု ရမည်။

## ငွေပေးချေမှုနည်းလမ်းများနှင့်သတ်မှတ်ချက်များ (Terms and Methods of Payment)

၂.၃၄ ငွေပေးချေမှုဆိုင်ရာသတ်မှတ်ချက်များသည်ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအတွက်အသုံးပြုလျက်ရှိသည့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှု ရှိရမည်။

(က) ကုန်ပစ္စည်းများပေးသွင်းရမည့်ကန်ထရိုက်လုပ်ငန်းများတွင် ပစ္စည်းတင်သွင်းသူဘက်က စာချုပ်ပါတာဝန်ဝတ္တရားများကို ပြည့်မီအောင်ဆောင်ရွက်ပြီးမှသာ စာချုပ်ပါပစ္စည်းများအားပေးပို့မှုနှင့်စစ်ဆေးမှုပြုလုပ်ပြီးသည်နှင့် အပြည့်အဝငွေပေးချေမှုပြုလုပ်ရမည်။ တပ်ဆင်ခြင်းနှင့်လုပ်ငန်းစတင်အပ်နှံခြင်းစာချုပ်များတွင်မှု ငွေပေးချေမှုတစ်စိတ်တစ်ဒေသ ပြုလုပ်ပြီးဖြစ်၍ စာချုပ်ပါအတိုင်း ပေးသွင်းသူတာဝန်အားလုံးလုပ်ဆောင်ပြီးမှပေးချေရမည်။ ဘဏ်သည် ကုန်ပစ္စည်းတင်သွင်းသူအား လျင်မြန်စွာငွေပေးချေမှုပြုလုပ်နိုင်စေရေးအတွက် letter of credit (LC) များကိုအသုံးပြုရန်လိုအပ်သည်။ စက်ရုံအလုပ်ရုံနှင့်စက်ပစ္စည်းများအတွက် အဓိကကန်ထရိုက်စာချုပ်များတွင် သင့်လျော်သောကြိုတင်ငွေပမာဏနှင့် ကန်ထရိုက်လုပ်ငန်းကာလကြာရှည်ပါက ထုတ်လုပ်မှု သို့မဟုတ် တပ်ဆင်မှုကာလအတွင်း လုပ်ငန်းတိုးတက်မှုဖြစ်စဉ်အလိုက်ပေးချေမည့်ပမာဏတို့အတွက် သတ်မှတ်ချက်များပါရှိရမည်။

(ခ) တည်ဆောက်ရေးလုပ်ငန်းများအတွက်ကန်ထရိုက်စာချုပ်များတွင် လုပ်ငန်းစတင်ရန်အတွက် စုစည်း ပြင်ဆင်မှုဆောင်ရွက်ရန် ကြိုတင်ငွေပေးချေရန်သင့်လျော်သည့်ကိစ္စရပ်များ၌ ကန်ထရိုက်လုပ်ငန်းရှင်၏ စက်ကိရိယာနှင့်ပစ္စည်းများအတွက် ကြိုတင်ငွေများ၊ လုပ်ငန်းစဉ်တိုးတက်မှုအလိုက် ပုံမှန်ပေးငွေများနှင့် ကန်ထရိုက် လုပ်ငန်းရှင်ဘက်မှစာချုပ်ပါဆောင်ရွက်ဖွယ်ရာများအား ပြည့်မီအောင်ဆောင်ရွက်ပြီးစီးပါက ထုတ်ပေးရမည့်အာမခံအဖြစ် ချန်လှပ်ထိန်းသိမ်းထားသောငွေပမာဏတို့ ဖော်ပြပါရှိရမည်။

၂.၃၅ ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သောဝန်ဆောင်မှုများ အတွက် ကန်ထရိုက်စာချုပ်များတွင်လုပ်ငန်းစတင်ရန်စုစည်းပြင်ဆင်ခြင်းအတွက် ကုန်ကျစရိတ်နှင့် အလားတူ ကုန်ကျစရိတ်များအတွက်ကြိုတင်ငွေပေးချေမှုတိုင်းသည် တင်ဒါစာရွက်စာတမ်းများတွင်ဖော်ပြထားသည့် ယင်းကုန်ကျစရိတ်များအတွက်ခန့်မှန်းပမာဏနှင့် ဆက်စပ်မှုရှိရမည်ဖြစ်သည်။ လုပ်ငန်းအတွင်းအသုံးပြုရန် လုပ်ငန်းခွင်သို့ပေးပို့သည့် ကုန်ပစ္စည်းများအတွက်ကဲ့သို့သော အခြား ကြိုတင်ငွေပေးချေမှုများအတွက် ငွေပမာဏနှင့် ငွေပေးချေရမည့်အချိန်တို့ကို သတ်မှတ်ဖော်ပြရမည်။ တင်ဒါစာရွက်စာတမ်းများတွင် ကြိုတင်ငွေပေးချေမှုများအတွက်လိုအပ်သည့် အာမခံချက်အားလုံးနှင့် သက်ဆိုင်သောအစီအစဉ်များကိုလည်း ဖော်ပြပါရှိရမည်။

၂.၃၆ တင်ဒါဖိတ်ခေါ်သည့်စာရွက်စာတမ်းများတွင် အဆိုပြုသော ငွေပေးချေမှုနည်းလမ်းများနှင့် သတ်မှတ်ချက်များ၊ အခြား ပေးချေမှုနည်းလမ်းနှင့်သတ်မှတ်ချက်မူကွဲများ လက်ခံသည်ဆိုပါက ယင်းသတ်မှတ်ချက်များသည်အဆိုပြုဈေးနှုန်းများအား စိစစ်အကဲဖြတ်ခြင်းအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိနိုင်သည်ဆိုသည်တို့ကိုလည်း ထည့်သွင်းဖော်ပြရမည်။

### မတူညီသည့်တင်ဒါများတင်သွင်းခြင်း (Alternative Bids)

၂.၃၇ တင်ဒါတင်သွင်းသူအား အခြားသောမတူညီသည့်တင်ဒါများအားလည်းတင်သွင်းခွင့်ပြုမည်ဆိုပါက တင်ဒါစာရွက်စာတမ်းများတွင် အဆိုပါတင်ဒါများအတွက် မည်ကဲ့သို့ တင်ရန်၊ ဈေးနှုန်းအား မည်သို့အဆိုပြုရန် နှင့် တင်ဒါအားမည်သို့စိစစ်အကဲဖြတ်မည်ဆိုသည့် အချက်များအား ရှင်းလင်းစွာဖော်ပြထားရမည်။

### ကန်ထရိုက်စာချုပ်အခြေအနေများ (Conditions of Contracts)

၂.၃၈ ကန်ထရိုက်စာချုပ်စာရွက်စာတမ်းများတွင် ဆောင်ရွက်မည့် လုပ်ငန်းပမာဏသတ်မှတ်ချက်၊ တင်သွင်းပေးရမည့် ကုန်ပစ္စည်း၊ ဆောင်ရွက်ပေးရမည့်ဝန်ဆောင်မှု၊ ငွေချေးယူသူနှင့်ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကန်ထရိုက်လုပ်ငန်းရှင်တို့၏တာဝန်နှင့်ဝတ္တရားများနှင့် အကယ်၍ ငွေချေးယူသူဘက်မှ ကန်ထရိုက်လုပ်ငန်းအား ကြီးကြပ်ခြင်းနှင့်စီမံခန့်ခွဲခြင်းပြုရန်ခန့်အပ်ထားခဲ့လျှင် ယင်းခန့်အပ်ခြင်းခံရသော အင်ဂျင်နီယာ၊ ဗိသုကာပညာရှင် သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများကြီးကြပ်ပေးသူတို့၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာသတ်မှတ်ဖော်ပြထားရမည်။ ကန်ထရိုက်စာချုပ်အတွင်း အထွေထွေ သတ်မှတ်ချက်များအပြင် သက်ဆိုင်သည့်ဝယ်ယူမည့်ကုန်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများနှင့်အတူ စီမံကိန်းတည်နေရာတို့နှင့်ပတ်သက်သော သီးခြား

သတ်မှတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။ ကန်ထရိုက်စာချုပ်၏သတ်မှတ်ချက်များသည် တာဝန်ရှိမှုနှင့်စွန့်စားရနိုင်မှုများကို ဟန်ချက်ညီစွာ ထည့်သွင်းဖော်ပြရမည်။

**တင်ဒါအတွက်စာချုပ်ရသွားသူမှလုပ်ဆောင်ချက်အတွက်အာမခံပေးရသောစပေါ်ငွေနှင့် အာမခံစရန်ပေးထားသောငွေအား ထိန်းသိမ်းထားခြင်း (Performance Security and Retention Money)**

၂.၃၉ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများဆိုင်ရာကန်ထရိုက်များနှင့် စာချုပ်တစ်ခုတည်းဖြင့် သီးသန့်တာဝန်ယူထားသည့်ကန်ထရိုက်စာချုပ်များတွင် ကန်ထရိုက်လုပ်ငန်းရှင်ဘက်မှ စာချုပ်ဖောက်ဖျက်ခြင်းမျိုးဖြစ်လာခဲ့ပါက ငွေချေးယူသူအားကာကွယ်ပေးနိုင်ရန် လုံလောက်သောပမာဏတစ်ရပ်ကို အာမခံအဖြစ်ထားရှိရန် လိုအပ်သည်။ သင့်လျော်သည့်အာမခံပုံစံနှင့် ပမာဏကို ငွေချေးယူသူမှတင်ဒါခေါ်ယူသည့်စာရွက်စာတမ်းများတွင် ထည့်သွင်းဖော်ပြထားရမည်။[46] အာမခံငွေပမာဏမှာ အာမခံအမျိုးအစားနှင့် လုပ်ငန်းသဘောသဘာဝနှင့် လုပ်ငန်းပမာဏ သို့မဟုတ် ထောက်ပံ့ပစ္စည်းများပေါ်မူတည်၍ အမျိုးမျိုးဖြစ်နိုင်သည်။ ယင်းအာမခံကြေး၏တစ်စိတ်တစ်ပိုင်းကို လုပ်ငန်း သို့မဟုတ် ထောက်ပံ့ပစ္စည်းများ ပြီးစီးသည့်ကာလကိုကျော်လွန်၍ ချွတ်ယွင်းမှုတစ်စုံတစ်ရာအတွက် တာဝန်ယူမှု သို့မဟုတ် ပြုပြင်ထိန်းသိမ်းမှုတို့ လိုအပ်လာမည့်ကာလတစ်ခုအထိ လွှမ်းခြုံမိစေမည့်ငွေချေးယူသူဘက်မှ နောက်ဆုံး လုပ်ငန်းလက်ခံပြီးချိန်ကာလအထိ လုံလောက်အောင် သက်တမ်းတိုး ထိန်းသိမ်းထားနိုင်ရမည်။ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် ကန်ထရိုက်စာချုပ်များတွင် အချိန်ကာလအသီးသီးတွင် ပေးချေရမည့်ငွေကြေးပမာဏ၏ရာခိုင်နှုန်းတစ်ခုကို နောက်ဆုံးလုပ်ငန်းလက်ခံပြီးစီးသည့်အချိန်ကာလအထိ အာမခံငွေအဖြစ်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြရမည်။ လုပ်ငန်းဆောင်ရွက်မှုများအား ယာယီအားဖြင့်ကျေနပ်လက်ခံသည့်အနေအထားသို့ရောက်သည့်အခါ ကန်ထရိုက်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါအာမခံငွေ၏ပမာဏနှင့်ညီမျှသော ဘဏ်အာမခံပုံစံတစ်ခုခုဖြင့် အစားထိုးလဲလှယ်ခွင့်ရှိသည်။

၂.၄၀ ကုန်ပစ္စည်းပေးပို့တင်းသွင်းခြင်းဆိုင်ရာ ကန်ထရိုက်စာချုပ်များတွင်မူ ပစ္စည်းအမျိုးအစားအလိုက်အရောင်းအဝယ်ပြုပုံများနှင့်ဈေးကွက်အခြေအနေပေါ်မူတည်၍ လုပ်ဆောင်ချက်အတွက်အာမခံပေးရသောစပေါ်ငွေလိုအပ်ခြင်းရှိနိုင်သည်။ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ထုတ်လုပ်သူသည်ကန်ထရိုက်စာချုပ်ပါအတိုင်း တင်သွင်း/ ထုတ်လုပ်ပေးနိုင်မှုမရှိခြင်းအား ကာကွယ်တားဆီးရန် ကျိုးကြောင်းသင့်လျော်သောအာမခံငွေပမာဏတစ်ခုထားပေးရန် လိုအပ်သည်။ အာမခံကြေးသည် လိုအပ်ပါကသက်ဆိုင်သည့် SBDနှင့်အညီ တပ်ဆင်ခြင်း သို့မဟုတ် လုပ်ငန်းလွှဲအပ်ခြင်းဆိုင်ရာလိုအပ်ချက်များနှင့်အရည်အသွေးအာမခံခြင်းဆိုင်ရာတာဝန်ရှိမှုများကိုပါ ခြုံငုံမိစေရမည်။

---

46 လုပ်ဆောင်ချက်အတွက်အာမခံပေးရသောစပေါ်ငွေအာမခံပုံစံသည် SBD များနှင့်အညီဖြစ်ရမည်ဖြစ်ပြီးယင်းအာမခံကိုတင်ဒါတင်သွင်းသူကရွေးချယ်သည့်ယုံကြည်ထိုက်သောဘဏ်သို့မဟုတ်အာမခံကုမ္ပဏီ သို့မဟုတ် ဘွန်း သို့မဟုတ် ဆုံးရှုံးမှုအတွက်၊ တာဝန်ပျက်ကွက်မှုအတွက် အာမခံသောကုမ္ပဏီကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှထုတ်ပေးခြင်းဖြစ်ရမည်။ အကယ်၍ယင်းအာမခံကိုငွေချေးယူသူ၏နိုင်ငံပြင်ပတွင်တည်ရှိသောဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုကထုတ်ပေးခြင်းဖြစ်ပါကယင်းအဖွဲ့အစည်းသည်ငွေချေးယူသူ၏နိုင်ငံအတွင်းတွင် တရားဝင်ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုရှိရမည်။ တင်ဒါတင်သွင်းသူများအနေဖြင့် အကျိုးဝင်သောမည်သည့်နိုင်ငံရှိဘဏ်ကိုမဆိုရွေးချယ်၍ ယင်းဘဏ်မှတိုက်ရိုက်ထုတ်ပေးသောဘဏ်အာမခံကိုတင်သွင်းနိုင်ရန်ခွင့်ပြုပေးရမည်။

**နောက်ကျမှုအတွက်ပေးဆောင်ရသောဒဏ်ကြေးနှင့်အပိုဆုကြေးများ (liquidated Damages and Bonus Clauses)**

၂.၄၁ ကုန်ပစ္စည်းတင်သွင်းမှု၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် အကြံပေးဝန်ဆောင်မှု မဟုတ်သော ဝန်ဆောင်မှုများအတွက် ကုန်ပစ္စည်းတင်သွင်းရန် သို့မဟုတ် လုပ်ငန်းပြီးစီးရန်နှောင့်နှေးခြင်း သို့မဟုတ် ပျက်ကွက်ခြင်းစသည့် လိုအပ်သောအရည်အသွေးကိုပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိပါက ငွေချေးငှားယူသူအတွက် အပိုကုန်ကျခြင်း သို့မဟုတ် ဝင်ငွေဆုံးရှုံးခြင်း သို့မဟုတ် အခြား အကျိုးအမြတ်များ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ် နိုင်သဖြင့် နောက်ကျမှုအတွက်ပေးဆောင်ရသောဒဏ်ကြေး သို့မဟုတ် အလားတူ ကိစ္စရပ်များအတွက် သင့်လျော်သောပမာဏတစ်ခုဖြင့်ပေးဆောင်ရန်သတ်မှတ်ချက်များကို ကန်ထရိုက် စာချုပ်များတွင် ထည့်သွင်းဖော်ပြရမည်။ ထို့ပြင် သတ်မှတ်ချိန်ထက်စောလျင်စွာပြီးစီးမှု သို့မဟုတ် သတ်မှတ်ချိန်ထက်စောလျင်စွာပစ္စည်းပေးပို့နိုင်ပါက ငွေချေးယူသူအတွက်အကျိုးကျေးဇူးရရှိနိုင်ခြင်းကြောင့် ကန်ထရိုက်စာချုပ်တွင်သတ်မှတ်ဖော်ပြထားသောအချိန်ကာလမတိုင်မီ လုပ်ငန်းများပြီးစီးခြင်း သို့မဟုတ် ကုန်ပစ္စည်းများတင်သွင်းပေးနိုင်ခြင်းတို့အတွက် ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကန်ထရိုက် လုပ်ငန်းရှင်များအားအပိုဆုကြေးပမာဏတစ်ခုချီးမြှင့်ခြင်းဆိုင်ရာသတ်မှတ်ချက်ကိုလည်း ထည့်သွင်း နိုင်သည်။

**မမျှော်မှန်းနိုင်သောဖြစ်ရပ်အခြေအနေများကြောင့်ပျက်ကွက်ခြင်း (Force Majeure)**

၂.၄၂ ကန်ထရိုက်စာချုပ်တွင်ပါဝင်သူများမှ ကန်ထရိုက်စာချုပ်ပါ ၎င်းတို့၏ တာဝန်ယူလုပ်ဆောင်ရမည့် အပိုင်းအား ပျက်ကွက်မှုများရှိသည့်အခါ ယင်းကဲ့သို့ပျက်ကွက်မှုသည် ကန်ထရိုက်စာချုပ်တွင် သတ်မှတ်ဖော်ပြ ထားသည့်အတိုင်း မမျှော်မှန်းနိုင်သောဖြစ်ရပ်အခြေအနေများကြောင့်ဖြစ်မည်ဆိုပါက ယင်း အခြေအနေအား ပျက်ကွက်မှုအဖြစ် စဉ်းစားမည်မဟုတ်ကြောင်း ကန်ထရိုက်စာချုပ်အခြေအနေတွင် ထည့်သွင်းထားရမည်။

**သက်ဆိုင်ရာဥပဒေနှင့် အငြင်းပွားမှုများဖြေရှင်းခြင်း (Applicable Law and Settlement of Disputes)**

၂.၄၃ အငြင်းပွားမှုများဖြေရှင်းရန်အတွက် သက်ဆိုင်ရာဥပဒေနှင့် ပြည်သူ့ရေးရာစီရင်ခြင်း အကြောင်းအရာ များပါဝင်သော အချက်အလက်များအား ကန်ထရိုက်စာချုပ်အချက်များတွင် ထည့်သွင်းထားရမည်။ အငြင်းပွားမှုများဖြေရှင်းခြင်းနည်းလမ်းများအနက် ကြားခံနေရာတစ်ခု၌ နိုင်ငံတကာကူးသန်းရောင်းဝယ်မှု ဆိုင်ရာ ခုံရုံးဖွဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းမှာ လက်တွေ့အကျိုးကျေးဇူးများပြားသည်။ ခိုင်လုံသော အကြောင်းပြချက်များဖြင့် တူညီသောပြည်တွင်းဥပဒေနှင့် ခုံရုံးဖွဲ့စစ်ဆေးမှုနည်းလမ်းများရှိနေခြင်း သို့မဟုတ် ငွေချေးယူသူနိုင်ငံမှ တင်ဒါတင်သွင်းသူစာချုပ်အပ်နှင်းခံရခြင်းကိစ္စရပ်များတွင် ဘဏ်မှ သီးခြား လျှော့ပေါ့ပေးထားခြင်းမပြုထားပါက ကုန်ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းအပ်နှံခြင်းနှင့် အကြံပေး ဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်ခြင်းများအတွက် ကန်ထရိုက်စာချုပ်များတွင်ငွေချေးယူသူအား

နိုင်ငံတကာကူးသန်းရောင်းဝယ်မှုဆိုင်ရာ ခုံရုံးဖွဲ့ဆုံးဖြတ်ချက်ချမှတ်ခြင်းအား ထည့်သွင်းစေရမည်။ ဘဏ်အား ခုံသမာဓိအဖြစ်ပြုလုပ်ပေးရန် သို့မဟုတ် ခုံသမာဓိလူကြီးတစ်ယောက်အား ခေါ်ယူပေးရန် အမည်တင် တောင်းဆိုခြင်း မပြုလုပ်ရပါ။[47] ဆောက်လုပ်ရေးလုပ်ငန်းကန်ထရိုက်စာချုပ်များ၊ ထောက်ပံ့ရေးနှင့် တပ်ဆင်ရေး ကန်ထရိုက်စာချုပ်များနှင့် စာချုပ်တစ်ခုတည်းဖြင့်သီးသန့်တာဝန်ယူထားသည့် ကန်ထရိုက်စာချုပ်များ (အသင့်လွှဲနိုင်သောလုပ်ငန်းမျိုးအပါအဝင်)တွင် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာစာချုပ်ပါအချက်အလက်များ၌ အငြင်းပွားမှုအား လျင်မြန်စွာဖြေရှင်းနိုင်ရန်ဖွဲ့စည်းထားသည့် အငြင်းပွားမှုစစ်ဆေးရေးဘုတ်အဖွဲ့ သို့မဟုတ် အကဲဖြတ်စစ်ဆေးသူများကဲ့သို့ နည်းလမ်းစဉ်များပါရှိရမည်။

## ဂ။ တင်ဒါဖွင့်ဖောက်ခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း
## C. Bid Opening, Evaluation and Award of Contract

### တင်ဒါများပြင်ဆင်ရန် အချိန်ကာလ (Time for Preparation of Bids)

၂.၄၄ တင်ဒါများ ပြင်ဆင်ရန်နှင့် တင်သွင်းရန် ခွင့်ပြုအချိန်ကာလ သတ်မှတ်ရာတွင် သက်ဆိုင်ရာ စီမံကိန်း၏ အနေအထား၊ ချုပ်ဆိုမည့်ကန်ထရိုက်စာချုပ်၏တန်ဖိုးပမာဏနှင့် ရှုပ်ထွေးမှုတို့အပေါ်မူတည်၍ ချင့်ချိန် ဆုံးဖြတ်ရမည် ဖြစ်သည်။ ယေဘုယျအားဖြင့် ICB များအတွက် ခွင့်ပြုအချိန်ကာလမှာ တင်ဒါ ဖိတ်ခေါ်သည့်ရက် သို့မဟုတ် တင်ဒါ တင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများရရှိနိုင်မည့်ရက်မှ ရက်သတ္တပတ် (၆) ပတ်ထက် မနည်းသော ကာလ ဖြစ်သည်။ လုပ်ငန်းပမာဏ ပိုမို ကြီးမားခြင်း သို့မဟုတ် ရှုပ်ထွေးသည့် ပစ္စည်းကိရိယာများ ဝယ်ယူသည့်အခါတွင်မူ ဈေးပြိုင်တင်ဒါမည့်သူများအနေဖြင့် တင်ဒါ များ မတင်သွင်းမီ စိစစ် စစ်ဆေးမှုများ ပြုလုပ်နိုင်စေရန်အတွက် ခွင့်ပြုကာလကို ယေဘုယျအားဖြင့် ရက်သတ္တပတ် (၁၂ )ပတ်ထက် မနည်း သတ်မှတ်သည်။ ထိုသို့သော ကိစ္စရပ်များတွင် ငွေချေးယူသူအနေဖြင့် တင်ဒါပွဲအကြို အစည်းအဝေးများနှင့် ကွင်းဆင်းလေ့လာသည့် အစီအစဉ်များ စီစဉ်ခြင်းပြုသင့်ပါသည်။ တင်ဒါ တင်သွင်းသူများအား အီးမေးဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တင်ဒါ ပေးပို့ရန် ခွင့်ပြုနိုင်သည်။ တင်ဒါ တင်သွင်းသူများမှအီလက်ထရောနစ်စနစ်ဖြင့် ၄င်းတို့၏ တင်ဒါများတင်သွင်းနိုင်စေရန် ငွေချေးယူသူများ အနေဖြင့် အီလက်ထရောနစ်စနစ် အသုံးပြုနိုင်သော်လည်း ၄င်းစနစ်၏ လုံခြုံစိတ်ချရမှု၊ ခိုင်မာမှု၊ လျှို့ဝှက်ထိန်းသိမ်းနိုင်မှုနှင့် တင်သွင်းလာသော တင်ဒါ များ၏ စစ်မှန်မှု၊ ဈေးပြိုင် တင်ဒါတင်သူများအနေဖြင့် ၎င်းတို့ တင်သွင်းသော တင်ဒါများ စစ်မှန်ကြောင်း အတည်ဖြစ်ကြောင်း ခိုင်မာစေသည့် electronic signature system သို့မဟုတ် အလားတူ စနစ်မျိုး အသုံးပြုမှုစသည်တို့သာမက အခြားဆက်စပ် ကိစ္စရပ်များကိုပါ ဘဏ်မှ ကျေနပ်မှုရသည်အထိ စစ်ဆေးမှုခံယူပြီးမှသာ အသုံးပြုနိုင်မည် ဖြစ်သည်။ တင်ဒါ တင်သွင်းရမည့် နောက်ဆုံးရက်နှင့် တင်ဒါ လက်ခံမည့် နေရာတို့ကို တင်ဒါ များ ခေါ်ယူသည့် တင်ဒါဖိတ်ခေါ်စာ( Invitation to Bid) ထဲတွင် တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။

47 နားလည်ပြီးဖြစ်သည့်အတိုင်း International Center for Settlement of Investment Disputess (ICSID) မှ တာဝန်ရှိသူများ သည် ICSID အရာရှိများအဖြစ် ခုံသမာဓိလူကြီးများအား လွတ်လပ်စွာအမည်တင်ဖွဲ့စည်းနိုင်သည်။

## တင်ဒါဖွင့်ဖောက်ခြင်းလုပ်ငန်းစဉ်များ (Bid Opening Procedures)

၂.၄၅ တင်ဒါ ဖွင့်ဖောက်မည့် အချိန်သည် တင်ဒါများလက်ခံမည့် နောက်ဆုံးနေ့ရက်နှင့် အတူတူ သို့မဟုတ် တင်ဒါပိတ်ပြီးနောက်ချက်ချင်းကာလတွင် [48] ဖြစ်သင့်ပြီး ယင်းရက်စွဲကို ဖွင့်ဖောက်စစ်ဆေးမည့်နေရာနှင့်တွဲ၍ တင်ဒါ ခေါ်ယူသည့် ဖိတ်ခေါ်စာထဲတွင် တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။ ငွေချေးငှားသူအနေဖြင့် နောက်ဆုံးတင်သွင်းရန် သတ်မှတ်ရက်တွင် တင်ဒါစောင်ရေ မည်မျှပင် ရရှိသည် ဖြစ်စေ ယင်းရက်တွင် ရရှိသော တင်ဒါအားလုံးကို တင်ဒါတင်သွင်းမှုဆိုင်ရာ စာရွက်စာတမ်းများတွင် ဖော်ပြထားခဲ့သည့် သတ်မှတ်နေရာ၌ ဖွင့်ဖောက် စစ်ဆေးရမည်။ တင်ဒါများအား ဖွင့်ဖောက်ရာတွင် ငွေချေးယူသူအနေဖြင့် မည်သည့်တင်ဒါအားမဆို ကောင်းသောအချက်များကို ဆွေးနွေးခြင်း၊ တင်ဒါအားပယ်ချခြင်းများအား မပြုလုပ်ရ။ တင်ဒါများကို ဖွင့်ဖောက်ရာတွင် တင်ဒါတင်သွင်းသူများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များအား (အီလက်ထရောနစ် စနစ်တစ်ခုခုကို အသုံးပြုခြင်း ဖြစ်ပါက အွန်လိုင်းမှဖြစ်စေ) တက်ရောက်ခွင့်ပြုကာ အများသူငါ ရှေ့မှောက်တွင် ပြုလုပ်ရမည်။ တင်ဒါတင်သွင်းသူ၏ အမည်၊ တင်ဒါတစ်စောင်ချင်း၏ ငွေကြေးပမာဏနှင့် အကယ်၍တင်ဒါအား ရွေးချယ်စရာများတင်ခွင့်ပြုထားပါက ရွေးချယ်စရာတင်ဒါများကို အများကြားနိုင်အောင် ဖတ်ပြ (အီလက်ထရောနစ်စနစ်သုံး တင်ဒါရွေးချယ်မှုကို အသုံးပြုပါက အွန်လိုင်းတွင် ရေးတင်) ရမည်ဖြစ်ပြီး ဖွင့်ဖောက်ပြီးသည်နှင့် မှတ်တမ်းတင်၍ ယင်းမှတ်တမ်း မိတ္တူကို ဘဏ်နှင့် သတ်မှတ် ကာလအတွင်း တင်ဒါ တင်သွင်းနိုင်ခဲ့သူ အားလုံးထံသို့ စောလျင်စွာ ပေးပို့ရမည်။ သတ်မှတ် အချိန်ကာလ နောက်ပိုင်းမှ ရောက်ရှိလာသည့် တင်ဒါများနှင့် တင်ဒါ ဖွင့်ဖောက်ချိန်တွင် ဖွင့်ဖောက်၍ ဖတ်ကြား ကြေညာနိုင်ခြင်းမရှိသော တင်ဒါများကို ထည့်သွင်း မစဉ်းစားပါ။

## ပြန်လည်ရှင်းလင်းဖြေကြားခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း (Clarification or Alterations of Bids)

၂.၄၆ ဤလမ်းညွှန်ချက်၏ အပိုဒ် ၂.၆၃ နှင့် ၂.၆၄ တို့တွင် သီးခြားဖော်ပြထားခြင်း မရှိပါက တင်ဒါတင်သူအနေဖြင့် နောက်ဆုံး ပေးပို့ရမည့် သတ်မှတ်ရက် ကျော်လွန်ပြီးသည့်နောက် ၎င်း၏ တင်ဒါများကို မိမိဆန္ဒအလျောက် ဈေးနှုန်းများအား တိုးမြှင့် သို့မဟုတ် လျှော့ချခြင်း အပါအဝင် မည်သည့် ပြုပြင်ပြောင်းလဲမှုကိုမျှ ခွင့်မပြုရပါ။ တင်ဒါဖွင့်ဖောက်ပြီးနောက် ငွေချေးယူသူအနေဖြင့် တင်ဒါများအား စိစစ်အကဲဖြတ်နိုင်ရန် အလို့ငှာ တင်ဒါတင်သွင်းသူအား ၎င်း၏ တင်ဒါနှင့်ပတ်သက်၍ ရှင်းလင်း ဖြေကြားပေးရန် တောင်းဆိုနိုင်သော်လည်း တင်ဒါဈေးနှုန်း သို့မဟုတ် ဖော်ပြချက်တစ်စုံတစ်ရာအား ပြောင်းလဲရန် တောင်းဆိုခြင်း သို့မဟုတ် ခွင့်ပြုခြင်း မပြုလုပ်ရပါ။ ရှင်းလင်းဖြေကြားပေးရန် တောင်းဆိုခြင်းနှင့် တင်ဒါတင်သွင်းသူများမှ တုံ့ပြန်ဖြေကြားခြင်းတို့ကို စာဖြင့် ရေးသား ပြုလုပ်ရမည် ဖြစ်ပြီး ပုံနှိပ်ထားသော

---

48 အများသူငါရှေ့တွင် တင်ဒါများ ဖွင့်ဖောက်စစ်ဆေးမည်ဟု ကြေညာထားခဲ့သည့် နေရာသို့ တင်ဒါများ စုစည်းရောက်ရှိနိုင်ရန် လုံလောက်သောအချိန်ကာလ။

စာရွက်စာတမ်းဖြင့်ဖြစ်စေ ဘဏ်မှ လက်ခံနိုင်သော အီလက်ထရောနစ်စနစ်ကို အသုံးပြု၍ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်။[49]

**လျှို့ဝှက်ထားမှု (Confidentiality)**

၂.၄၇ တင်ဒါများအား အများသူငါ ရှေ့မှောက်တွင် ဖွင့်ဖောက်ကြည့်ပြီးနောက် တင်ဒါများအား စစ်ဆေးခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားစေခြင်း၊ အကဲဖြတ်ခြင်းနှင့်ရွေးချယ်ရန်ထောက်ခံတင်ပြခြင်းတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား တင်ဒါတင်သွင်းသူများ သို့မဟုတ် ဤလုပ်ငန်းစဉ်များနှင့် တရားဝင်မသက်ဆိုင်သည့် ပုဂ္ဂိုလ်များအား တင်ဒါစာချုပ်ချုပ်ဆိုရန် ရွေးချယ်မှုအား အများသူငါသိရှိရန်ကြေညာခြင်း မပြုမီအချိန်အထိ အသိပေး အကြောင်းကြားခြင်း မပြုရ။

**တင်ဒါများအား စစ်ဆေးခြင်း (Examination of Bids)**

၂.၄၈ ငွေချေးယူသူအနေဖြင့် တင်ဒါများသည် (က) ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲအမှတ် ၁.၈၊ ၁.၉ နှင့် ၁.၁၀ တို့တွင် ဖော်ပြထားသော လိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိ/မရှိ၊ (ခ) သေချာကျနစွာ လက်မှတ်ရေးထိုးထားခြင်းရှိ/မရှိ၊ (ဂ) ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲအမှတ် ၂.၁၄ တွင် ဖော်ပြထားသကဲ့သို့ လိုအပ်သော တင်ဒါဆိုင်ရာအာမခံချက်များ သို့မဟုတ် လိုအပ်သော လက်မှတ်ရေးထိုးထားသော အသိပေးကြေညာချက် တွဲဖက်ပါရှိခြင်းရှိ/မရှိ၊ (ဃ) တင်ဒါခေါ်ယူခြင်းဆိုင်ရာ လိုအပ်သည့် စာရွက်စာတမ်းများနှင့် ပြည့်စုံမှန်ကန်မှုရှိ/မရှိနှင့် (င) ယေဘုယျသဘောအားဖြင့် ဆီလျော်မှန်ကန်မှုရှိ/မရှိ သေချာအောင် လေ့လာစိစစ်ရမည်။ အကယ်၍ တင်ဒါတစ်ခုသည် လိုအပ်သောတင်ဒါအာမခံချက်အပါအဝင် တင်ဒါခေါ်ယူသော လိုအပ်သည့် စာရွက်စာတမ်းများပါ အကြောင်းအရာ၊ အခြေအနေနှင့် သတ်မှတ်ချက်များအတိုင်း မဟုတ်ဘဲ ပြည့်စုံဆက်နွယ်မှုမရှိခြင်း၊ ကွဲလွဲခြင်းများ ရှိနေပါက ယင်းတင်ဒါကို ဆက်လက် ထည့်သွင်းစဉ်းစားရန် မလိုအပ်ပေ။ တင်ဒါများကိုဖွင့်ဖောက်စစ်ဆေးပြီးနောက်ပစ္စည်းများတွင် ကွဲလွဲမှုဖြစ်နေခြင်း သို့မဟုတ် ဖော်ပြထားသည့်အချက်အလက်များကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ပြောင်းလဲရန် ငွေချေးယူသူမှ တင်ဒါတင်သွင်းသူများအား ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ခေါ်ခြင်း မပြုလုပ်ရ။[50]

**တင်ဒါများအားနှိုင်းယှဉ်သုံးသပ်အကဲဖြတ်ခြင်း (Evaluation and Comparison of Bids)**

၂.၄၉ တင်ဒါများအား နှိုင်းယှဉ်အကဲဖြတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ တင်ဒါတစ်ခုချင်းစီ အတွက် ငွေချေးယူသူက ကုန်ကျနိုင်မည့်ပမာဏကို ဖော်ထုတ်သိရှိနိုင်ပြီး စိစစ်အကဲဖြတ်မှုမှရရှိလာသော အကဲဖြတ်ကုန်ကျစရိတ်တို့အကြား နှိုင်းယှဉ်ကြည့်နိုင်ရန် ဖြစ်သည်။ အပိုဒ်ခွဲ ၂.၅၈ အရ တင်ဒါတင်ပြသော

---

[49] အပိုဒ်ခွဲ ၂.၄၄ ကို လေ့လာပါ။

[50] ပြန်လည်ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ အပိုဒ်ခွဲ၂.၅၀ ကို လေ့လာပါ။

ဈေးနှုန်းများအနက် အနည်းဆုံးတင်သွင်းဈေးနှုန်းမဟုတ်သော်လည်း စိစစ်အကဲဖြတ်မှုအရ အကဲဖြတ် ကုန်ကျစရိတ် အနည်းဆုံး[51] ဖြစ်မည့် တင်ဒါကို စာချုပ်ချုပ်ဆိုရန် ရွေးချယ်ရမည်။

၂.၅၁ တင်ဒါ ဖွင့်ဖောက်စစ်ဆေးချိန်တွင် တင်ဒါဈေးနှုန်းအား ဖတ်ကြားရာ၌ သင်္ချာဆိုင်ရာ မှားယွင်းမှု တစ်စုံတစ်ရာ ရှိပါက မှန်ကန်အောင် ချိန်ညှိနိုင်သည်။ စိစစ်အကဲဖြတ်နိုင်ရန်အလို့ငှာလည်း ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာမဟုတ်သော ရေတွက်၍ရသည့် မည်သည့်ကွဲလွဲချက် သို့မဟုတ် သီးသန့် ဖော်ပြချက်များအား ချိန်ညှိမှု ပြုလုပ်နိုင်သည်။ စာချုပ်ချုပ်ဆိုပြီးနောက် အကောင်အထည်ဖော် ဆောင်ရွက်ချိန်တွင် ဖြစ်လာနိုင်သည့် ဈေးနှုန်းဆိုင်ရာ ချိန်ညှိမှုများအတွက် ကြိုတင်တွက်ဆမှုများကိုမူ စိစစ်အကဲဖြတ်မှု ပြုလုပ်ချိန်တွင် ထည့်သွင်းစဉ်းစားရန် မလိုပါ။

၂.၅၁ တင်ဒါဈေးနှုန်းများအား စိစစ်အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်ကြည့်ခြင်း ပြုလုပ်ရာတွင် ပြည်ပမှ တင်သွင်းလာသော ကုန်ပစ္စည်းများ[52] ပေးသွင်းမှု ဖြစ်ပါက CIP (နောက်ဆုံး ပို့ဆောင်ရမည့် နေရာ) ဈေးနှုန်းနှင့် ငွေချေးယူသူ၏ တိုင်းပြည်အတွင်းမှ ထုတ်လုပ်သော ပစ္စည်းများ ဖြစ်ပါက EXW ဈေးနှုန်းတွင် နောက်ဆုံး ပို့ဆောင်ရမည့် နေရာသို့အရောက် ပြည်တွင်း သယ်ပို့မှု စရိတ်နှင့် အာမခံကြေးတို့ထပ်ပေါင်းထည့်ခြင်းနှင့်အတူ အခြား လိုအပ်သောတပ်ဆင်ခြင်း၊ သင်တန်းပေးခြင်း၊ လုပ်ငန်းအပ်နှံခြင်းနှင့် အခြား အကြံပေး ဝန်ဆောင်မှုမဟုတ်သည့် အခြားသောဝန်ဆောင်မှုများအတွက် ဈေးနှုန်းများကိုပါ တွဲဖက်၍ ချင့်တွက် နှိုင်းယှဉ် ရမည်။[53]

၂.၅၂ တင်ဒါခေါ်ယူသည့် စာရွက်စာတမ်းများတွင် တင်ဒါ စိစစ်အကဲဖြတ်ရာ၌ ထည့်သွင်း စဉ်းစားမည့် ဈေးနှုန်းများအပြင် အနိမ့်ဆုံးအကဲဖြတ်ကုန်ကျစရိတ်တွက်ချက်ရာတွင်အသုံးပြုမည့်နည်းလမ်းအပါအဝင် အခြား သက်ဆိုင်သော အချက်အလက်အား ထည့်သွင်းဖော်ပြရမည်။ ကုန်စည်နှင့် ကိရိယာတန်ဆာပလာများ အတွက်ဆိုလျှင် ငွေပေးချေမည့် အစီအစဉ်၊ ပစ္စည်းပေးပို့ရမည့် အချိန်၊ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်၊ ကိရိယာတန်ဆာပလာများ၏ စွမ်းဆောင်ရည်နှင့် တွဲဖက်အသုံးပြုနိုင်မှု၊ ဝန်ဆောင်မှုနှင့် အပိုပစ္စည်းများ ရရှိနိုင်မှု၊ ဆက်စပ် သင်တန်းပို့ချပေးမှု၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးရလဒ်များအပါအဝင် အခြား အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားနိုင်သည်။ အနိမ့်ဆုံး စိစစ်အကဲဖြတ်ကုန်ကျစရိတ် တွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားမည့် ဈေးနှုန်းမဟုတ်သော အချက်အလက်များအား တင်ဒါ

---

51 အပိုဒ်ခွဲ ၂.၅၂ ကို လေ့လာပါ။

52 ကုန်ပစ္စည်းများအား ပင်လယ်ရေကြောင်းမှ ကုန်သေတ္တာဖြင့် မဟုတ်သော သယ်ယူမှုပုံစံဖြင့် တင်သွင်းလာမှသာ ငွေချေးယူသူများ အနေဖြင့် ဈေးနှုန်းကို CIF အပေါ်အခြေခံ၍ တောင်းဆိုရမည်။ (ယင်းစနစ် အခြေခံ၍သာ တင်ဒါအားလုံးကို နှိုင်းယှဉ်ရမည်။) CIF စနစ်ကို ပင်လယ်ရေကြောင်းမှ သယ်ယူသည့် ပုံစံမှလွဲ၍ အခြားစနစ်များတွင် အသုံးမပြုသင့်ပေ။ ထုတ်လုပ်မှုကုန်ပစ္စည်းများ ဖြစ်ပါက ကုန်သေတ္တာများဖြင့် သယ်ပို့လေ့ ရှိသောကြောင့် CIF ဈေးနှုန်းစနစ်နှင့် သင့်လျော်မည် မဟုတ်ပေ။ CIP ဈေးနှုန်းစနစ်ကိုမူ ပင်လယ်ရေကြောင်းနှင့် ဘက်စုံ သယ်ယူပို့ဆောင်မှုစနစ်များ အပါအဝင် မည်သည့် သယ်ပို့မှု ပုံစံအတွက်မဆို အသုံးပြုနိုင်သည်။

53 တင်ဒါဈေးနှုန်းများအား စိစစ်အကဲဖြတ်ရာတွင် (က) (အကောက်ခွန် ကင်းလွတ်သည့်) CIP ကုန်ကျစရိတ်အဖြစ် ထည့်သွင်းထားသော သွင်းကုန်ပစ္စည်းများအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများ၊ (ခ) ကုန်ပစ္စည်းများ ပို့ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းအတွက် စည်းကြပ်သည့် ရောင်းဝယ်ခွန်နှင့် အလားတူ အခွန်အခများကို ထည့်သွင်း တွက်ချက်ခြင်း မပြုရ။

တင်သွင်းသည့် စာရွက်စာတမ်းများတွင် ဖော်ပြရာ၌ လက်တွေ့ဖြစ်နိုင်ချေရှိသော ငွေကြေးဆိုင်ရာ နှုန်းထားများနှင့်သာ ဖော်ပြရမည်။[54]

၂.၅၃ တည်ဆောက်ရေးလုပ်ငန်းကန်ထရိုက်နှင့် အဆင်သင့်အသုံးပြုနိုင်သောအနေအထားဖြင့် လွှဲအပ်ရမည့် ကန်ထရိုက်လုပ်ငန်းများအတွက် ကန်ထရိုက် ရရှိသူသည် အခွန်အကောက်နှင့် အခြားစည်းကြပ်ငွေ အားလုံးကို ပေးဆောင်ရန် တာဝန်ရှိပြီး[55] တင်ဒါတင်သွင်းသူသည် တင်ဒါပြင်ဆင်စဉ်ကတည်းက ယင်းအချက်များကို ထည့်သွင်း တွက်ချက်ရမည် ဖြစ်သည်။ တင်ဒါများစိစစ်အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်ကြည့်ခြင်း ပြုလုပ်ရာတွင်လည်း ယင်းကဲ့သို့ အခြေခံကာ တွက်ချက်ရမည် ဖြစ်သည်။ တည်ဆောက်ရေး လုပ်ငန်းများ အတွက်တင်ဒါဈေးနှုန်းများကို စိစစ်အကဲဖြတ်ရာတွင် ငွေကြေးဆိုင်ရာ နှုန်းထားများနှင့်သာ အသုံးပြုရမည်။ ကြိုတင်တွက်ချက် သတ်မှတ်ထားသော တန်ဖိုး၏ အထက် သို့မဟုတ် အောက်တွင် ရှိသော တင်ဒါများကို အရည်အချင်း ပျက်ယွင်းသည်၊ အရည်အချင်းမမီဟု အလိုအလျောက် သတ်မှတ်သော မည်သည့် လုပ်ငန်းစဉ်ကိုမျှ လက်ခံမည် မဟုတ်ပါ။ အချိန်တိုအတွင်း ပြီးစီးရန် အရေးတကြီး လိုအပ်သော အခြေအနေဖြစ်လျှင် ကန်ထရိုက်စာချုပ်အတွင်း လိုအပ်ချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း အတွက် မျှတသော ဒဏ်ကြေးပေးမှုများ ထည့်သွင်းဖော်ပြထားမှသာလျှင် ငွေချေးသူဘက်မှစောလျင်စွာ ပြီးစီးမှုအား တင်ဒါတွင်ဖော်ပြထားသောအချက်အတိုင်း တန်ဖိုးတစ်ခုထား၍ ထည့်သွင်းတွက်ချက်မည်။

၂.၅၄ ငွေချေးငှားသူအနေဖြင့် တင်ဒါများ စိစစ်အကဲဖြတ်မှုနှင့် နှိုင်းယှဉ်စစ်ဆေးမှု အသေးစိတ်အစီရင်ခံစာကို ပြင်ဆင်ရမည်ဖြစ်ပြီး မည်သည့်အကြောင်းကြောင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုရန် အကြံပြုတိုက်တွန်းသည် ဆိုသည်ကို ထည့်သွင်းဖော်ပြရမည်။ ငွေချေးယူသူအနေဖြင့် ဘဏ်က လိုအပ်သည်ဟုယူဆသော အခြားအချက်အလက်များအပြင် စံသတ်မှတ်ထားသည့် တင်ဒါစိစစ်အကဲဖြတ်မှု အစီရင်ခံစာပုံစံတွင် အနည်းဆုံးလိုအပ်သည့် အချက်အလက်အားလုံးကို ထည့်သွင်းတင်ပြရမည်။

### ဒေသတွင်းထွက်ကုန်အား ဦးစားပေးရွေးချယ်ခြင်း (Domestic Preferences)

၂.၅၅ ငွေချေးယူသူ၏တောင်းဆိုချက်အရ သဘောတူညီချက်ရရှိထားသော ဂယ်ယူရေးအတွက်ကြိုတင် ရေးဆွဲထားသောအစီအစဉ်တွင် သတ်မှတ်ထားသည့်အပြင် တင်ဒါတင်သွင်းသည့် စာရွက်စာတမ်းများတွင် ဖော်ပြထားပါက အောက်ပါကိစ္စရပ်များအတွက် တင်ဒါစိစစ်အကဲဖြတ်ရာတွင် ပြည်တွင်းထုတ်ကုန်များအား ဦးစားပေးရွေးချယ်နိုင်မည့် ပမာဏကို သတ်မှတ်ပေးနိုင်သည်။

(က) ငွေချေးယူသူ၏ နိုင်ငံအတွင်းတွင်ထုတ်လုပ်သော ကုန်စည်များနှင့် အလားတူ ကုန်စည်များကို ပြည်ပ နိုင်ငံတစ်ခုတွင် ထုတ်လုပ်၍ တင်သွင်းပေးရန် အဆိုပြုလာမှုတို့ဖြစ်သည့်အခါ

---

54 ချွင်းချက်အားဖြင့် ရှုပ်ထွေးသော သတင်းအချက်အလက် နည်းပညာဆိုင်ရာနှင့် ပုံနှိပ်စာအုပ်များ ကဲ့သို့သော ဝယ်ယူဖြည့်တင်းမှုမျိုးတွင်မှု ဈေးနှုန်းမဟုတ်သော အခြား အချက်အလက်များကို အမြဲတမ်း ငွေကြေးတန်ဖိုးနှင့် ဖော်ပြနိုင်မှု မရှိခြင်း သို့မဟုတ် တိကျစွာ သတ်မှတ် ဖော်ပြနိုင်မှု မရှိသည့်အခါ နှိုင်းယှဉ် ချိန်ခွင်လျှာနှင့် ဖော်ပြရခြင်းတို့လည်း ရှိနိုင်သည်။

55 အဆင်သင့်အသုံးပြုနိုင်သောအနေအထားကန်ထရိုက် (turnkey contract) အတွက်တင်ဒါစာရွက်စာတမ်းတွင်သီးခြား ဖော်ပြထားမှု မရှိလျှင် အပိုဒ်ခွဲ ၂.၂၂ ကိုလေ့လာပါ။

(ခ) သတ်မှတ်ထားသည့် တစ်ဦးချင်းGNP[56] နှုန်းထား နိမ့်ကျနေသည့် နိုင်ငံများစာရင်း အကျုံးဝင်နေသော နိုင်ငံများအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်းမှ အရည်အချင်းပြည့်မီသော ကန်ထရိုက်လုပ်ငန်းရှင်များနှင့် ပြည်ပမှအလားတူ အဖွဲ့အစည်းများအကြား နှိုင်းယှဉ်ရသည့်အခါ

၂.၅၆ ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်စည်များ သို့မဟုတ် ပြည်တွင်းမှ ကန်ထရိုက်လုပ်ငန်းရှင်များကို ဦးစားပေး ရွေးချယ်ရန် ခွင့်ပြုချက် ရရှိသည့်အခါ ဤလမ်းညွှန်၏ နောက်ဆက်တွဲ (ခ) တွင် ဖော်ပြထားသော နည်းစနစ်နှင့် လုပ်ငန်းအဆင့်များအရ တင်ဒါများကို နှိုင်းယှဉ်စိစစ်အကဲဖြတ်ရမည်။

**တင်ဒါအတည်ဖြစ်မှုသက်တမ်းကာလတိုးမြှင့်ခြင်း /တင်ဒါသက်တမ်းတိုးခြင်း**
**(Extension of Validity of Bids)**

၂.၅၇ ငွေချေးယူသူ အနေဖြင့် တင်ဒါ စိစစ်အကဲဖြတ်ခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းတို့ကို တင်ဒါတွင် ကနဦး ဖော်ပြထားသော ဈေးနှုန်းအပြောင်းအလဲမရှိနိုင်သည့် ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့် ယင်းကာလအားတိုးမြှင့်ရန် လိုအပ်မှုကို ရှောင်လွှဲနိုင်သည်။ ကျိုးကြောင်းခိုင်လုံသော အခြေအနေတစ်ခုတွင် တင်ဒါတင်သွင်းသူအားလုံးအား တင်ဒါသက်တမ်း (bid validity)အား တိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ ရေးသားအကြောင်းကြားရမည်။ ထိုသို့ ကာလတိုးမြှင့်ခြင်းသည် တင်ဒါ စိစစ်အကဲဖြတ်ခြင်း ၊ ကန့်ကွက်မှုမရှိတောင်းဆိုခြင်း နှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းတို့အတွက် လိုအပ်သော အနည်းဆုံး ကာလအပိုင်းအခြားဖြစ်ရမည်။ ပုံသေဈေးနှုန်းဖြင့် ချုပ်ဆိုသော ကန်ထရိုက် စာချုပ်များအတွက်မှု ငွေချေးယူသူအနေဖြင့် တင်ဒါအနိုင်ရသူ၏ ဈေးနှုန်းသည် တင်ဒါသက်တမ်း တိုးမြှင့်လိုက်သော ကာလအတွင်း ကန်ထရိုက်စာချုပ်အတွက် သွင်းအားစု ကုန်ကျစရိတ်များ တိုးမြင့်လာမှုနှင့် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ခြင်းဖြစ်ကြောင်း ဘဏ်၏ သက်ဆိုင်ရာ SBD တွင် ပါရှိသော နည်းစနစ်များအတိုင်း တင်ပြနိုင်မှသာ ဒုတိယအကြိမ်နှင့် အကြိမ်ကြိမ် ကာလတိုးမြှင့်ခြင်းကို ခွင့်ပြုပေးနိုင်သည်။ အဆိုပြုဈေးနှုန်း အပြောင်းအလဲရှိသည့်ကာလတိုးမြှင့်ခြင်း ပြုလုပ်ရန်တင်ပြလာတိုင်း တင်ဒါတင်သွင်းသူအား ၎င်း၏ (မူလ) ဈေးနှုန်း သို့မဟုတ် ၎င်း၏ တင်ဒါဆိုင်ရာ အခြားသတ်မှတ်ချက်များကို ပြုပြင်ပြောင်းလဲရန် တောင်းဆိုခြင်း သို့မဟုတ် ခွင့်ပြုခြင်း မပြုရ။ တင်ဒါတင်သွင်းသူများအနေဖြင့် ထိုသို့ ကာလ တိုးမြှင့်ပေးရန် ခွင့်ပြုမှုကို ငြင်းပယ်လိုက ငြင်းပယ်နိုင်သည်။ အကယ်၍ တင်ဒါခေါ်ယူစဉ်က bid security အာမခံ လိုအပ်သည်ဟု ဖော်ပြထားပါက တင်ဒါတင်သွင်းသူများသည် ဈေးနှုန်း အပြောင်းအလဲမရှိသည့်ကာလ တိုးမြှင့်ပေးရန် ခွင့်ပြုထားမှုကို ၎င်းတို့၏ bid security အာမခံအား လက်လွှတ်ဆုံးရှုံးခြင်း မရှိဘဲ ငြင်းပယ်နိုင်ခွင့် ရှိသည်။ သို့သော်လည်း ကာလတိုးမြှင့်လိုသော တင်ဒါတင်သွင်းသူ အနေဖြင့်မူ ၎င်း၏ bid security ကိုလည်း သင့်လျော်သော ကာလအတိုင်းအတာထိ သက်တမ်း တိုးမြှင့်ပေးရန် လိုအပ်သည်။

**တင်ဒါအတွက်အနိုင်ပေးရန်လျာထားသူအားအရည်အချင်းမီ/မမီ တင်ဒါခေါ်ယူပြီးနောက်ပိုင်း စာချုပ်မချုပ်မီ စစ်ဆေးခြင်း (Postqualification of Bidders)**

---

56 ကမ္ဘာ့ဘဏ်မှ နှစ်စဉ်သတ်မှတ်ထုတ်ပြန်ပေးသောစုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး (Gross National Product)။

၂.၅၈ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်စဉ်ကတည်းက အရည်အသွေး စိစစ်ပြီးသူများကိုသာ ရွေးချယ်ဖိတ်ခေါ်ခဲ့ခြင်းမဟုတ်ပါက ငွေချေးယူသူအနေဖြင့် အနိမ့်ဆုံး စိစစ်အကဲဖြတ်ထားသည့်ကုန်ကျစရိတ်ဖြစ်သည်ဟုတွက်ချက်ရရှိသော တင်ဒါတင်သွင်းလာသူအား တင်ဒါတွင် ဖော်ပြထားသည့်အတိုင်း ကန်ထရိုက်လုပ်ငန်းကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် အရည်အချင်းနှင့် အရင်းအမြစ် ရှိ/မရှိ စဉ်းစားဆုံးဖြတ်ရန် လိုအပ်သည်။ ပြည့်မီရမည့်သတ်မှတ်ချက်များကို တင်ဒါဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင် တစ်ပါတည်း ထည့်သွင်းဖော်ပြထားခဲ့ရမည်ဖြစ်ပြီး တင်ဒါတင်သွင်းသူအနေဖြင့် ယင်းတို့ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ကြောင်း မတွေ့ရှိရလျှင် ယင်းတင်ဒါအားပယ်ချနိုင်သည်။ ထိုသို့ပယ်ချခဲ့ပါက ယင်းတင်ဒါနှင့် အနီးကပ်ဆုံး စိစစ်အကဲဖြတ်ထားသည့်ကုန်ကျစရိတ် အနည်းဆုံး တင်ဒါတင်သွင်းသူကိုလည်း အလားတူ အတိုင်းပင် အရည်အချင်းစိစစ်မှု ပြုလုပ်ရမည်။

## ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း (Award of Contract)

၂.၅၉ တင်ဒါတင်သွင်းသူသည် သင့်လျော်သည့် စံချိန်စံညွှန်းများ ပြည့်မီသော အရည်အချင်းနှင့် အရင်းအမြစ်များရှိကြောင်း စစ်ဆေးသိရှိပြီး ၎င်း၏ တင်ဒါသည် (၁) တင်ဒါတင်ရန် ဖိတ်ခေါ်သည့် စာရွက်စာတမ်းများပါ အချက်အလက်အများအပြားနှင့်ကိုက်ညီခြင်းနှင့် (၂) အနိမ့်ဆုံး စိစစ်အကဲဖြတ်ထားသည့်ကုန်ကျစရိတ်[57] ကိုလည်း အဆိုပြုထားခြင်း ဖြစ်ပါက ယင်းတင်ဒါ၏ ဈေးနှုန်း မပြောင်းမလဲ ရှိနေမည့် ကာလအတွင်း ၎င်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုရမည်။ တင်ဒါစာချုပ်အနိုင်ပေးရခြင်း အချက်တစ်ခုအနေဖြင့် တင်ဒါတင်သွင်းသူအား တင်ဒါ ခေါ်ယူစဉ်က ထည့်သွင်းဖော်ပြထားခြင်း မရှိသော လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်စေခြင်း သို့မဟုတ် ယင်းတာဝန်များကိုယူစေရန် မူလတင်သွင်းသောတင်ဒါအား ပြောင်းလဲပြင်ဆင်ခြင်းများ မရှိစေရပါ။ ထိုသို့လုပ်ရန်လည်း ခွင့်မပြုရပါ။

## ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်းထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract)

၂.၆၀ ငွေချေးယူသူအနေဖြင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီးကြောင်း ထုတ်ပြန်ကြေညာခြင်း လုပ်ငန်းစဉ်ကို နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## တင်ဒါအားလုံးကိုပယ်ချခြင်း (Rejection of All Bids)

၂.၆၁ တင်ဒါတင်သွင်းသည့်စာရွက်စာတမ်းများတွင် တင်ဒါအားလုံးကို ငွေချေးယူသူများအနေဖြင့် ပယ်ချပိုင်ခွင့်ရှိသည်ဟု ထည့်သွင်းဖော်ပြလေ့ရှိသည်။ ထိထိရောက်ရောက်ယှဉ်ပြိုင်မှုမရှိကြခြင်း၊ တင်ဒါ အားလုံးသည် လိုအပ်ချက်များနှင့် လိုက်လျောညီညွတ်မှု မရှိခြင်း၊ မည်သည့် တင်ဒါတင်သွင်းသူကမျှ သတ်မှတ်ထားသော အရည်အသွေးစံနှုန်းမပြည့်မီခြင်း သို့မဟုတ် စိစစ်အကဲဖြတ်မှုအရ အနည်းဆုံး ကုန်ကျနိုင်မည့်စရိတ်ရှိသည့်

---

57 အနိမ့်ဆုံးအကဲဖြတ်စိစစ်မှုကုန်ကျစရိတ်တင်ဒါတင်သွင်းသူနှင့်အနိမ့်ဆုံးအကဲဖြတ်စိစစ်မှုကုန်ကျစရိတ်ရှိသည့်တင်ဒါကိုရည်ညွှန်းသည်

တင်ဒါသည်ပင် ငွေချေးယူသူမှ ခန့်မှန်းထားသော ကုန်ကျစရိတ် သို့မဟုတ် သုံးရန်ရှိသည့် ဘတ်ဂျက်ထက်သိသိသာသာပိုများနေခြင်းစသည့် အခြေအနေမျိုးများတွင် တင်ဒါအားလုံးကို ပယ်ချခြင်း ပြုလုပ်ရန် ကျိုးကြောင်းဆီလျော်သည်ဟု သုံးသပ်သည်။ ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်မှုမရှိခြင်းဟု ဆိုရာ၌မူ တင်သွင်းလာသည့် တင်ဒါအရေအတွက်ပေါ်တွင်သာ အခြေခံဆုံးဖြတ်ခြင်း မဖြစ်သင့်ပေ။ တင်ဒါ တစ်စောင်တည်းရရှိခြင်းဖြစ်လျှင်ပင် တင်ဒါခေါ်ယူမှုကိုစိတ်ကျေနပ်ဖွယ်ကောင်းလောက်အောင် ကြော်ငြာခဲ့ခြင်း၊ အရည်အသွေး သတ်မှတ်ချက်များကို မမှန်မကန် သတ်မှတ်ထားမှုမရှိခြင်းနှင့် တင်ဒါဈေးနှုန်းများသည် ဈေးကွက်ပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက လက်ခံနိုင်သည့် အနေအထားတွင်ရှိခြင်းတို့ကို တွေ့ရှိရပါက ယင်းတင်ဒါခေါ်ယူခြင်း ထမြောက်သည်ဟု သတ်မှတ်နိုင်သည်။ အကယ်၍ အဆိုပြုလွှာ အားလုံးကို ပယ်ချရန် ဖြစ်ခဲ့ပါက ငွေချေးယူသူ အနေဖြင့် တင်ဒါအားလုံး ပယ်ချရန် ဖြစ်လာရသည့် အကြောင်းအရင်းကို ပြန်လည် သုံးသပ်ပြီးတင်ဒါဖိတ်ခေါ်ခြင်းကို ထပ်မံကြော်ငြာမှု မပြုမီ တင်ဒါတင်သွင်းခြင်းဆိုင်ရာ စာရွက်စာတမ်း အချက်အလက်များကို သင့်လျော်သလို ပြန်လည်ပြင်ဆင်မှု[58] ပြုလုပ်ရမည်။ အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်များကိုမူ အလွန် တင်းကျပ်လွန်းစွာ သတ်မှတ်ထားမိသည့်အခါမှသာ ပြန်လည် ပြင်ဆင် သတ်မှတ်မှု ပြုလုပ်ရမည်။

၂.၆၂ ပြန်လည်ပြင်ဆင်ကြော်ငြာသည့်အခါ အများပြည်သူအားလုံးသိရှိရန် ထပ်မံကြော်ငြာရန် အကြောင်း ကြောင်းကြောင့် မဖြစ်နိုင်လျှင် သို့မဟုတ် တင်ဒါအားလုံးကိုပယ်ချရခြင်းမှာ သတ်မှတ်ချက်များနှင့်လိုက်လျော ညီထွေဖြစ်အောင် မည်သူကမျှ မဆောင်ရွက်ပေးနိုင်ခြင်းကြောင့်ဖြစ်လျှင် ဘဏ်မှ ကန့်ကွက်မှု တစ်စုံတစ်ရာ မရှိပါက ကြော်ငြာခြင်းမလုပ်တော့ဘဲ ကြိုတင်ရွေးချယ်ထားသော အရည်အချင်း ပြည့်မီသည့် အဖွဲ့အစည်းများ ထံသို့သာ သို့မဟုတ် ကြိုတင်ရွေးချယ်ထားသော အရည်အချင်း ပြည့်မီသည့် အဖွဲ့အစည်း မရှိသည့်အခါ ပထမအကြိမ် ခေါ်ယူစဉ်က တင်ဒါပုံစံဝယ်ယူခဲ့ကြသော အဖွဲ့အစည်းများထံသို့သာ တင်ဒါအသစ်အား ပေးပို့ဖိတ်ခေါ်ခြင်း ပြုလုပ်နိုင်သည်။ အချို့ကိစ္စရပ်များ၌ ထပ်မံပြင်ဆင်ပြီးသား တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်မှုကို ပထမအကြိမ်ခေါ်ယူစဉ်က တင်ဒါတင်သွင်းသူများထံသို့သာပေးပို့အသိပေးရန် ဘဏ်က သဘောတူနိုင်ပါသည်။

၂.၆၃ ပိုမို၍သက်သာသောဈေးနှုန်းကို ရလိုသည့်အခါ တင်ဒါအားလုံးကို ပယ်ချလိုက်ခြင်းမျိုး မဟုတ်ဘဲ တူညီသောသတ်မှတ်ချက်များနှင့်ပင် တင်ဒါထပ်မံဖိတ်ခေါ်ခြင်း ပြုလုပ်နိုင်သည်။ အကယ်၍ စိစစ်အကဲဖြတ်မှု အရ ရရှိသော အနိမ့်ဆုံးကုန်ကျစရိတ်သည် ငွေချေးယူသူမှ ခန့်မှန်းတွက်ချက်ထားသော ပမာဏထက် သိသိသာသာ ပိုနေပါက ငွေချေးယူသူ အနေဖြင့် ယင်းသို့ပိုရသည့်ပမာဏ အဘယ်ကြောင့် ဖြစ်လာရသည်ကို စုံစမ်းစစ်ဆေး၍ အထက်ပါ စာပိုဒ်တွင် ဖော်ပြထားသကဲ့သို့ ပြင်ဆင်၍ တင်ဒါတင်သွင်းရန် ထပ်မံ ဖိတ်ခေါ်ရေး စဉ်းစားနိုင်သည်။ သို့မဟုတ် ငွေချေးယူသူအနေဖြင့် စိစစ်အကဲဖြတ်မှုအရ အနိမ့်ဆုံး ကုန်ကျစရိတ် ရရှိသည့် တင်ဒါတင်သွင်းသူအား ဆက်သွယ်၍ ကန်ထရိုက်ပမာဏ လျှော့ချခြင်း သို့မဟုတ် တာဝန်ယူမှုနှင့် ချွတ်ချော်လွဲမှားနိုင်မှုများအတွက် ထည့်သွင်းတွက်ချက်ပုံတို့ကို ပြင်ဆင်ခြင်းဖြင့် ကန်ထရိုက်စာချုပ် တန်ဖိုးကို လျှော့ချနိုင်ရန် ညှိနှိုင်းဆွေးနွေးနိုင်သည်။ သို့သော်လည်း ကန်ထရိုက်ပမာဏကို အများအပြား လျှော့ချခြင်း

---

58 ကန်ထရိုက်ပါ လုပ်ငန်းအတိုင်းအတာနှင့် အခြေအနေများ သို့မဟုတ် အနိမ့်ဆုံးအရည်အချင်းစိစစ်မှုဆိုင်ရာစံနှုန်းများ (ကြိုတင်ရွေးချယ်ထားခြင်း မရှိသည့်အခါ) သို့မဟုတ် ဒီဇိုင်းနှင့် သတ်မှတ်ချက်များ စသည့် တစ်ခုခုကို သို့မဟုတ် အားလုံးကို ပြင်ဆင်ခြင်းကို ဆိုလိုသည်။

သို့မဟုတ် ကန်ထရိုက် စာရွက်စာတမ်း အချက်အလက်များကို ပြင်ဆင်ခြင်းတို့ ပြုလုပ်ရမည်ဆိုလျှင် တင်ဒါများ ပြန်လည်ဖိတ်ခေါ်ခြင်း ပြုလုပ်ရန် လိုအပ်နိုင်သည်။

၂.၆၄ တင်ဒါများအားလုံးကို ပယ်ချခြင်း၊ တင်ဒါအသစ်များ တောင်းခံခြင်း သို့မဟုတ် စိစစ်အကဲဖြတ်မှုအရ ကုန်ကျစရိတ် အနည်းဆုံးဖြစ်သည့် တင်ဒါတင်သွင်းသူနှင့် ညှိနှိုင်းခြင်းတို့ မပြုလုပ်မီ ဘဏ်မှ ကန့်ကွက်ရန် မရှိကြောင်း ကြိုတင်ရယူရန်လိုအပ်သည်။

**ငွေချေးယူသူမှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Borrower)**

၂.၆၅ အပိုဒ်ခွဲ ၂.၆၀ နှင့် နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တို့တွင် ရည်ညွှန်းသည့်အတိုင်း ကန်ထရိုက် စာချုပ်ချုပ်ဆိုပြီးကြောင်း အများသိစေရန် ကြေညာသည့်အခါ ငွေချေးယူသူ အနေဖြင့် မည်သည့် တင်ဒါတင်သွင်းသူမဆို မိမိတို့၏ တင်ဒါအဘယ့်ကြောင့် ရွေးချယ်ခြင်း မခံရသည်ကို သိရှိလိုပါက ဆက်သွယ်၍ရှင်းလင်းချက်တောင်းဆိုမေးမြန်းနိုင်ကြောင်း ထည့်သွင်းဖော်ပြရမည်။ ထိုသို့ မေးမြန်း လာပါကလည်း ငွေချေးယူသူအနေဖြင့် ယင်းတင်ဒါကို အဘယ့်ကြောင့် ရွေးချယ်မှု မပြုခြင်းဖြစ်ကြောင်းကို စေလျင်စွာ စာဖြင့် ရေးသား၍ ရှင်းလင်း ပြောကြားပေးရမည်။ အကယ်၍ တင်ဒါတင်သွင်းသူ တစ်ဦးက တင်ဒါခေါ်ယူ ရွေးချယ်မှုဆိုင်ရာ အပြီးသတ်ရှင်းလင်းတင်ပြခြင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ပေးရန် တောင်းဆို လာပါက ထိုသို့ အစည်းအဝေး ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် ကုန်ကျစရိတ်များကို ယင်းသို့ တောင်းဆိုမှုပြုသည့် တင်ဒါတင်သွင်းသူက ကျခံပေးရမည် ဖြစ်သည်။

## ဃ။ ပြင်ဆင်ပြောင်းလဲထားသော ICB စနစ်
## D. Modified ICB

**ပြည်ပမှတင်သွင်းမှုအစီအစဉ်ပါဝင်သောလုပ်ငန်းများ[59] (Operations Involving a Program of Imports)**

၂.၆၆ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရသည့် အစီအစဉ် တစ်ခုအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရန် ချေးငွေ ထုတ်ပေးသည့်အခါ ချေးငွေဆိုင်ရာ သဘောတူညီချက်တွင် ဖော်ပြထားသည့်အတိုင်း ရိုးရှင်းအောင် ပြုလုပ်ထားသောကြော်ငြာပုံနှင့် ငွေကြေးဆိုင်ရာသတ်မှတ်ချက်များပါဝင်သော ICB စနစ်ကို တန်ဖိုး ကြီးမားသော ကန်ထရိုက်စာချုပ်များအတွက် အသုံးပြုနိုင်သည်။[60]

---

[59] အပိုဒ်ခွဲ ၃.၁၂ တွင် လေ့လာပါ။

[60] ပမာဏ နည်းပါးသော ဝယ်ယူမှု ကန်ထရိုက်စာချုပ်များအတွက်မူ စာပိုဒ်ခွဲ ၃.၁၃ တွင် ဖော်ပြထားသကဲ့သို့ပင် ကုန်စည် တင်သွင်းမှု ပြုလုပ်နေသည့် ပုဂ္ဂလိက သို့မဟုတ် အများပိုင် လုပ်ငန်းများက လိုက်နာကြသည့် လုပ်ငန်းစဉ်များ သို့မဟုတ်ဘဏ်မှ လက်ခံနိုင်လောက်သော ခိုင်မာသည့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အလေ့အထများအရ ပုံမှန်အတိုင်းလုပ်ကိုင်ဆောင်ရွက် နိုင်သည်။

၂.၆၇ ရိုးရှင်းအောင် ပြုလုပ်ထားသော ICB ဝယ်ယူမှုစနစ်အသိပေးကြော်ငြာမှုပုံစံအနေဖြင့် အထွေထွေ ဝယ်ယူရေးအသိပေးကြော်ငြာချက် မလိုအပ်ပေ။ သက်ဆိုင်ရာ ဝယ်ယူရေးကြော်ငြာချက်များကို ငွေချေးယူသူ၏ နိုင်ငံအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ချိနေသည့် သတင်းစာ (သို့မဟုတ် ရုံးသုံး ပြန်တမ်း သို့မဟုတ် တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာမှ အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုက် သို့မဟုတ် electronic portal) အနည်းဆုံး တစ်စောင်၊ UNDB online နှင့် ဘဏ်၏ တရားဝင်ဝက်ဘ်ဆိုက်တို့တွင် ထည့်သွင်း ဖော်ပြနိုင်သည်။ တင်ဒါပြင်ဆင် တင်သွင်းနိုင်သည့် ကာလ အပိုင်းအခြားကိုလည်း ရက်သတ္တပတ် (၄)ပတ်သို့ လျှော့ချနိုင်သည်။ တင်ဒါဈေးနှုန်း ဖော်ပြခြင်းနှင့် ငွေပေးချေခြင်းတို့အတွက် နိုင်ငံတကာ ကုန်သွယ်ရေးတွင် ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုသော ငွေကြေး တစ်မျိုးတည်းကိုသာ အသုံးပြုရန် ကန့်သတ်ထားသည်။

**ကုန်စည်များဝယ်ယူခြင်း (Procurement of Commodities)**

၂.၆၈ နံ့စားသီးနံများ၊ တိရိစ္ဆာန် အစားအစာများ၊ ဟင်းချက်ဆီ၊ လောင်စာဆီ၊ ဓာတ်မြေဩဇာနှင့် သတ္တုပစ္စည်း ကဲ့သို့သော ကုန်စည်များ၏ ဈေးကွက်ပေါက်ဈေးနှုန်းသည် အချိန်ကာလအလိုက် ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် မူတည်၍ အတက်အကျ ပြောင်းလဲမှု ရှိသည်။ ယင်းတို့အများအပြားအား ခိုင်မာသော ကုန်စည်ဈေးကွက်ပေါက်ဈေးနှုန်းများဖြင့် သတ်မှတ်လေ့ရှိသည်။ တစ်ခါတစ်ရံ ရောင်းလိုအားရှိနိုင်မှု သေချာစေရန်၊ ဈေးကွက်အခြေအနေအပေါ်မှ အကျိုးဖြစ်ထွန်းစေရန်နှင့် သိုလှောင်ထိန်းသိမ်းထားရသည့် ပမာဏ နည်းပါးစေရန် အမှန်တကယ်လိုအပ်သည့် ပမာဏကို အပိုင်းပိုင်းခွဲ၍ အကြိမ်ကြိမ် စာချုပ်ချုပ်ဆို ဝယ်ယူဖြည့်တင်းမှုများလည်း ပြုလုပ်လေ့ ရှိသည်။ ကာလအလိုက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အသိပေးမှုများ ပေးပို့နိုင်ရေးအတွက် အရည်အသွေး စိစစ်၍ ကြိုတင်ရွေးချယ်ထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို စာရင်းပြုစုထားနိုင်သည်။ တင်ဒါ တင်သွင်းသူများအနေဖြင့် တင်ပို့မှု မပြုလုပ်မီ သို့မဟုတ် တင်ပို့ချိန်တွင် ဖြစ်ပေါ်လာသော ဈေးကွက် ပေါက်ဈေးနှင့် ချိတ်ဆက်၍ တင်ဒါတင်သွင်းနိုင်သည်။ တင်ဒါပါဈေးနှုန်း သက်တမ်း ကာလ အပိုင်းအခြားကိုလည်း တိုနိုင်သမျှ တိုအောင် သတ်မှတ်ရမည်။ တင်ဒါဈေးနှုန်း ဖော်ပြခြင်းနှင့် ငွေပေးချေခြင်းတို့အတွက် ဈေးကွက်အတွင်းတွင် ယင်းကုန်စည်အား နှုန်းထားသတ်မှတ်လေ့ရှိသည့် ငွေကြေး အမျိုးအစား တစ်မျိုးတည်းကိုသာ အသုံးပြုရမည်။ အသုံးပြုမည့်ငွေကြေးအမျိုးအစားကို တင်ဒါ ဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင် တစ်ပါတည်းသတ်မှတ် ဖော်ပြပေးရမည်။ တင်ဒါများ ပေးပို့ရာတွင် ကြေးနန်း သို့မဟုတ် ဖက်စ် အသုံးပြု၍ တင်ဒါတင်ခြင်း သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် တင်ဒါပေးပို့ခြင်းတို့ ပြုလုပ်နိုင်ရန် ခွင့်ပြုပေးရမည် ဖြစ်ပြီး ယင်းသို့သော အခြေအနေမျိုးတွင် bid security တင်ဒါအာမခံ တင်ပြရန် မလိုအပ်ခြင်း သို့မဟုတ် မူလကတည်းက အရည်အချင်း စိစစ်ရွေးချယ်ပြီး ဖိတ်ကြားခဲ့သော တင်ဒါတင်သွင်းသူများ၏ အချိန်ကာလတစ်ခုအထိ ဆက်လက် အသုံးပြုနိုင်သေးသော bid security တင်ဒါအာမခံများအား ဆက်လက်အသုံးပြုခြင်း ပြုလုပ်နိုင်သည်။ ဈေးကွက်၏လုပ်ထုံးလုပ်နည်းများနှင့် တစ်သမတ်တည်းဖြစ်သော စံသတ်မှတ်ထားသော စာချုပ်ပါအချက်များနှင့် ဖောင်ပုံစံများကို အသုံးပြုနိုင်သည်။

## ၃။ အခြားဝယ်ယူရေးနည်းလမ်းများ
## III. OTHER METHODS OF PROCUREMENT

### အထွေထွေ (General)

၃.၁ ဤအခန်းတွင် ICB နည်းလမ်းသည် စီးပွားရေးအရ တွက်ခြေအကိုက်ဆုံး သို့မဟုတ် ထိရောက်မှု အရှိဆုံးဝယ်ယူရေးနည်းလမ်းမဖြစ်နိုင်ဘဲ အခြားနည်းလမ်းများက ပိုမိုသင့်လျော်သည့်အခြေအနေမျိုး[61] သို့မဟုတ် စာပိုဒ် ၃.၂ ကဲ့သို့သော အနေအထားတွင် ဘဏ်အနေဖြင့် ငွေချေးယူသူ၏ နိုင်ငံအတွင်း အသုံးပြုသည့် အများပြည်သူဆိုင်ရာဝယ်ယူရေးစနစ်ကို အသုံးပြုရန် သဘောတူညီသည့်အခါမျိုးတွင် အသုံးပြုနိုင်သော ဝယ်ယူရေးနည်းလမ်းများကို ဖော်ပြထားသည်။ ပြည်တွင်းတွင်ထုတ်လုပ်/ ရရှိနိုင်သော ကုန်ပစ္စည်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဂန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအတွက် ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးသည့် ဘဏ်၏ မူဝါဒဆိုင်ရာ သတ်မှတ်ချက်များကို ICB မဟုတ်သော အခြားဝယ်ယူရေးနည်းလမ်းများတွင် အသုံးပြုနိုင်ခြင်းမရှိပါ။ အပိုဒ်ခွဲ ၃.၂ မှ အပိုဒ်ခွဲ ၃.၅ ထိနှင့် အပိုဒ်ခွဲ ၃.၇ တို့တွင် ယေဘုယျအားဖြင့် အသုံးပြုသောနည်းလမ်းများကို ဦးစားပေးအဆင့်အလိုက် အနိမ့်မှအမြင့်သို့ အစဉ်လိုက်ဖော်ပြထားပြီး ကျန်အပိုဒ်များတွင်လည်း သီးခြား အခြေအနေအလိုက်အသုံးပြုနိုင်သော နည်းလမ်းများကို ဖော်ပြထားသည်။

### ကန့်သတ်နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ (Limited International Bidding)

၃.၂ ကန့်သတ်နိုင်ငံတကာယှဉ်ပြိုင်ရသောတင်ဒါ (LIB) စနစ်သည် အများပြည်သူသို့ ဖွင့်၍ ကြော်ငြာခြင်း မပြုဘဲ ကြိုတင်ရွေးချယ်ထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအား တိုက်ရိုက် တင်ဒါတောင်းခံခြင်း ပြုလုပ်သည့် ICB စနစ်တစ်မျိုးပင် ဖြစ်သည်။ ယင်းစနစ်ကို (က) လိုအပ်သော ကုန်ပစ္စည်း/ ဝန်ဆောင်မှု ပေးနိုင်သူအရေအတွက် အကန့်အသတ်ဖြင့်သာရှိခြင်း သို့မဟုတ် (ခ) ICB စနစ်ကို အပြည့်အဝ အသုံးချရန် အဆင်မပြေနိုင်သည့် သီးခြားအကြောင်းအရင်းရှိခြင်းကဲ့သို့သော အခြေအနေမျိုးတွင် အသုံးပြုရန် သင့်လျော်သည်။ LIB စနစ်ဖြင့် ဝယ်ယူသည့်အခါ ငွေချေးယူသူအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မှုရှိနိုင်ရန် အလားအလာရှိသည့် ပေးသွင်းထောက်ပံ့ပေးနိုင်သူများကို ကျယ်ကျယ်ပြန့်ပြန့်စာရင်းပြုစု၍ (အကယ်၍ ထိုသို့သောပုဂ္ဂိုလ်/ အဖွဲ့အစည်းများ အရေအတွက် အကန့်အသတ်ဖြင့်သာရှိပါက ယင်းပုဂ္ဂိုလ်/ အဖွဲ့အစည်းအားလုံး ဤစာရင်းတွင် ပါဝင်ရန်လိုသည်။) ၎င်းတို့ထံမှ တင်ဒါများဖိတ်ခေါ်ရမည်။ LIB စနစ်တွင် တင်ဒါဈေးနှုန်းများအား စိစစ်အကဲဖြတ်သည့်အခါ ဒေသတွင်းထွက်ကုန်အားဦးစားပေးရွေးချယ်မှုစနစ်အား အသုံးမပြုနိုင်ပါ။ တင်ဒါတင်သွင်းရန် ကြော်ငြာ ဖိတ်ခေါ်ခြင်းနှင့် ပြည်တွင်းဦးစားပေး ရွေးချယ်ခြင်းပုံစံများမှ

---

[61] ICB နည်းလမ်းဖြင့် လုပ်ဆောင်၍မဖြစ်နိုင်သော သဘောမျိုးမဖြစ်စေရန်အတွက် ကန်ထရိုက် လုပ်ငန်းများကို သေးငယ်သော အစိတ်အပိုင်းများအဖြစ် အပိုင်းပိုင်းခွဲပစ်ခြင်း မပြုလုပ်ရ။ ကန်ထရိုက်လုပ်ငန်းအား သေးငယ်သော အစိတ်အပိုင်းအများအဖြစ် ပိုင်းခြားရန် လိုအပ်ပါက ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက် ဦးစွာ ရယူရမည်။

လွှဲ၍ နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသော ကန်ထရိုက်စာချုပ်အပ်နှင်းခြင်းအား အများပြည်သူသို့ ကြေညာခြင်းအပါအဝင် ကျန်ကိစ္စရပ်များအားလုံးကို ICB လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရမည်။

**နိုင်ငံတွင်း/ပြည်တွင်းယှဉ်ပြိုင်ရသောတင်ဒါ (National Competitive Bidding)**

၃.၃ နိုင်ငံတွင်း/ပြည်တွင်းယှဉ်ပြိုင်ရသောတင်ဒါ (NCB) စနစ်သည် ငွေချေးယူသူ၏ နိုင်ငံအတွင်း အများပြည်သူအား အသိပေးကြော်ငြာ၍ ဝယ်ယူမှုပြုလုပ်သည့် ဈေးပြိုင်ဝယ်ယူမှုစနစ်တစ်ခုပင်ဖြစ်ပြီး အခြေခံ သဘောသဘာဝအရ သို့မဟုတ် လုပ်ငန်းကျယ်ပြန့်မှုအနေအထားအရ ပြည်ပမှ ယှဉ်ပြိုင် အဆိုပြုလာရန် ဆွဲဆောင်နိုင်မှုနည်းပါးသည့် ပစ္စည်းဝယ်ယူမှုများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှု မဟုတ်သော ဝန်ဆောင်မှုများအတွက် အသင့်လျော်ဆုံးဝယ်ယူရေးနည်းလမ်းတစ်ခုဟု ဆိုနိုင်သည်။ ဘဏ်မှငွေကြေးထောက်ပံ့သော ဝယ်ယူမှုများအတွက် ဤစနစ်ကို အသုံးပြုနိုင်ရန် အတွက်မူ လိုအပ်သလို ပြင်ဆင်အသုံးပြုရဦးမည်ဖြစ်ရာ [62] ဤလမ်းညွှန်ချက်ပါ အခန်း(၁) [63] တွင်ပါဝင်သော သတ်မှတ် ပြဋ္ဌာန်းချက်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး ငွေကြေးအလေအလွင့်မရှိ တွက်ချေကိုက်ခြင်း၊ ထိရောက်မှုရှိ၍ ထင်သာမြင်သာရှိခြင်းတို့ဖြစ်စေရန် လိုအပ်သည်။ (က) ကန်ထရိုက်တန်ဖိုးနှင့်လုပ်ငန်း အရွယ်အစား (ခ) ဆောင်ရွက်ရမည့်လုပ်ငန်းများပထဝီအနေအထားအရ ပြန့်ကျဲတည်ရှိခြင်း သို့မဟုတ် အချိန်အပိုင်းအခြားအရ အကွဲကွဲအပြားအပြားဖြစ်နေခြင်း (ဂ) ကာယလုပ်အား အထူးပြုလုပ်ငန်းဖြစ်ခြင်း (ဃ) ပစ္စည်းဝယ်ယူမှုများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှု များသည် နိုင်ငံတကာဈေးကွက်နှင့်ယှဉ်လျှင် ပြည်တွင်းတွင် ပိုမို ဈေးသက်သာစွာ ရရှိနိုင်ခြင်းစသည့် အချက်များကြောင့် ပြည်ပလုပ်ငန်းများအနေဖြင့် တင်ဒါ ဝင်ရောက် ယှဉ်ပြိုင်ရန် စိတ်မဝင်စားနိုင်သည့် အခြေအနေမျိုးတွင် NCB သည် အသင့်လျော်ဆုံး ဝယ်ယူရေးနည်းလမ်း ဖြစ်သည်။

၃.၄ တင်ဒါဖိတ်ခေါ်သည့် ကြော်ငြာချက်စာသား အပြည့်အစုံကို အပိုဒ်ခွဲ ၂.၁၅ တွင် ဖော်ပြထားသည့် အတိုင်း ပြည်တွင်း ရုံးသုံးဘာသာစကားဖြင့်ရေးသား၍ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိသော ပြည်တွင်း သတင်းစာတစ်စောင်စောင် သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေသော ပြန်တမ်း သို့မဟုတ် ပြည်တွင်းနှင့် နိုင်ငံတကာမှ အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်သည့် လူအများအပြား အသုံးပြုသော ဝက်ဘ်ဆိုက် သို့မဟုတ် electronic portal တစ်ခုတွင် ထည့်သွင်း ကြော်ငြာရမည်။ ငွေချေးယူသူအနေဖြင့် အနည်းဆုံးပါရှိရမည့် သတင်းအချက်အလက်များနှင့် အတိုချုံ့ကြော်ငြာချက်ကို ပြည်တွင်းထုတ်သတင်းစာများတွင် ကြော်ငြာနိုင်ပြီး

---

62 ထိုသို့ ပြင်ဆင်မှု ပြုလုပ်သည့်အချက်တိုင်းသည် ငွေချေးယူမှု သဘောတူညီချက်တွင် သဘောတူညီထားသည်နှင့် ကိုက်ညီမှု ရှိရမည်။ အကယ်၍ ငွေချေးယူသူက တင်ပြတောင်းဆိုလာပါက NCB နည်းလမ်းဖြင့် ပြုလုပ်သော တင်ဒါဖိတ်ခေါ်သည့် စာရွက်စာတမ်း များတွင် ငွေချေးယူသူ၏ နိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုအပေါ်လုပ်ငန်းကန်ထရိုက် ပေးအပ်ခြင်း မပြုရန် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တရားစီရင်ရေး အာဏာပိုင် တစ်ခုခုမှ ပိတ်ပင်ကန့်သတ်မိန့် ချမှတ်ထားပါက ဘဏ်အနေဖြင့် ယင်း ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မရိုးသားမှု သို့မဟုတ် မမှန်မကန်ပြုမှု တစ်ခုခုနှင့် ဆက်သွယ်မှု ရှိနေပြီး တရားစွဲဆိုမှု ခံရဖွယ် ရှိသည်ဟု ယူဆကာ ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ငွေကြေးလွှဲပြောင်းပေးချေရန် မဖြစ်နိုင်ကြောင်း အပိုဒ်ငယ်တစ်ခု ထည့်သွင်းရန် ဘဏ်က သဘောတူ ခွင့်ပြုနိုင်သည်။

63 ဤနည်းလမ်းသည် အပိုဒ်ခွဲ ၃.၂ တွင် ဖော်ပြထားသော UCS ရှေ့ပြေးစမ်းသပ်မှုအစီအစဉ်အောက်ရှိ အကြောင်းအရာများနှင့် ခြားနားသည်။

ကြော်ငြာချက်အပြည့်အစုံကို နိုင်ငံတွင်းတရားဝင်ပြန်တမ်း သို့မဟုတ် ပြည်တွင်းပြည်ပမှ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သော website (သို့မဟုတ်) electronic portal တွင်လည်း တစ်ပြိုင်နက်တည်း ရယူနိုင်အောင် လုပ်ရမည်။ တင်ဒါတင်သွင်းရန် အလားအလာရှိသူများထံ အသိပေးအကြောင်းကြားခြင်း ကိုလည်း တင်ဒါအတွက် လိုအပ်သောစာရွက်စာတမ်းများရရှိရန် လုံလောက်သော အချိန်ကာလတစ်ခုခွာ၍ ကြိုတင်ပြုလုပ်ရမည်။ တင်ဒါစာရွက်များကိုလည်း အမျိုးသားဘာသာစကားဖြင့် ထုတ်ဝေရမည်။ ယေဘုယျအားဖြင့် ငွေချေးယူသူ၏ နိုင်ငံအတွင်းအသုံးပြုသည့် ငွေကြေးကို တင်ဒါဈေးနှုန်း ဖော်ပြရန်နှင့် ငွေပေးချေမှုပြုလုပ်ရန်အတွက်အသုံးပြုသည်။ ထို့ပြင် တင်ဒါဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင် တင်ဒါကို မည်သို့ပေးပို့တင်သွင်းရမည်၊ ဈေးနှုန်းကို မည်သို့သတ်မှတ်ရမည် ဆိုသည်နှင့် တင်ဒါ နောက်ဆုံးထား ပေးပို့ရမည့် အချိန်နှင့်နေရာတို့ကို ရှင်းလင်းစွာဖော်ပြထားရမည်။ တင်ဒါပြင်ဆင်ရန်နှင့် ပေးပို့တင်သွင်းရန် လုံလောက်သာအချိန်ကာလတစ်ခု သတ်မှတ်ပေးရမည်။ အသုံးပြုသော ဝယ်ယူရေး လုပ်ငန်းစဉ်များသည် သင့်လျော်မှန်ကန်သော ဈေးနှုန်းရရှိနိုင်ရေးအတွက် လုံလောက်သော ယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရမည်ဖြစ်ပြီး တင်ဒါအကဲဖြတ်မည့်၊ စာချုပ်အပ်နှင်းမည့် နည်းလမ်းများကိုလည်း တင်ဒါတင်သွင်းသူများ သိရှိစေရန် တင်ဒါဖိတ်ခေါ်သည့် စာရွက်စာတမ်းများတွင် ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး မိမိထင်သလို ပြုမူရွေးချယ်ခြင်းမပြုရ။ တင်ဒါဈေးနှုန်းများအား နှိုင်းယှဉ်ခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုရန် ရွေးချယ်ခြင်း ပြုလုပ်ရာတွင် အခွန်အခများအားလုံးအပါအဝင် နောက်ဆုံးရောက်ရှိရမည့်နေရာဒေသအရောက် ကုန်ကျမည့် စုစုပေါင်းကုန်ကျစရိတ်အပေါ်အခြေခံ၍နှိုင်းယှဉ်ရမည်။ ရွေးချယ်သည့် လုပ်ငန်းစဉ်တွင် နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ အရ အများရှေ့၌ တင်ဒါများဖွင့်ဖောက်ကြည့်ရှုခြင်း၊ စိစစ်အကဲဖြတ်မှု ရလဒ်များနှင့် ကန်ထရိုက် စာချုပ်ချုပ်ဆိုရန်ရွေးချယ်မှုအား ထုတ်ပြန်ကြေညာခြင်းတို့ ပါဝင်ရမည်။ ငွေချေးယူသူအနေဖြင့် တင်ဒါတင်သွင်းသူများမှ ပြန်လည်ချေပကန့်ကွက်ခြင်း ပြုလုပ်နိုင်ရန် ခိုင်မာထိရောက်သော ကန့်ကွက်မှု နည်းလမ်းထားရှိပေးရမည်ဖြစ်ပြီး ချေပကန့်ကွက်လာမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်း ပေးရမည်။ အကယ်၍ ပြည်ပအဖွဲ့အစည်းများက NCB တွင် ဝင်ရောက် ယှဉ်ပြိုင်ရန် ဆန္ဒရှိပါက ပြည်တွင်းမှ တင်ဒါတင်သွင်းသူများ လိုက်နာရသည့် NCB စည်းကမ်း နည်းလမ်းများအတိုင်း လိုက်နာ၍ ယှဉ်ပြိုင်ရန် ခွင့်ပြုရမည်။

**လေ့လာနှိုင်းယှဉ်မှုပြုဝယ်ယူခြင်း (Shopping)**

၃.၅ Shopping ဆိုသည်မှာ (ကုန်ပစ္စည်းဖြစ်လျှင်) ထုတ်လုပ်/တင်ပို့သူ၊ (မြို့ပြတည်ဆောက်ရေး လုပ်ငန်းများဖြစ်လျှင်) ကန်ထရိုက်၊ သို့မဟုတ် (အကြံပေးဝန်ဆောင်မှုမဟုတ်သော အခြား ဝန်ဆောင်မှုလုပ်ငန်း ဖြစ်လျှင်) ဝန်ဆောင်မှုပေးသူ အနည်းဆုံး ၃ ဦးထံမှ ပေးပို့လာသော ဈေးနှုန်းများအပေါ် နှိုင်းယှဉ်မှုကိုအခြေခံ၍ ပြုလုပ်သော ဝယ်ယူရေး နည်းလမ်းတစ်ခုဖြစ်ပြီး အသင့်ဝယ်ယူရရှိနိုင်သော ကုန်ပစ္စည်းများ သို့မဟုတ် စံသတ်မှတ်ချက်ရှိပြီးသော တန်ဖိုးနည်း လူသုံးကုန်ပစ္စည်းများ သို့မဟုတ် တန်ဖိုးနည်း၍ ရိုးရှင်းသော မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ [64] အတွက် ပမာဏအကန့်အသတ်ဖြင့် အနည်းငယ်သာဝယ်ယူခြင်းများ

---

[64] Shopping နည်းလမ်းကို အသုံးပြုရန်နှင့် ဤလမ်းညွှန်၏ အပိုဒ်ခွဲ ၃.၁၀ (ဂ) တွင် ဖော်ပြထားသော ကုလသမဂ္ဂ အဖွဲ့အစည်းများထံမှ ဝယ်ယူခြင်းအတွက် တန်ဖိုးနည်း ကန်ထရိုက်စာချုပ်ဆိုသည်မှာ သာမန်အားဖြင့် အသင့် ဝယ်ယူ ရရှိနိုင်သော ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ထက်မကျော်သော တန်ဖိုးနှင့် ရိုးရှင်းသော မြို့ပြ

အတွက် အခြားယှဉ်ပြိုင်မှုပိုများသော နည်းလမ်းများသည် ကုန်ကျစရိတ်နှင့်ထိရောက်မှုအရ အသုံးပြုရန် မသင့်လျော်သည့်အခါမျိုး၌ အသင့်လျော်ဆုံးဖြစ်သည်။ ငွေချေးယူသူ အနေဖြင့် ဈေးနှုန်းအဆိုပြုလွှာအနည်းဆုံး ၃ခု ရယူနိုင်ခြင်းမရှိခဲ့ပါက အခြားယှဉ်ပြိုင်မှုရှိစေသောနည်းလမ်းများအား အသုံးမပြုရသည့်အကြောင်းအရင်းကို ဘဏ်သို့ ရေးသားတင်ပြပြီး လက်ရှိရရှိထားပြီးသောတုံ့ပြန်မှုများအပေါ် အခြေခံ၍လုပ်ဆောင်ရမည်ဆိုပါက ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက်ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်ရမည်။ ဈေးနှုန်းတောင်းခံလွှာတွင် လိုအပ်သည့်ပစ္စည်း၏ သတ်မှတ်အချက်အလက်နှင့်အရေအတွက် သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်း၏ သတ်မှတ်ချက်တို့နှင့်အတူပေးပို့ရမည့်သို့မဟုတ် ပြီးစီးရမည့် အချိန်နှင့်နေရာတို့ကို ထည့်သွင်းဖော်ပြရမည်။ ဈေးနှုန်းအဆိုပြုမှုများကို စာဖြင့်သော်၎င်း၊ ဖက်စ်ဖြင့်သော်၎င်း၊ အီလက်ထရောနစ် ဆက်သွယ်မှုပုံစံတစ်မျိုးမျိုးနှင့်သော်၎င်း ပေးပို့စေရမည်။ ဈေးနှုန်းအဆိုပြုလွှာများအား စိစစ်အကဲဖြတ်ရာတွင် အများပြည်သူသို့တင်ဒါခေါ်ယူမှုပြုလုပ်သည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်။ ရွေးချယ်လိုက်သော တင်ပြသူ၏အချက်အလက်များကို အမှာစာ (purchase order) သို့မဟုတ် ကန်ထရိုက်စာချုပ်အကျဉ်းတွင် ထည့်သွင်းဖော်ပြရမည်။

**သတ်မှတ်ကုန်/ဂန်ဆောင်မှုအား ကာလတစ်ခုအတွင်း သတ်မှတ်ဈေးဖြင့်ဂယ်ယူရန် ချုပ်ဆိုထားသော ဂယ်ယူရေးသဘောတူညီချက်မူဘောင် (Framework Agreement)**

၃.၆ Framework Agreement (FA) ဆိုသည်မှာ သဘောတူညီထားသော အချိန်ကာလအတွင်း မည်သို့သော ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများ (call-off)ကို လုပ်ဆောင်သွားမည်ဆိုသည့် စည်းမျဉ်းစည်းကမ်းများကို ဖော်ပြ၍ ထုတ်လုပ်/တင်ပို့သူ၊ ကန်ထရိုက် သို့မဟုတ် ဂန်ဆောင်မှုမဟုတ်သည့် အခြားဝန်ဆောင်မှုပေးသူများနှင့် ရေရှည်သဘောတူညီထားသည့် သဘောတူစာချုပ်တစ်မျိုးပင် ဖြစ်သည်။ ယေဘုယျအားဖြင့် FA များသည် ကြိုတင်သဘောတူညီပြီးသော ဈေးနှုန်း သို့မဟုတ် ယှဉ်ပြိုင် အရွေးခံပြီးနောက် သဘောတူညီမှုရေးထိုးစဉ်တွင် ဆုံးဖြတ်သတ်မှတ်ခဲ့သော ဈေးနှုန်းပေါ်တွင်အခြေခံပြီးနောင်တစ်ချိန်တွင် ထပ်မံယှဉ်ပြိုင်ရန်မလိုတော့ဘဲ ပြန်လည်ပြင်ဆင်ပြောင်းလဲနိုင်ခွင့်ရှိသော ဈေးနှုန်းအပေါ်တွင်အခြေခံထားသော သဘောတူညီချက် ဖြစ်သည်။[65] FA ကို (က) အသင့်ဝယ်ယူနိုင်သော

---

တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ ထက်မကျော်သော တန်ဖိုးကို ဆိုလိုသည်။ စီမံကိန်း တစ်ခုချင်းအလိုက် အသုံးချနိုင်သော သတ်မှတ် ပမာဏကို ဝယ်ယူရေး အစီအစဉ်တွင် ထည့်သွင်း ဖော်ပြထားသည်။

65 ငွေချေးယူသူများသည် FA ပုံစံအမျိုးမျိုးကို အမည်အမျိုးမျိုးဖြင့် အသုံးပြုခဲ့ကြသည်။ အကန့်အသတ်ဖြင့် သို့မဟုတ် အကန့်အသတ်မဲ့ဖြင့်၊ အဆင့်တစ်ဆင့် သို့မဟုတ် နှစ်ဆင့်နှင့်ယှဉ်ပြိုင်စေသော နည်းလမ်းများပေါ် အခြေခံ၍ အသုံးအများဆုံး ပုံစံ ၃ ခုမှာ (၁) သဘောတူစာချုပ် ချုပ်ဆိုခြင်း အပါအဝင် ကြိုတင် သတ်မှတ်ထားသော စံနှုန်းများ အပေါ် အခြေခံ၍ ထုတ်လုပ် တင်ပို့သူ/ကန်ထရိုက်တစ်ဦး သို့မဟုတ် အများအပြားနှင့် လက်မှတ်ရေးထိုးကာ သဘောတူညီထားသော ကာလအတွင်း လူသစ်များ ထပ်မံဝင်ရောက် ဆောင်ရွက်ခွင့် မပြုသော “Closed FA” (၂) လူသစ်များ ထပ်မံ ဝင်ရောက် ဆောင်ရွက်ခွင့်ကို ကန့်သတ်ထားသော်လည်း ရွေးချယ်မှုအဆင့် နှစ်ဆင့် ခံထားကာ ပထမအဆင့်တွင် ထုတ်လုပ်တင်ပို့သူ/ကန်ထရိုက် တစ်ဦးထက်ပို၍ ရွေးချယ်ကာ ဒုတိယအဆင့်တွင် ယင်းရွေးချယ်ထားသော ထုတ်လုပ်တင်ပို့သူ/ကန်ထရိုက်များအကြား ဈေးနှုန်း ယှဉ်ပြိုင်စေကာ အဆိုပြုလာသော ဈေးနှုန်းနှင့် ဆောင်ရွက်ပေးမည် အခြေအနေအပေါ် စိစစ်အကဲဖြတ်ရာမှ အနိမ့်ဆုံး ကုန်ကျစရိတ် ရရှိသည့် ထုတ်လုပ်တင်ပို့သူ/ကန်ထရိုက်ကို ရွေးချယ် သဘောတူ စာချုပ် ချုပ်ဆိုသော “Closed FA” နှင့် (၃) အထက်ပါပုံစံအတိုင်း အဆင့်နှစ်ဆင့်ဖြင့် ရွေးချယ်သော်လည်း လူသစ်များ ထပ်မံ ဝင်ရောက် ဆောင်ရွက်ခွင့်ကို ကန့်သတ် မထားသော “Open FA” တို့ ဖြစ်ကြသည်။

သို့မဟုတ် စံသတ်မှတ်ချက်များရှိပြီး လူသုံးများသောကုန်ပစ္စည်းများ၊ (ခ) ရိုးရှင်း၍ ရှုပ်ထွေးမှုမရှိသော သဘောသဘာဝရှိပြီး တူညီသောအေဂျင်စီတစ်ခု သို့မဟုတ် အေဂျင်စီများထံမှ အကြိမ်ကြိမ်ရယူရန် လိုအပ်သည့် အကြံပေးဝန်ဆောင်မှုမဟုတ်သော အခြားဝန်ဆောင်မှုများ သို့မဟုတ် (ဂ) အရေးပေါ်လုပ်ငန်း ဆောင်ရွက်မှုများအတွက် တန်ဖိုးနည်းကန်ထရိုက်လုပ်ငန်းများ ဝယ်ယူအပ်နှင်းရာတွင် Shopping နှင့် NCB နည်းလမ်းများအပြင် အသုံးပြုနိုင်သော အခြားနည်းလမ်းတစ်ခုအဖြစ် ခွင့်ပြုနိုင်သည်။ FA တစ်ခု အသုံးပြုရန် လိုအပ်ပါက ငွေချေးယူသူအနေဖြင့် အသုံးပြုမည့် ချဉ်းကပ်ပုံနှင့် နည်းလမ်းများ၊ ရွေးချယ်ပုံနှင့် စာချုပ်ချုပ်မည့် လုပ်ငန်းစဉ်များနှင့် စာချုပ်တွင်ပါရှိမည့် စည်းမျဉ်းစည်းကမ်းများစသည့် အခြေအနေများနှင့် ကျိုးကြောင်းပြဆိုချက်များကို ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက်ရရှိရန် တင်ပြတောင်းခံရမည်။ FA အသုံးပြုရာတွင် ပြည်ပမှဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ကို ကန့်သတ်မထားဘဲ သဘောတူညီမှုကာလကိုလည်း အများဆုံး ၃ နှစ်အထိသာ သတ်မှတ်ရမည်။ ငွေချေးယူသူ အနေဖြင့် ဘဏ်မှ လက်ခံနိုင်သည်ဟုမှတ်ယူသော FA လုပ်ငန်းစဉ်များကို စီမံကိန်းအတွက်အသုံးပြုနိုင်ပြီး ချေးငွေ သဘောတူညီချက်ထဲတွင် ထည့်သွင်းဖော်ပြ ထားရမည်။ FA နည်းလမ်းဖြင့်အသုံးပြုနိုင်သော အများဆုံး စုစုပေါင်းပမာဏကို ဖြစ်လာနိုင်သည့် စွန့်စားရမှု အခြေအနေအလိုက် ဝယ်ယူရေးအစီအစဉ်တွင် ထည့်သွင်း သတ်မှတ်ရမည်ဖြစ်ကာ NCB နည်းလမ်းတွင် အသုံးပြုနိုင်သည့် အများဆုံး စုစုပေါင်းပမာဏထက် ပိုလွန် များပြားခြင်းမရှိဘဲ ဘဏ်မှ လက်ခံသဘောတူညီမှု ရှိရမည်။ FA များသည် ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ခေါ်ကြော်ငြာခြင်း၊ ပွင့်လင်းမျှတသောယှဉ်ပြိုင်မှု၊ လွတ်လပ်ပြီး ထိရောက်သောကန့်ကွက်မှုစနစ်နှင့် ထင်သာမြင်သာရှိသည့် တင်ဒါဈေးနှုန်း စိစစ်အကဲဖြတ်မှုနှင့် ရွေးချယ်မှုစံနှုန်းများအပါအဝင် အပိုဒ်ခွဲ ၃.၃ နှင့် ၃.၄ တို့တွင် ဖော်ပြထားသော လမ်းညွှန်စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။ FA စာချုပ်အပ်နှင်းမှုကို အများသိရှိစေရန် ကြေညာရာတွင်လည်း နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာရမည်။

**ယှဉ်ပြိုင်မှုမရှိဘဲတိုက်ရိုက်ဝယ်ယူခြင်း (Direct Contracting)**

၃.၇ ယှဉ်ပြိုင်မှုမရှိဘဲတိုက်ရိုက်ဝယ်ယူခြင်း ဆိုသည်မှာ ယှဉ်ပြိုင်စေ၍ ရွေးချယ်ခြင်း မဟုတ်ဘဲ ရင်းမြစ် တစ်ခုတည်းကို စာချုပ်ချုပ်ဆိုခြင်းဖြစ်ပြီး အောက်ပါအခြေအနေများတွင် အသုံးပြုရန်သင့်လျော်နိုင်သည်။ ငွေချေးယူသူအနေဖြင့် စွန့်စားရနိုင်မှု၊ စီမံကိန်း၏ ကျယ်ပြန့်မှုနှင့် ဝယ်ယူရေးအစီအစဉ်တွင် ဖော်ပြထားမှုတို့အပေါ်အခြေခံ၍ သတ်မှတ်ထားသော အတိုင်းအတာအောက်ရှိ ကန်ထရိုက်စာချုပ်များမှအပ ကျန်ကိစ္စရပ်များအတွက် ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူခြင်းထက် တိုက်ရိုက်စာချုပ်ချုပ်ဆိုခြင်းကို ရွေးချယ်ရသည့် အကြောင်းအရင်းနှင့် ယင်းအခြေအနေမျိုးတွင် ထုတ်လုပ်တင်ပို့သူ/ ကန်ထရိုက် တစ်ဦးအား ရွေးချယ်ရန်ထောက်ခံတင်ပြရသည့် အကြောင်းအရင်းအပါအဝင် အသေးစိတ် အကြောင်းပြချက်များကို ဘဏ်သို့တင်ပြခြင်းဖြင့် ဘဏ်၏ သုံးသပ်ချက်နှင့် ကန့်ကွက်ရန် မရှိကြောင်း အတည်ပြုချက်ရယူရမည်။

(က) ဘဏ်မှလက်ခံနိုင်သော နည်းလမ်းလုပ်ငန်းစဉ်များဖြင့် ရွေးချယ်စာချုပ်ချုပ်ဆိုထားသည့် ပစ္စည်း ဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် သဘောသဘာဝခြင်းတူညီသည့် ပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်ရှိစာချုပ်အား တိုးချဲ့လုပ်ကိုင်စေနိုင်သည်။ ထပ်မံ၍ ဈေးနှုန်းယှဉ်ပြိုင်စေခြင်းဖြင့်

အကျိုးအမြတ် တစ်စုံတစ်ရာ ပိုမိုဖြစ်ထွန်းနိုင်ဖွယ်မရှိဘဲ ကန်ထရိုက်စာချုပ်တိုးချဲ့ရန် အဆိုပြုသည့် ဈေးနှုန်းသည်လည်း သင့်တင့်မျှတမှုရှိသော အခြေအနေဖြစ်ပါက ဘဏ်မှ ကျေနပ်လက်ခံနိုင်သည်။ ထိုကဲ့သို့ တိုးချဲ့အပ်နှံလုပ်ကိုင်စေရန် အခြေအနေမျိုး ရှိလာနိုင်သည်ဟု ကြိုတင်မျှော်မှန်းမိပါက မူလ ကန်ထရိုက်စာချုပ်တွင် ယင်းအချက်ကို တစ်ပါတည်း ထည့်သွင်းဖော်ပြထားရမည်။

(ခ) လက်ရှိအသုံးပြုနေသော စက်ကိရိယာများနှင့် လိုက်လျောညီထွေရှိသော စက်ကိရိယာ သို့မဟုတ် စက်အပိုပစ္စည်းအစိတ်အပိုင်းများ လိုအပ်သည့်အခါ မူလတင်သွင်းခဲ့သော တင်သွင်းရောင်းချသူထံမှ ထပ်မံဝယ်ယူရန်အကြောင်း ဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ဝယ်ယူရာတွင် မူလ စက်ကိရိယာနှင့် အမှန်တကယ် သင့်လျော်ကိုက်ညီရမည်ဖြစ်ပြီး အသစ်ထပ်မံဝယ်ယူဖြည့်တင်းမည့် စက်ကိရိယာ ပမာဏသည် မူလကရရှိပြီးသော အရေအတွက်ထက်လျော့နည်း၍ ဈေးနှုန်းမှာလည်း သင့်လျော်မှန်ကန် ရမည်ဖြစ်ကာ အခြားစက်ကိရိယာ အမှတ်တံဆိပ် သို့မဟုတ် အခြား တင်သွင်းရောင်းချသူထံမှ ဝယ်ယူဖြည့်တင်းပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများကိုလည်း လေ့လာသုံးသပ်ပြီး ဘဏ်မှ လက်ခံ နိုင်လောက်သော အကြောင်းပြချက်တစ်ခုခုကြောင့် ယင်းအကျိုးကျေးဇူးများကို ပယ်ချရခြင်း ဖြစ်ကြောင်း ထင်ရှားစွာပြနိုင်ရမည်။

(ဂ) လိုအပ်သောစက်ကိရိယာပစ္စည်းအား ရင်းမြစ်တစ်ဦးတည်းမှသာ ထုတ်လုပ်နေခြင်း သို့မဟုတ် ပစ္စည်း မူပိုင်ခွင့် ရှိနေခြင်း

(ဃ) စက်ကိရိယာတန်ဆာပလာတစ်ခုသို့မဟုတ် စက်ရုံတစ်ရုံသို့မဟုတ် ပံ့ပိုးသည့် အခြေအနေတစ်ရပ်၏ ပုံမှန်လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် လိုအပ်သော စွမ်းဆောင်ရည်ရရှိစေရန် တင်သွင်းရောင်းချသူ တစ်ဦးထံမှသာ လိုအပ်သည့်ပစ္စည်းများအား သီးသီးသန့်သန့်ဝယ်ယူရန် လိုအပ်ခြင်း

(င) သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေဟု ငွေချေးယူသူမှသတ်မှတ်ပြီး ကမ္ဘာ့ဘဏ်မှလည်း လက်ခံသောအခြေအနေများအား ကန့်သတ်မထားသည့် တုံ့ပြန်ဆောင်ရွက်ရန်ကဲ့သို့သော ထူးခြား ဖြစ်စဉ်များ

(စ) ကုလသမဂ္ဂအဖွဲ့အစည်းများထံမှဝယ်ယူရန်အတွက် အပိုဒ်ခွဲ ၃.၁၀ တွင် သတ်မှတ် ဖော်ပြထားသည် များနှင့် ကိုက်ညီသော အခြေအနေများ

၃.၈ ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးကြောင်း သတင်းထုတ်ပြန်သည့် လုပ်ငန်းစဉ်ကို နောက်ဆက်တွဲ (၁) အပိုဒ်ခွဲ ၇ တွင် ဖော်ပြထားသည်။

## ယှဉ်ပြိုင်မှုမရှိဘဲအစိုးရပိုင်လုပ်ငန်းတစ်ခုခုမှ တိုက်ရိုက်ဝယ်ခိုင်းခြင်း (Force Account)

၃.၉ ငွေချေးယူသူ၏ မိခင်နိုင်ငံမှ အစိုးရဌာနတစ်ခုက ယင်း၏ကိုယ်ပိုင်ဝန်ထမ်းနှင့် စက်ကိရိယာများ[66] ကို သာအသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်သည့် ဆောက်လုပ်ရေးနှင့် စက်ကိရိယာတပ်ဆင်ရေး ကဲ့သို့သော

[66] စီမံခန့်ခွဲမှုအရ ဖြစ်စေ၊ ဥပဒေကြောင်းအရ ဖြစ်စေ သို့မဟုတ် ဘဏ္ဍာရေးအရ ဖြစ်စေ ကိုယ်ပိုင် ဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့် မရှိသည့် အစိုးရပိုင် ဆောက်လုပ်ရေးအဖွဲ့တစ်ခုကို "Force Account" အဖွဲ့အဖြစ် မှတ်ယူရမည်။ "Force Account" ကို "direct labor"၊ "departmental forces" သို့မဟုတ် "direct work" ဟုလည်း သိရှိ ခေါ်ဝေါ်ကြသည်။

လုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများကို Force Account ဟု ခေါ်ပြီး အချို့အခြေအနေများတွင် ယင်းသည် တစ်ခုတည်းသော လက်တွေ့ကျသည့် ဝယ်ယူနည်းလမ်း ဖြစ်နေတတ်သည်။ Force Account ကို အသုံးပြုရာတွင် ငွေချေးယူသူအနေဖြင့် Force Account တွင် အသုံးပြုရမည့် အများဆုံးစုစုပေါင်းပမာဏကို သတ်မှတ်ရမည်ဖြစ်ပြီး ယင်းပမာဏကို ဘဏ်မှ ကန့်ကွက်ရန် မရှိကြောင်း အတည်ပြုချက်ရယူကာ အခြားအဖွဲ့အစည်းများနှင့်ချုပ်ဆိုသည့် ကန်ထရိုက်လုပ်ငန်းများအား ပြုလုပ်သကဲ့သို့ပင် အသေးစိတ် အရည်အသွေးစိစစ်ဆေးမှု ပြုလုပ်ရမည်။ အောက်ပါ အခြေအနေမျိုးများတွင်သာ Force Account ကို ဘဏ်၏ကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက်ဖြင့် အသုံးပြုနိုင်သည်။

(က) လုပ်ဆောင်ရမည့် တည်ဆောက်ရေးနှင့် တပ်ဆင်ရေးဆိုင်ရာလုပ်ငန်းပမာဏကို ကြိုတင်သတ်မှတ်ရန် မဖြစ်နိုင်ခြင်း

(ခ) လုပ်ဆောင်ရမည့်တည်ဆောက်ရေးနှင့် တပ်ဆင်ရေးလုပ်ငန်းများသည် သေးငယ်၍ နေရာအနှံ့ပြန့်ကျဲတည်ရှိခြင်း သို့မဟုတ် ဝေးလံသီခေါင်သောနေရာများတွင် ရှိနေခြင်းတို့ကြောင့် အရည်အချင်းပြည့်မီသော ဆောက်လုပ်ရေးအဖွဲ့များအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် အဆိုပြုလာရန် မဖြစ်နိုင်ခြင်း

(ဂ) လုပ်ဆောင်ရမည့်ဆောက်လုပ်ရေးနှင့် တပ်ဆင်ရေးလုပ်ငန်းများအား လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများကို အနှောင့်အယှက်မဖြစ်စေဘဲ လုပ်ဆောင်လိုခြင်း

(ဃ) လုပ်ငန်းအနှောင့်အယှက်ဖြစ်ခြင်းများ မလွဲမသွေ ကြုံတွေ့နိုင်ရချေရှိပြီး ယင်းကို ကန်ထရိုက်တာထက် ငွေချေးယူသူမှ တာဝန်ခံရန် ပိုမိုလိုအပ်ခြင်း

(င) အမျိုးသားလုံခြုံရေးကဲ့သို့သော ထည့်သွင်းစဉ်းစားဖွယ်ရာ အချက်များကြောင့် ငွေချေးယူသူ၏ ဥပဒေ သို့မဟုတ် တရားဝင် စည်းမျဉ်းစည်းကမ်းများကြောင့် ကောင်းကင်မှ မြေတိုင်းခြင်းနှင့် မြေပုံထုတ်ခြင်း ကဲ့သို့သော အကြံပေးဝန်ဆောင်မှုမဟုတ်သည့် အထူးပြုဝန်ဆောင်မှုများအား အစိုးရ၏ အထူးပြုအဖွဲ့ခွဲများကသာ ဆောင်ရွက်နိုင်ခြင်း သို့မဟုတ်

(စ) ပိုမိုပျက်စီးမသွားစေရန် အရေးပေါ်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ချက်ချင်းအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သော အခြေအနေများ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများ စိတ်ဝင်စားနိုင်ဖွယ် မရှိသော ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ခြင်း

**ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများထံမှဝယ်ယူခြင်း (Procurement from United Nations Agencies)**

၃.၁၀ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ [67] ထံမှ တိုက်ရိုက်ဝယ်ယူရသည့် အခြေအနေမျိုးတွင် ယင်းအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဝယ်ယူရေး နည်းလမ်းများအတိုင်းဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံး ဖြစ်နိုင်သည်။

---

67 ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဆိုသည်မှာ ကုလသမဂ္ဂ၏ ဌာနများ၊ အထူးပြု အေဂျင်စီများနှင့် အခြား ဒေသ ဆိုင်ရာ ရုံးခွဲများ (ဥပမာ - PanAmerican Health Organization - PAHO)၊ ရန်ပုံငွေများနှင့် အစီအစဉ်များကို ရည်ညွှန်းသည်။ ငွေချေးယူသူအနေဖြင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့နှင့် သဘောတူညီချက်မူကြမ်းနှင့်အတူ ကျိုးကြောင်းရှင်းလင်းချက် အပြည့်အစုံကို တင်ပြ၍ ဘဏ်ထံမှ ကန့်ကွက်ရန် မရှိကြောင်း အတည်ပြုချက် ရယူရမည်။

(က) အရေးအတွက်နည်းပါးသောအသင့်ဝယ်ယူရရှိနိုင်သည့် (အဓိကအားဖြင့် ပညာရေးနှင့် ကျန်းမာရေး ဆိုင်ရာ) ကုန်ပစ္စည်းများ ဝယ်ယူခြင်း

(ခ) ကာကွယ်ဆေးများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ရောဂါကာကွယ်ခြင်းနှင့် ပဋိသန္ဓေတားခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ဇီဝဆေးပညာဆိုင်ရာကိရိယာများအပါအဝင် လူနှင့်တိရိစ္ဆာန်ဆေးကုသရေး ဆိုင်ရာ ကျန်းမာရေးနှင့် ဆက်စပ်သောပစ္စည်းများ ဝယ်ယူရာတွင် (၁) တင်သွင်းရောင်းချသူ အရေအတွက်အကန့်အသတ်ဖြင့်ရှိခြင်း၊ (၂) ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းသည် ယင်းသို့သော ပစ္စည်း သို့မဟုတ် ဆက်စပ်သော အကြံပေးဝန်ဆောင်မှုမဟုတ်သည့် ဝန်ဆောင်မှု လုပ်ငန်းအတွက် တစ်ဖွဲ့တည်းသော သို့မဟုတ် ထူးခြားသော အရည်အချင်းရှိခြင်း၊ (၃) ဘဏ်မှ သဘောတူညီထားသော ဝန်ဆောင်မှုများနှင့် ထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူရေးလုပ်ငန်းများ အတွက် ငွေချေးယူသူနှင့်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့တစ်ဖွဲ့တို့အကြား သဘောတူညီမှုကို ငွေချေးယူသူမှ စံသဘောတူညီမှုပုံစံ အသုံးပြုခြင်း

(ဂ) ရိုးရှင်းသောသဘောသဘာဝရှိသည့် လုပ်ငန်းများအတွက် (footnote 64တွင် သတ်မှတ်ဖော်ပြ ထားသည့်) တန်ဖိုးနည်းကန်ထရိုက်လုပ်ငန်းများတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ကန်ထရိုက်လုပ်ငန်းရှင်အဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် ကန်ထရိုက်လုပ်ငန်းရှင်များနှင့် ကျွမ်းကျင်မှု သို့မဟုတ် ကျွမ်းကျင်မှုမလိုသောလုပ်သားများအား တိုက်ရိုက်ငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ်

(ဃ) သဘာဝဘေးအန္တရာယ်နှင့်အရေးပေါ်အခြေအနေဟုငွေချေးယူသူမှသတ်မှတ်ပြီး ကမ္ဘာ့ဘဏ်မှလည်း လက်ခံသောအခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရန်ကဲ့သို့သော ထူးခြားဖြစ်စဉ်များ

**ဝယ်ယူရေးကိုယ်စားလှယ်များနှင့်ဆောက်လုပ်ရေးမန်နေဂျာများ (Procurement Agents and Construction Managers)**

၃.၁၁ ငွေချေးယူသူများအနေဖြင့် မဖြစ်မနေလိုအပ်သော အဖွဲ့အစည်း၊ အရင်းအမြစ်နှင့် အတွေ့အကြုံ မရှိသည့်အခါ ၎င်းတို့အနေဖြင့် ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များအား အထူးပြု ကိုင်တွယ် ဆောင်ရွက်သော အဖွဲ့အစည်း တစ်ခုခုကို ၎င်းတို့၏ ကိုယ်စားလှယ်အနေဖြင့် ကြားခံထားလို (သို့မဟုတ် ဘဏ်အနေဖြင့် ယင်းသို့ ခန့်ထားစေလို) ပေလိမ့်မည်။ ဥပမာ - အရေးပေါ် အခြေအနေနှင့် ပဋိပက္ခ ဖြစ်ပေါ်ခဲ့ပြီးနောက် ပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ရေး၊ ပြန်လည်ထူထောင်ရေးတို့အပါအဝင် လုပ်ငန်းအများအပြားအတွက် ကန်ထရိုက် ချထားပေးရန် သို့မဟုတ် သေးငယ်သော ကန်ထရိုက်လုပ်ငန်း အများအပြားကို စီမံခန့်ခွဲရန် သို့မဟုတ် ငွေချေးယူသူအနေဖြင့် လုပ်ဆောင်နိုင်စွမ်း အကန့်အသတ်ဖြင့်သာရှိသဖြင့် ကိုယ်စား ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေးမန်နေဂျာများကို အခကြေးငွေတစ်ခုဖြင့် အလားတူ ခန့်ထားနိုင်သည်။ ဝယ်ယူရေးကိုယ်စားလှယ်များ သို့မဟုတ် ဆောက်လုပ်ရေးမန်နေဂျာများသည် ဘဏ်၏SBDများ၊ ပြန်လည် သုံးသပ်ခြင်း၊ လုပ်ငန်းစဉ်များနှင့် စာရွက်စာတမ်းများ အသုံးပြုခြင်းတို့အပါအဝင် ချေးငွေသဘောတူညီချက်နှင့် ဘဏ်မှအတည်ပြုလက်ခံထားသော ဝယ်ယူရေးအစီအစဉ်တို့တွင် အသေးစိတ်ဖော်ပြပါရှိသော ဝယ်ယူရေးနည်းလမ်းများအားလုံးကို ငွေချေးယူသူ၏ကိုယ်စားလိုက်နာရမည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ဝယ်ယူရေးကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်သည့်ကိစ္စရပ်များတွင်လည်း ဤကဲ့သို့ပင်

အသုံးပြုရမည်။ ငွေချေးယူသူအနေဖြင့် ဘဏ်၏သဘောတူညီမှုဖြင့် စွမ်းဆောင်ရည် တည်ဆောက်မြှင့်တင်ရေး ကိစ္စရပ်များကိုလည်း ကန်ထရိုက်စာချုပ်အတွင်း ထည့်သွင်း နိုင်သည်။[68]

**စစ်ဆေးရေးဝန်ဆောင်မှုများ (Inspection Services)**

၃.၁၂ တင်ပို့မှု မပြုမီ စစ်ဆေးခြင်း (pre-shipment inspection)နှင့် သွင်းကုန် အသိအမှတ်ပြုလက်မှတ် (certification of imports)သည် ကြီးမားသော သွင်းကုန်အစီအစဉ်ရှိသည့် နိုင်ငံတစ်ခုအတွင်းမှ ငွေချေးယူသူအတွက် ဂယ်ယူမှုလုံခြုံစိတ်ချရေးနည်းလမ်းများအနက် နည်းလမ်းတစ်လမ်းဖြစ်သည်။ စစ်ဆေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်တို့အားဖြင့် အရည်အသွေး၊ အရေအတွက်နှင့် ဈေးနှုန်းသင့်တော်မှန်ကန်မှုတို့ကို လွှမ်းခြုံသိရှိနိုင်ပါသည်။ ICB နည်းလမ်းအားဖြင့်ဝယ်ယူသော သွင်းကုန်များကို ဈေးနှုန်းစိစစ်ခြင်းထက် အရည်အသွေးနှင့် အရေအတွက် စစ်ဆေးခြင်းကိုသာ ပြုလုပ်သင့်သည်။ သို့သော် ICB နည်းလမ်းဖြင့် ဝယ်ယူခြင်းမဟုတ်သည့် သွင်းကုန်ပစ္စည်းများကိုမူ ဈေးနှုန်းပါစိစစ်ရမည်။ အပြင်ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်း ဝန်ဆောင်မှုများကိုလည်း ထည့်သွင်းအသုံးပြုနိုင်သည်။ စစ်ဆေးခြင်း ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများသည် စစ်ဆေးပေးရသည့်ကုန်ပစ္စည်းများ၏ တန်ဖိုးအပေါ်အခြေခံတွက်ချက်သော ဝန်ဆောင်ခကို တောင်းခံလေ့ရှိသည်။ ICBစနစ်အရ ဈေးပြိုင်တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် သွင်းကုန်အသိအမှတ်ပြုလက်မှတ်ရရှိရန် ကုန်ကျမည့်စရိတ်ကို ထည့်သွင်းစဉ်းစားရန်မလိုပါ။

**ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများနှင့်ကိုယ်စားပြုသူများအားထုတ်ချေးပေးသည့်ချေးငွေအတွက် ဝယ်ယူခြင်း (Procurement in Loans to Financial Intermediary Institutions and Entities)**

၃.၁၃ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ သို့မဟုတ် စီးပွားရေးတစ်စိတ်တစ်ပိုင်းထောက်ပံ့မှုအတွက် သို့မဟုတ် အများပြည်သူပိုင်ကဏ္ဍဖြစ်သော်လည်း ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်သော စီးပွားရေးဆိုင်ရာလုပ်ငန်းများကဲ့သို့သော အကျိုးခံစားသူများအားပြန်လည်ထုတ်ချေးနိုင်ရန် စိုက်ပျိုးရေးချေးငွေချထားပေးမှုဆိုင်ရာ အဖွဲ့အစည်းကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းများ သို့မဟုတ် ကိုယ်စားပြုသူများ (သို့မဟုတ် ယင်းမှတာဝန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်တော်)အား ချေးငွေချထားပေးသည့်ကိစ္စရပ်မျိုးတွင် ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအားဝယ်ယူခြင်းကို သက်ဆိုင်ရာ အကျိုးခံစားသူများက ဘဏ်မှလက်ခံနိုင်လောက်သည့် ခိုင်မာသည့်ပုဂ္ဂလိကကဏ္ဍမှ ဝယ်ယူရေးနည်းလမ်းများ သို့မဟုတ် ကုန်သွယ်မှုနည်းလမ်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။ သို့သော်လည်း ယင်းအခြေအနေမျိုးတွင်ပင် တန်ဖိုးကြီးမားသော ပစ္စည်းတစ်ခု သို့မဟုတ်

---

68 ဝယ်ယူရေး ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးမန်နေဂျာများနှင့် စစ်ဆေးရေးဝန်ဆောင်မှုပေးသူများကို ရွေးချယ်ရာတွင် အကြံပေးအတိုင်ပင်ခံ ခေါ်ယူခြင်း လမ်းညွှန်ကို လိုက်နာ အသုံးပြုရမည်။ ချေးငွေ သဘောတူညီချက်နှင့် ဝယ်ယူရေး အစီအစဉ်တွင် ထည့်သွင်း ဖော်ပြထားပြီး ဘဏ်မှလက်ခံနိုင်သော ရွေးချယ်ခန့်ထားခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များကို အသုံးပြုပါက ဝယ်ယူရေး ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးမန်နေဂျာများ သို့မဟုတ် စစ်ဆေးရေးဝန်ဆောင်မှုပေးသူများ (စာပိုဒ် ၃.၁၂ တွင် လေ့လာပါ) အတွက် စရိတ် သို့မဟုတ် ဝန်ဆောင်ခကို ဘဏ်ချေးငွေထဲမှ ထုတ်ယူ သုံးစွဲနိုင်သည်။

ဆင်တူမှုရှိသော ကုန်ပစ္စည်းပမာဏအများအပြားကို တစ်ပေါင်းတစ်စည်းထဲ စုပေါင်းဝယ်ယူခြင်း ပြုလုပ်သည့်ကိစ္စများအတွက် နိုင်ငံတကာ သို့မဟုတ် ကန့်သတ်ထားသည့် နိုင်ငံတကာယှဉ်ပြိုင်ရသော တင်ဒါစနစ် သို့မဟုတ် ပြည်တွင်းယှဉ်ပြိုင်တင်ဒါစနစ်များအသုံးပြု၍ ဝယ်ယူခြင်းသည် အသင့်လျော်ဆုံး နည်းလမ်းဖြစ်သည်။[69] ချေးငွေချထားပေးသော အများပိုင်ကဏ္ဍအကျိုးခံစားသူများ သို့မဟုတ် ကြီးမား၍ ရှုပ်ထွေးသည့်ကန်ထရိုက်လုပ်ငန်းများအတွက် ပြန်လည်ထုတ်ချေးပေးသည့်အခါ ဤလမ်းညွှန်ချက်တွင် ဖော်ပြထားသော ဈေးပြိုင်စနစ်ဖြင့်ဝယ်ယူခြင်း နည်းလမ်းများကို အသုံးပြုရန်လိုအပ်သည်။ အကယ်၍ ချေးငွေအား ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး (PPP) လုပ်ငန်းများအတွက် ထုတ်ချေးသည်ဆိုပါက အောက်တွင်ဖော်ပြထားသော အပိုဒ်ခွဲ ၃.၁၄ နှင့် ၃.၁၅ တို့ကို လိုက်နာဆောင်ရွက် ရမည်။

စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရွက်စာတမ်း (သို့မဟုတ်လက်စွဲစာအုပ်)တွင် လက်သင့်ခံနိုင်သည့် ချေးငွေဆိုင်ရာလုပ်ငန်းစဉ်များနှင့် အခြေခံလမ်းညွှန်ချက်ဥပဒေသများကို ထည့်သွင်းဖော်ပြထားရမည်။ ယင်းအခြေခံသဘောတရားများတွင် ချေးငွေအားအကျိုးခံစားသူသည် ဆွေမျိုးမိတ်ဆွေဟူသည့် ကျွမ်းဝင်မှုကင်းရှင်းသော ခိုင်မာသည့်သဘောတူညီချက်သတ်မှတ်မှုမပါရှိလျှင် ၎င်း၏မိဘ သို့မဟုတ် ၎င်းနှင့်နီးနွယ်ပတ်သက်မှုရှိနေသော ကုမ္ပဏီများအား ကန်ထရိုက်စာချုပ်ရေးထိုးရန် ရွေးချယ်ခြင်းမပြုရဟူသည့် မဖြစ်မနေသတ်မှတ်ပြဌာန်းချက်များလည်း ပါရှိရမည်။ ယင်းသဘောတူညီချက်တွင် (က) ဝယ်ယူရေးကို ထိရောက်စွာဆောင်ရွက်နိုင်ခြင်းရှိ/မရှိ အကျိုးခံစားသူ၏ စွမ်းဆောင်နိုင်ရည်ကို အကဲခတ်ခြင်း (ခ) ကုန်ပစ္စည်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဂန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများဝယ်ယူခြင်း သို့မဟုတ် အတိုင်ပင်ခံရွေးချယ်ငှားရမ်းခြင်းတို့အတွက် ရေးဆွဲထားသောအစီအစဉ်များကို လက်ခံနိုင်ခြင်းရှိ/မရှိ အတည်ပြုပေးခြင်း၊ (ဂ) ချေးငွေအခွဲများအောက်တွင် သဘောတူညီထားသော ပုဂ္ဂလိကကဏ္ဍနည်းလမ်းများနှင့် ကုန်သွယ်ရေးနည်းလမ်းများအား လေးစားလိုက်နာမှုရှိကြောင်းသေချာစေရန် အကျိုးခံစားသူများက ဆောင်ရွက်သည့် ဝယ်ယူမှုများအတွက် ချေးငွေအခွဲများအား စောင့်ကြည့်ကြီးကြပ်ရန် သဘောတူညီခြင်းနှင့် (ဃ) ဘဏ်၏ ဂယ်ယူပြီးနောက် စစ်ဆေးသုံးသပ်ခြင်းနှင့် စာရင်းစစ်ခြင်းများအတွက် တောင်းဆိုလာပါကပြနိုင်ရန် သင့်လျော်သောမှတ်တမ်းများကို ထိန်းသိမ်းထားခြင်းကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာကြားခံအဖွဲ့အစည်းနှင့် ဌာနများ (သို့မဟုတ် ယင်းတို့၏ တာဝန်လွှဲအပ်ခံရသော

---

69 ဘဏ်အနေဖြင့် ငွေချေးယူသူ၏ နိုင်ငံအတွင်း အသုံးပြုနေသော ပုဂ္ဂလိကကဏ္ဍ၏ ဝယ်ယူရေးနှင့် အတိုင်ပင်ခံရွေးချယ်ခြင်းဆိုင်ရာနည်းလမ်းနှင့် လုပ်ငန်းစဉ်များ၊ နှင့် ကုန်သွယ်ရေးနည်းလမ်းများအား လေ့လာသုံးသပ်ပြီး လက်ခံနိုင်ခြင်း ရှိ/မရှိ ဆုံးဖြတ်မည်ဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍ၏ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို အများပိုင်ကဏ္ဍ၏ ချေးငွေများ အသုံးပြုသကဲ့သို့ တူညီသောကြီးကြပ်ကွပ်ကဲမှုပြုလုပ်ရန်မလိုဘဲ စာရွက်စာတမ်းအနည်းငယ်မျှဖြင့် ရိုးရှင်းသော လက်ငင်း ဆုံးဖြတ်ချက်ချမှုကို ပြုလုပ်နိုင်သည်။ ဘဏ်အနေဖြင့် အနိမ့်ဆုံးအားဖြင့် ကုန်သည်များအသင်း၊ ခိုင်မာသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးများ၊ ဗဟိုဘဏ် သို့မဟုတ် သွင်းကုန်လိုင်စင်ထုတ်ပေးရေးနှင့် အကောက်ခွန်ဆိုင်ရာအာဏာပိုင်များက ချမှတ်ထားသည့် နိုင်ငံအဆင့် လိုအပ်ချက်များကို လိုက်နာပြည့်မီသည့် လုပ်ငန်းစဉ်နှင့် နည်းလမ်းများကို သာမန်အားဖြင့်လက်ခံသည်။ ချေးငွေ သဘောတူညီချက် သို့မဟုတ် ဝယ်ယူရေး အစီအစဉ်တွင် ကန်ထရိုက်လုပ်ငန်းများ၏ တန်ဖိုးဖြင့်သာ သတ်မှတ်ဖော်ပြလေ့ရှိသဖြင့် မည်သည့်ဝယ်ယူရေး နည်းလမ်းများ သို့မဟုတ် ကုန်သွယ်ရေးနည်းလမ်းများ အသုံးပြုမည်ဆိုသည်ကို ထည့်သွင်းဖော်ပြရန်မလိုပေ။ ယင်းစီမံကိန်း လုပ်ငန်းများသည် ဝယ်လိုအားအခြေပြုသော သဘောသဘာဝရှိခြင်းကြောင့် အထူးသဖြင့် အတိုင်ပင်ခံများ ရွေးချယ်ခြင်းကို အကျိုးခံစားသူက ဆောင်ရွက်သည့် အခြေအနေတွင် အပိုဒ်ခွဲ ၁.၁၈ တွင် ဖော်ပြထားသကဲ့သို့ ဝယ်ယူရေး အစီအစဉ်ကို ကြိုတင်ပြင်ဆင်ရေးဆွဲရန်မှာ အမြဲတမ်းလက်တွေ့ကျသည်တော့ မဟုတ်ပေ။ တရားဝင် အကောင်အထည်ဖော်နိုင်မည့် လုပ်ဆောင်မှုများ စာရင်းအပေါ် အခြေခံ၍သာ ဖြစ်နိုင်ပြီး လက်တွေ့ကျကာ ရိုးရှင်းသည့် ဝယ်ယူရေး အစီအစဉ်များကို သုံးစွဲရမည်။

ကိုယ်စားလှယ်များ)၏ အဓိကတာဝန်ဝတ္တရားများကို ထည့်သွင်းဖော်ပြထားရမည်။ ဘဏ္ဍာရေးဆိုင်ရာ ကြားခံအဖွဲ့အစည်းနှင့်ကိုယ်စားပြုသူများ(သို့မဟုတ် ယင်းတို့၏ တာဝန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်တော်များ)အနေဖြင့် အကျိုးခံစားသူများက ရွေးချယ် ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်များသည် သင့်လျော်မှန်ကန်သောဈေးနှုန်းများဖြစ်ကြောင်း စိတ်ချသေချာရမှုရှိစေရန် လွတ်လပ်သောဌာနတစ်ခု သို့မဟုတ် စာရင်းစစ်များကို လိုအပ်သလို ငှားရမ်းစစ်ဆေးစေရမည်။

## နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများပူးပေါင်းဆောင်ရွက်ရေး(PPP)အစီအစဉ်များအောက်မှ ဝယ်ယူခြင်း

## (Procurement under Private Public Partnership (PPP) Arrangements)

၃.၁၄ ဘဏ်အနေဖြင့် BOO/BOT/BOOT 70 လုပ်ပိုင်ခွင့် တစ်ခုခုချထားပေးခြင်း သို့မဟုတ် အလားတူ ပုဂ္ဂလိက ကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်မှုကဲ့သို့သော PPP အစီအစဉ်များအောက်တွင် ဝယ်ယူမှုပြုလုပ်သော ကန်ထရိုက်လုပ်ငန်း သို့မဟုတ် စီမံကိန်းတစ်ခု၏ ကုန်ကျစရိတ်အတွက် ဘဏ္ဍာငွေထောက်ပံ့ရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါက ချေးငွေသဘောတူစာချုပ်တွင်ဖော်ပြထားပြီး ဘဏ်မှ အတည်ပြုထားသောဝယ်ယူရေးအစီအစဉ်တွင် အသေးစိတ် စီစဉ်ရေးဆွဲထားသည်တို့နှင့်အညီ အောက်ဖော်ပြပါ ဝယ်ယူရေးအတွက် အစီအစဉ်တစ်ခုခုကို လိုက်နာဆောင်ရွက်ရမည်။

(က) BOO/BOT/BOOT စနစ်ဖြင့်လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် အလားတူကန်ထရိုက်စာချုပ်ဖြင့် ဝင်ရောက်လုပ်ကိုင်မည့်လုပ်ငန်းရှင်ကို ရွေးချယ်ရာတွင် ငွေချေးယူသူအနေဖြင့် ဘဏ်မှလက်ခံနိုင်ဖွယ်ရှိသည်ဟုဆုံးဖြတ်သော အများယှဉ်ပြိုင်နိုင်သောတင်ဒါစနစ်ကို [71] သုံးရမည်။ ၎င်းတွင် ကုန်ကျစရိတ် နှင့် ဘဏ္ဍာရေးဆိုင်ရာ ကမ်းလှမ်းမှုပမာဏ၊ ကမ်းလှမ်းလာသောပစ္စည်း/ အဆောက်အအုံ၏ စွမ်းဆောင်ရည် သတ်မှတ်ချက်များ၊ အသုံးပြုသူများအပေါ်ကျသင့်မည့်ကုန်ကျစရိတ်၊ ယင်းပစ္စည်း/ အဆောက်အအုံမှ လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ငန်းရှင်အတွက်ရရှိမည့် အခြားဝင်ငွေနှင့် ယင်းပစ္စည်း/ အဆောက်အအုံ၏ တန်ဖိုးလျော့ကျမှုကာလစသည့် ထည့်သွင်းသုံးသပ်ရန်အချက်များနှင့် သင့်တင့်သော အတိုင်းအတာအထိ နှိုင်းယှဉ်နိုင်စေမည့် အဆင့်ဆင့်ရွေးချယ်မှုများ ပါဝင်မည်။ အဆိုပါနည်းလမ်းဖြင့် ရွေးချယ်ခြင်းခံရသော လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ငန်းရှင်သည် ယင်းပစ္စည်း/ အဆောက်အအုံအတွက် လိုအပ်သည့် ပစ္စည်းဝယ်ယူခြင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ သို့မဟုတ် အကြံပေးဝန်ဆောင်မှုမဟုတ်သော အခြားဝန်ဆောင်မှုများကို တရားဝင်ရင်းမြစ်များမှ မိမိကိုယ်ပိုင်

---

[70] BOO: Build, Own, Operate; BOT: Build, Operate, Transfer; BOOT: Build, Own, Operate, Transfer

[71] ဖြတ်သန်းခ ကောက်ခံသော လမ်းများ၊ တူးမြောင်းများ၊ ဆိပ်ကမ်းများ၊ တံတားများ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊ စွန့်ပစ်ပစ္စည်း ဖယ်ရှားရှင်းလင်းရေးအလုပ်ရုံများ၊ ရေဖြန့်ဖြူးရေးစနစ်များ ကဲ့သို့သော စီမံကိန်းများအတွက် အများဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ဈေးပြိုင်တင်ဒါစနစ်ဆိုသည်မှာ (၁) နိုင်ငံတကာမှယှဉ်ပြိုင်ရသောဈေးပြိုင်တင်ဒါ သို့မဟုတ် (၂) ဒေသဆိုင်ရာဝယ်ယူရေး ကိုယ်စားလှယ်များ၏ခန့်မှန်းသတ်မှတ်တန်ဖိုးအဆင့်အောက်ကန်ထရိုက်လုပ်ငန်းများအတွက် နိုင်ငံတွင်း/ပြည်တွင်း ယှဉ်ပြိုင်ရသော တင်ဒါခေါ်ယူခြင်းတို့ကို ဆိုလိုသည်။ ထို့ပြင် LIB နည်းလမ်းကဲ့သို့သော ဈေးပြိုင်တင်ဒါတင်သွင်းရန် တိုက်ရိုက်ရွေးချယ်ဖိတ်ခေါ်ခြင်းကိုလည်း အသုံးပြုနိုင်သည်။ ယင်းလုပ်ငန်းစဉ်အားလုံးကို ဘဏ်မှလေ့လာသုံးသပ်ပြီးမှသာ လက်ခံရန်ဆုံးဖြတ်မည် ဖြစ်သည်။

နည်းလမ်းများဖြင့် လွတ်လပ်စွာဝယ်ယူဆောင်ရွက် ပြုလုပ်နိုင်သည်။ ဤသို့သော ကိစ္စရပ်တွင် အဆိုပါ လုပ်ပိုင်ခွင့်ရသူ သို့မဟုတ် လုပ်ငန်းရှင်မှ အသုံးပြုမည့် မည်သို့သော အသုံးစရိတ်များအား ဘဏ်မှ ထောက်ပံ့သောချေးငွေမှ ကျခံသုံးစွဲမည်ဆိုသည်ကို စီမံကိန်းဆန်းစစ်မှုစာရွက်စာတမ်း (PAD)နှင့် ငွေချေး သဘောတူညီချက်တို့တွင် သတ်မှတ်ဖော်ပြရမည်။

သို့မဟုတ်

(ခ) အဆိုပါ လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ငန်းရှင်အား အထက်ဖော်ပြပါ အပိုဒ်ခွဲ ၃.၁၄ (က) နှင့်အညီ ရွေးချယ်ခဲ့ခြင်း မဟုတ်ပါက အထောက်အပံ့ပစ္စည်းအတွက် လိုအပ်သော ပစ္စည်းဝယ်ယူခြင်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် အကြံပေးဝန်ဆောင်မှုမဟုတ်သော အခြားဝန်ဆောင်မှုများကို ဘဏ်မှထောက်ပံ့သောချေးငွေဖြင့် ဝယ်ယူသည့်အခါ အခန်း(၂)တွင် သတ်မှတ် ဖော်ပြထားသကဲ့သို့ ပမာဏကြီးမားသောဝယ်ယူမှုများအတွက် ICB သို့မဟုတ် LIB နည်းလမ်းများကို အသုံးပြုရမည်ဖြစ်ပြီး ပမာဏနည်းသော ဝယ်ယူမှုများကိုမူ ဘဏ်မှ လက်ခံနိုင်လောက်သည့် အခြားသင့်လျော်သည့် ဝယ်ယူရေးနည်းလမ်းများအသုံးပြုဆောင်ရွက်ကာ အတိုင်ပင်ခံဝန်ဆောင်မှုများကိုမူ အတိုင်ပင်ခံခေါ်ယူမှု လမ်းညွှန်နှင့်အညီ ရယူအသုံးပြုရမည်။

၃.၁၅ အပိုဒ်ခွဲ ၃.၁၄(ခ)တွင် သတ်မှတ် ဖော်ပြထားသော်ငြားလည်း ပုဂ္ဂလိက သို့မဟုတ် အစိုးမှ ပိုင်ဆိုင်သောကုမ္ပဏီဖြစ်ပြီး လက်ရှိဆောင်ရွက်နေဆဲဖြစ်သော လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ငန်းရှင်မှ လုပ်ကိုင်ဆောင်ရွက်နေသည့်လက်ရှိစနစ်များအား အသေးစားတိုးချဲ့မှုပြုလုပ်ခြင်းကဲ့သို့သော ကိစ္စရပ်များတွင် အများဝင်ရောက်ယှဉ်ပြိုင်နိုင်သော ဈေးပြိုင်နည်းလမ်းများ ဆောင်ရွက်ရန် အဆင်မပြေသည့်အခါ ယင်းကုမ္ပဏီကအသုံးပြုသောဝယ်ယူရေးလုပ်ငန်းစဉ်များသည် (၁)ယင်းကုမ္ပဏီသည် ဘဏ်လမ်းညွှန်များ၏ အပိုဒ်ခွဲ ၁.၁၀(ခ)တွင်ပါရှိသော စံသတ်မှတ်ချက်များနှင့်ကိုက်ညီနေခြင်း၊ (၂) ယင်း၏ ပုံမှန်စီးပွားရေး လုပ်ငန်းလည်ပတ်မှုတွင် ကျင့်သုံးနေသောနည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ဝယ်ယူရေးဆိုင်ရာ စွမ်းဆောင်ရည်တို့ကို ဘဏ်က လက်သင့်ခံဖွယ်ရှိသည်ဟုသတ်မှတ်ခြင်း၊ (၃) အပိုဒ်ခွဲ ၁.၇ (က) တွင် သတ်မှတ်ပြဋ္ဌာန်းထားချက်အရ ယင်းကုမ္ပဏီသည် မိဘဆွေမျိုးများ သို့မဟုတ် နီးနွယ်ပတ်သက်နေသူများ သို့မဟုတ် နောက်ကွယ်မှ ချုပ်ကိုင်ထားသော ရှယ်ယာရှင်များအား ကန်ထရိုက်ချထားပေးမှု သို့မဟုတ် ဦးစားပေးမှုမရှိခြင်းနှင့် (၄) အသုံးပြုသော ဝယ်ယူရေးလုပ်ငန်းစဉ်များသည် မျှတသောယှဉ်ပြိုင်မှုရှိခြင်း၊ စီးပွားရေးအရတွက်ချေကိုက်ခြင်း၊ ထိရောက်မှုရှိခြင်း၊ အရည်အသွေး ပြည့်မီခြင်းနှင့် ထင်သာမြင်သာရှိခြင်း တို့ရှိပါက ဘဏ်မှလက်ခံနိုင်သည်။ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း ဝယ်ယူရေးဆိုင်ရာ စွမ်းဆောင်ရည်နှင့်နည်းလမ်းများသည် လက်ခံနိုင်သောအနေအထားတွင်ရှိနေခြင်းနှင့် ချေးငွေ ရယူစဉ် သဘောတူညီထားခဲ့သော ဝယ်ယူရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာကျင့်သုံးနေခြင်းများရှိ/မရှိ ကို ဘဏ်အနေဖြင့် အချိန်နှင့်အမျှ စစ်ဆေးသုံးသပ်မှုများ ဆောင်ရွက်သွားမည်။

**ပစ္စည်းပေးသွင်းသူ၏ လုပ်ဆောင်ချက်အပေါ် မူတည်ငွေပေးချေနည်းဖြင့်ဝယ်ယူမှု (Performace Based Procurement)**

၃.၁၆ ပစ္စည်းပေးသွင်းသူ၏လုပ်ဆောင်ချက်အပေါ် မူတည်ငွေပေးချေနည်းဖြင့်ဝယ်ယူမှု [72] အား ရလဒ်အခြေပြု ဝယ်ယူမှု (Output Based Proveurement) ဟုလည်း ခေါ်ပြီး ပေးသွင်းရသောသွင်းအားစုများကို တိုင်းတာသည့် သမားရိုးကျနည်းလမ်းအစား ရလဒ်များကိုတိုင်းတာခြင်းအားဖြင့် ငွေပေးချေမှုပြုလုပ်သော ကန်ထရိုက်ချုပ်ဆိုမှု ပြုလုပ်သည့် (ICB၊ LIB သို့မဟုတ် NCB) စသော ဈေးပြိုင်ဝယ်ယူမှု လုပ်ငန်းစဉ်များကို ရည်ညွှန်းသည်။ ယင်းတွင် ရလိုသည့်ရလဒ်နှင့် မည်သည့်ရလဒ်များကို မည်သို့တိုင်းတာမည်ဆိုသည့် နည်းပညာဆိုင်ရာအသေးစိတ်အချက်အလက်များကို သတ်မှတ်ထားရမည်။ ယင်းရလဒ်များသည် အရည်အသွေး၊ အရေအတွက်နှင့် စိတ်ချရမှုတို့တွင် ကျေနပ်မှုရရှိရန် ရည်ရွယ်သည်။ ငွေပေးချေမှုကို ထွက်ပေါ်လာသည့် ရလဒ်ပမာဏ၊ အရည်အသွေးအဆင့်တစ်ခုတွင် ထုတ်လုပ်ပေးနိုင်မှုတို့အပေါ် မူတည်၍ ဆောင်ရွက်သည်။ ရလဒ်၏အရည်အသွေးနိမ့်ကျနေလျှင် ငွေပေးချေမှုပမာဏကို လျှော့၍ပေးချေခြင်း (သို့မဟုတ် မပေးသေးဘဲ ထိန်းထားခြင်း) ပြုလုပ်ပြီး အချို့ကိစ္စရပ်များတွင် လိုအပ်သည်ထက် ပိုကောင်းသော အရည်အသွေးအဆင့်ရလဒ် ထုတ်လုပ်ပေးနိုင်မှုအတွက် ထပ်ဆောင်းပေးချေမှုများလည်း ပြုနိုင်သည်။ ပုံမှန်အားဖြင့် တင်ဒါစာရွက်စာတမ်းတင်သွင်းရာတွင် သွင်းအားစုများနှင့် ကန်ထရိုက်ဆောင်ရွက်မည့်သူ အနေဖြင့် လုပ်ကိုင်ဆောင်ရွက်မည့်နည်းလမ်းများကို ထည့်သွင်းဖော်ပြရခြင်း မရှိပေ။ ကန်ထရိုက် ဆောင်ရွက်သူသည် ရင့်ကျက်၍ကောင်းစွာသိရှိပြီးဖြစ်သော လုပ်ငန်းအတွေ့အကြုံများအရ အသင့်လျော်ဆုံး နည်းလမ်းကို လွတ်လပ်စွာတင်ပြနိုင်ပြီး တင်ဒါတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေးအဆင့်အား ရရှိနိုင်မည်ဖြစ်ကြောင်း သက်သေပြနိုင်ရမည်။

၃.၁၇ ပစ္စည်းပေးသွင်းသူ၏ လုပ်ဆောင်ချက်အပေါ် မူတည် ငွေပေးချေနည်းဖြင့်ဝယ်ယူမှု (သို့မဟုတ် ရလဒ်အခြေပြုဝယ်ယူမှု)တွင် (က) ရလဒ်ကိုအခြေခံ၍ပေးချေမှုပြုလုပ်မည့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်များ (ခ) ငွေချေးယူသူမှ လည်ပတ်ဆောင်ရွက်မည့် စက်ပစ္စည်း/ အလုပ်ရုံတစ်ခု၏ ဒီဇိုင်း၊ ထောက်ပံ့ခြင်း၊ ဆောက်လုပ်ရေး (သို့မဟုတ် ပြန်လည်ထူထောင်ခြင်း) နှင့် လုပ်ငန်းစတင်လည်ပတ်ခြင်း သို့မဟုတ် (ဂ) စက်ပစ္စည်း/ အလုပ်ရုံတစ်ခု၏ ဒီဇိုင်း၊ ထောက်ပံ့ခြင်း၊ ဆောက်လုပ်ရေး (သို့မဟုတ် ပြန်လည်ထူထောင်ခြင်း)နှင့် ယင်းလည်ပတ်ရန်နှင့် လုပ်ငန်းအပ်နှံပြီးနောက် နှစ်ကာလအပိုင်းအခြားတစ်ခုအတွင်း ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန် လိုအပ်သည့် အကြံပေးဝန်ဆောင်မှု မဟုတ်သောဝန်ဆောင်မှုများသတ်မှတ်ခြင်းတို့ ပါဝင်သည်။ [73] ဒီဇိုင်း၊ ထောက်ပံ့ခြင်းနှင့် ဆောက်လုပ်ရေး

---

[72] ဘဏ်မှထောက်ပံ့သည့် စီမံကိန်းများ၌ Performance Based Procurement စနစ်အားအသုံးပြုမှုအနေဖြင့် ရွေးချယ်စရာ နည်းလမ်းအမျိုးမျိုးအတွက်နည်းပညာပိုင်းဆန်းစစ်မှုဆိုင်ရာကျေနပ်ဖွယ်ရာဖြစ်မှသာဘဏ်၏သဘောတူညီမှုရရှိနိုင်မည်ဖြစ်ပြီး PADတွင်သတ်မှတ်ဖော်ပြရမည်ဖြစ်ကာ ကြိုတင်ရေးဆွဲထားသောပစ္စည်းဝယ်ယူမှုအစီအစဉ်နှင့်လည်းအဆင်ပြေရမည်။

[73] ထိုသို့သော ဝယ်ယူမှု ပုံစံအတွက် သာဓကများမှာ (က) ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကဲ့သို့သော ဝန်ဆောင်မှုများ ရယူ ဖြည့်တင်းခြင်း (ဆိုလိုသည်မှာ ရုံးသို့လာရောက် ဆောင်ရွက်ခြင်း သို့မဟုတ် ဓာတ်ခွဲစမ်းသပ်ခြင်း စသည်တို့ကဲ့သို့သော အထူးပြု ဝန်ဆောင်မှုများအတွက် ငွေပေးချေခြင်း) (ခ) ငွေချေးယူသူမှ လည်ပတ်ဆောင်ရွက်မည့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ပုံစံထုတ်၊ ဝယ်ယူဖြည့်တင်း၊ တည်ဆောက်လုပ်ငန်းအပ်နှံခြင်းကဲ့သို့သော စက်ပစ္စည်း သို့မဟုတ် အလုပ်ရုံတစ်ခု ဝယ်ယူ ဖြည့်တင်းခြင်း၊ (ဂ)

လုပ်ငန်းများလိုအပ်သည့်အခြေအနေမျိုးတွင် ကြိုတင်အရည်အသွေးစစ်ဆေးခြင်းတင်ဒါစနစ်အား ကျင့်သုံးလေ့ရှိပြီး ပုံမှန်အားဖြင့် အပိုဒ်ခွဲ ၂.၆ တွင် ဖော်ပြထားသော နှစ်ဆင့်ဂင်ရောက်ယှဉ်ပြိုင်ရသောတင်ဒါစနစ်ကို အသုံးပြုသည်။

**ကမ္ဘာ့ဘဏ်မှအာမခံပေးသောချေးငွေမှဝယ်ယူခြင်း (Procurement under Loans Guaranteed by the Bank)**

၃.၁၈ အကယ်၍ အခြားငွေချေးလုပ်ငန်းတစ်ခုထံမှ ရယူထားသော ချေးငွေကို ပြန်လည်ပေးဆပ်ပေးရန် ကမ္ဘာ့ဘဏ်ကအာမခံပေးသည့်အခါ အဆိုပြုချေးငွေမှ ဘဏ္ဍာငွေထောက်ပံ့သော ကုန်ပစ္စည်း ဂယ်ယူမှုများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဂန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအား စီးပွားရေးအရ တွက်ချေကိုက်ပြီး ထိရောက်မှုရှိသည့်ပုံစံဖြင့် ဝယ်ယူဆောင်ရွက်ရမည်ဖြစ်ကာ အပိုဒ်ခွဲ ၁.၅ တွင် ပါရှိသည့် လိုအပ်ချက်များအား ပြည့်မီရမည် ဖြစ်သည်။ စီမံကိန်းပြီးဆုံးချိန်တွင် ယင်းချေးငွေအောက်မှ တစ်ဆင့် ဆောင်ရွက်ထားသော ဝယ်ယူရေးလုပ်ဆောင်ချက်များကို ဘဏ်မှ ပြန်လည်စစ်ဆေးသုံးသပ်မှုတစ်ရပ် ပြုလုပ်သွားမည်။

**ဝယ်ယူရေးလုပ်ငန်းစဉ်တွင်အများပြည်သူပူးပေါင်းပါဝင်ခြင်း (Community Participation in Procurement)**

၃.၁၉ စီမံကိန်း၏ ရေရှည်တည်တံ့မှုအကျိုးအလို့ငှာ သို့မဟုတ် စီမံကိန်း၏ လူမှုရေးဆိုင်ရာ ရည်မှန်းချက် အချို့အောင်မြင်စေရန်အကျိုးအလို့ငှာ အချို့စီမံကိန်းအစိတ်အပိုင်းများတွင် (က) မြို့ပြတည်ဆောက်ရေး လုပ်ငန်းများနှင့် အကြံပေးဂန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဒေသခံရပ်ရွာလူထု သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)များအား ဖိတ်ခေါ်ခြင်း၊ (ခ) ဒေသတွင်း အသိပညာ အတတ်ပညာများ၊ ထွက်ကုန်များနှင့် ကုန်ကြမ်းများကို တိုးမြှင့်အသုံးပြုခြင်း သို့မဟုတ် (ဂ) လုပ်အားအခြေပြုနှင့် အခြားသင့်လျော်သည့် နည်းပညာများကို ခန့်ထားအသုံးပြုခြင်းတို့ကို ဆောင်ရွက်သင့်ပြီး ဝယ်ယူဆောင်ရွက်မှု လုပ်ငန်းစဉ်များ၊ သတ်မှတ်ချက်များနှင့် ကန်ထရိုက်သဘောတူညီချက်များတွင် ယင်း ထည့်သွင်းစဉ်းစားရန်အချက်များကို ထင်ဟပ်စေနိုင်ရမည်ဖြစ်ပြီး ဘဏ်ကလည်း ထိုသို့သော ဆောင်ရွက်မှုများကို လက်သင့်ခံနိုင်ရမည်ဖြစ်သည်။ အဆိုပြုလုပ်ငန်းစဉ်များနှင့် ရပ်ရွာလူထုပါဝင်မှုဖြင့် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများကို ချေးငွေသဘောတူညီချက်နှင့် ဘဏ်ကအတည်ပြုသည့် ပိုမို အသေးစိတ်ဖော်ပြထားသော ကြိုတင်ဝယ်ယူရေးအစီအစဉ် သို့မဟုတ် သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ စာရွက်စာတမ်းသို့မဟုတ် လက်စွဲတွင် ထည့်သွင်းဖော်ပြကာ အများကဖတ်ရှု သိရှိနိုင်အောင် ငွေချေးယူသူကဆောင်ရွက်ရမည်။ လူထုဦးဆောင်သည့် ဖွံ့ဖြိုးရေး (CDD) စီမံကိန်းများ၏ လိုအပ်ချက်အပေါ် အခြေပြုသည့် သဘောသဘာဝ အရ ညှိနှိုင်းဆွေးနွေးသည့်အဆင့်တွင် အပိုဒ်ခွဲ ၁.၁၈ အရ လိုအပ်သည့် ဝယ်ယူရေးအသေးစိတ်ရေးဆွဲရန်မှာ လက်တွေ့မကျပါ။ အထူးသဖြင့် ရပ်ရွာလူထုမှ တိုက်ရိုက် ဆောင်ရွက်သည့် ဝယ်ယူရေးနှင့် အခြားလုပ်ဆောင်မှုများကို လုပ်ဆောင်သည့်အခါတွင်ဖြစ်သည်။ ဖြစ်နိုင်ပါက

---

လမ်းမကြီး တစ်ခုအား ပုံစံထုတ် ဝယ်ယူဖြည့်တင်း၍ ဆောက်လုပ်ခြင်း (သို့မဟုတ် ပြန်လည်ထူထောင်ခြင်း) နှင့် တည်ဆောက်ပြီးနောက် ၅ နှစ် အတွင်း လမ်းမကြီးအား လည်ပတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကဲ့သို့သော စက်ပစ္စည်း သို့မဟုတ် အလုပ်ရုံတစ်ခုနှင့် ဝန်ဆောင်မှုများအား ဝယ်ယူ ဖြည့်တင်းခြင်း။

အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ဆောင်ချက်များစာရင်းကိုအခြေခံ၍ ရိုးရှင်းသော ဝယ်ယူရေး အစီအစဉ်ကို ပြင်ဆင်ရေးဆွဲသင့်သည်။[74]

**ငွေချေးယူသူနိုင်ငံတွင်းရှိ စနစ်များအား အသုံးပြုခြင်း (Use of Country Systems)**

၃.၂၈ ငွေချေးယူသူနိုင်ငံတွင်းရှိ စနစ်များအား အသုံးပြုခြင်း (UCS) ဆိုသည်မှာ ဤလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိပြီး သက်ဆိုင်ရာနိုင်ငံတွင်းရှိစနစ်များအားအသုံးပြုရေး ဘဏ်၏ရှေ့ပြေးအစီအစဉ်[75] အရ ဘဏ်မှ လက်ခံနိုင်သည်ဟုဆုံးဖြတ်သော ငွေချေးယူသူ၏နိုင်ငံအတွင်းချမှတ်ကျင့်သုံးနေသည့် အများပြည်သူဆိုင်ရာ ဝယ်ယူရေးစနစ်တွင်အကျုံးဝင်နေသော ဝယ်ယူရေးလုပ်ငန်းစဉ်များနှင့် နည်းလမ်းများအား အသုံးပြုခြင်းကို ရည်ညွှန်းသည်။ အဆိုပါရှေ့ပြေးအစီအစဉ်အောက်တွင် ငွေချေးယူသူအနေဖြင့် ဘဏ်မှအတည်ပြုပြီးဖြစ်သော ရှေ့ပြေး စီမံကိန်းများအတွင်း ယင်းလုပ်ငန်းစဉ်နှင့် နည်းလမ်းများကို အသုံးပြုနိုင်သည်။

---

74 CDD စီမံကိန်းများတွင် ယေဘုယျအားဖြင့် ကုန်ပစ္စည်းများနှင့် အတိုင်ပင်ခံနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများအတွက် တန်ဖိုးနည်း ကန်ထရိုက်လုပ်ငန်းများ အရေအတွက် များပြားစွာ ပါဝင်ခြင်း နှင့် ဝေးလံသီခေါင်သော ဒေသများတွင် ပျံ့နှံ့တည်ရှိသော လုပ်ငန်းငယ် များ အမြောက်အမြား ပါဝင်ခြင်းတို့ ရှိမည်ဟု မျှော်မှန်းနိုင်သည်။ အသုံးများသော ဝယ်ယူရေး နည်းလမ်းများတွင် Shopping၊ ရပ်ရွာ ဒေသအနီးအနားတွင် ရှိသော ကုန်ပစ္စည်းနှင့် လုပ်ငန်းများအတွက် အလားအလာရှိသူများကိုသာရွေးချယ်ဖိတ်ခေါ်သည့်ဒေသတွင်းဈေးပြိုင်တင်ဒါခေါ်ခြင်း၊ တန်ဖိုးနည်းကုန်ပစ္စည်းများ၊ လုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သောဝန်ဆောင်မှုများအတွက် တိုက်ရိုက်ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းနှင့် ရပ်ရွာလူထု၏ လုပ်အားနှင့် အရင်းအမြစ်များအား အသုံးပြုခြင်းတို့ ပါဝင်သည်။ ချေးငွေ သဘောတူ စာချုပ်တွင် ထည့်သွင်း ရည်ညွှန်းထားသည့် စီမံကိန်း အကောင်အထည်ဖော်မှု မှတ်တမ်း (သို့မဟုတ် လက်စွဲ) တွင် ရပ်ရွာလူထု၏ အခန်းကဏ္ဍ၊ တာဝန်နှင့် ပူးပေါင်းပါဝင်မှုတို့အား ယေဘုယျ ဖော်ပြချက်များ၊ (လိုအပ်သည့်အခါ ရပ်ရွာအခြေပြု တင်ဒါကော်မတီများအပါအဝင်)၊ မှတ်တမ်းထိန်းသိမ်းမှု လုပ်ငန်းစဉ်များ၊ ငွေပေးချေမှု လုပ်ငန်းစဉ်များနှင့် ရပ်ရွာလူထုတို့အတွက် လိုအပ်သော နည်းပညာနှင့် အခြားအကူအညီများ အပါအဝင် အသုံးပြုနိုင်ဖွယ်ရှိသည့် ဝယ်ယူရေး နည်းလမ်းများ အားလုံး၏ ရှင်းလင်း လွယ်ကူအောင် ပြုလုပ်ထားသည့် အဆင့်များ၊ ရှင်းလင်း လွယ်ကူအောင် ပြုလုပ်ထားသော အသုံးပြုမည့် ကန်ထရိုက်စာချုပ် ပုံစံများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိုယ်စားလှယ်အဖွဲ့၏ အခန်းကဏ္ဍနှင့် ကြီးကြပ်ကွပ်ကဲမှု လုပ်ငန်းများ စသည်တို့ အပါအဝင် ဝယ်ယူမှု အစီအစဉ်များ၊ နည်းလမ်းများနှင့် လုပ်ငန်းစဉ်များအား အသေးစိတ် ထည့်သွင်း ဖော်ပြရမည်။ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ သုံးသပ်မှုနှင့် စာရင်းစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များအပါအဝင် ဘဏ်၏ဝယ်ယူမှု ကြီးကြပ်ရေး အစီအစဉ်ကို PAD၊ ချေးငွေ သဘောတူညီချက်၊ ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ထားသော ဝယ်ယူရေးအစီအစဉ်နှင့် စီမံကိန်း အကောင်အထည်ဖော်မှု မှတ်တမ်း (သို့မဟုတ် လက်စွဲ) တို့တွင် ရည်ညွှန်း ဖော်ပြထားရမည်။ စာရင်းစစ်ဆေးမှု နယ်ပယ်သည် ကုန်ပစ္စည်းများ၊ လုပ်ငန်းများနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးရော၊ အရေအတွက်ပါ စိစစ်ခြင်းနှင့် ရံပုံငွေအား စည်းစနစ်တကျ အသုံးပြုမှု ရှိ/ မရှိတို့ကို လွှမ်းခြုံနိုင်ရမည်။

75 ဘဏ်၏ အမှုဆောင် ဒါရိုက်တာ ဘုတ်အဖွဲ့က ၂၀၀၈ ဧပြီ ၂၄ ရက်နေ့တွင် အတည်ပြုပေးခဲ့သော ၂၀၀၈ မတ်လ ၃ ရက်နှင့် မတ်လ ၂၅ ရက် ရက်စွဲပါ ဘဏ်မှ ထောက်ပံ့သော လုပ်ငန်းများအတွက် သက်ဆိုင်ရာနိုင်ငံ၏ စနစ်များကို အသုံးပြုခြင်း - အဆိုပြု ရှေ့ပြေးစနစ် (R2008-0036 နှင့် 0036 နှင့် 0036.1) ခေါင်းစဉ်ရှိ ဘုတ်အဖွဲ့၏ စာတမ်းတွင် ယင်း ရှေ့ပြေးအစီအစဉ်ကို ဖော်ပြထားသည်။

## နောက်ဆက်တွဲ (၁)
## ပစ္စည်းဝယ်ယူရေးဆုံးဖြတ်ခြင်းများနှင့် ကန်ထရိုက်ချုပ်ဆိုချက်ထုတ်ပြန်ကြေညာခြင်း ဆိုင်ရာဘဏ်၏ပြန်လည်သုံးသပ်ချက်များ
## APPENDIX 1: REVIEW BY THE BANK OF PROCUREMENT DECISIONS AND PUBLICATION OF AWARDS OF CONTRACTS

### ပစ္စည်းဝယ်ယူရေးနှင့်ပတ်သက်သောအစီအစဉ်ရေးဆွဲခြင်း (Scheduling of Procurement)

၁ အပိုဒ်ခွဲ၁.၁၈ပါအချက်အလက်များနှင့်အညီ ငွေချေးယူသူများပြင်ဆင်ထားသော ဝယ်ယူရေးအတွက် ကြိုတင်ရေးဆွဲထားသောအစီအစဉ်များ၊ ၎င်းတို့နှင့်သက်ဆိုင်သော နောက်ဆုံး အချက်အလက်များအား ဘဏ်အနေဖြင့် ပြန်လည်စစ်ဆေးသုံးသပ်မည်ဖြစ်သည်။[76] အဆိုပါ ပြင်ဆင်မှုများမှာ စီမံကိန်း အကောင်အထည်ဖော်ရေးအစီအစဉ်များ၊ ချေးငွေသဘောတူညီမှုများ၊ ဤလမ်းညွှန်ချက်များနှင့်ကိုက်ညီ ရမည်ဖြစ်သည်။

### ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review)

၂ ဘဏ်၏ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်း (Prior Review) အဆင့်အား လိုက်နာရမည့်ကန်ထရိုက်အမျိုးအစားအားလုံး[77] နှင့်သက်ဆိုင်သည်။

(က) ကြိုတင်အရည်အချင်းစစ်ဆေးခြင်း (prequalification)အဆင့်အသုံးပြုသော ဖြစ်ရပ်များတွင် ငွေချေးယူသူအနေဖြင့် ယင်းအဆင့်အတွက် prequalification တင်ရန် မဖိတ်ခေါ်မီ prequalification အတွက် ဖိတ်ခေါ်ခြင်းစာသားအပါအဝင် အသုံးပြုမည့်တင်ဒါစာရွက်မူကြမ်းအားဘဏ်သို့ တင်ပြရမည်။ ကြော်ငြာလုပ်ငန်းစဉ်အတွက်လိုက်နာရန်လုပ်ထုံးလုပ်နည်းနှင့်အတူ prequalification စစ်ဆေးမည့် အချက်အလက်မေးခွန်းပုံစံနှင့်အကဲဖြတ်ရွေးချယ်မှုနည်းလမ်းများအပါအဝင် အထက်တွင် ဆိုခဲ့ပြီးသော လုပ်ထုံးလုပ်နည်းနှင့် စာရွက်စာတမ်းများတွင် ဘဏ်မှ သင့်တော်သလိုပြောင်းလဲရန်တောင်းဆိုခဲ့လျှင် အဆိုပါပြောင်းလဲမှုများအား ပြုလုပ်ရမည်။ ငွေချေးယူသူလက်ခံရရှိမည့် စစ်ဆေးမှုအကဲဖြတ်

---

[76] နောက်ဆက်တွဲ (၁) ပါ အပိုဒ်ခွဲ ၁၁ မှ ၁၅ အတွင်းတွင် တင်ဒါတင်သွင်းသူများ၏တိုင်ကြားမှုများအပါအဝင် ၎င်းတို့၏ ပြန်လည်ဆက်သွယ်အသိပေးမှုများ၊ ရှင်းလင်းတင်ပြပေးရန် တောင်းဆိုမှုများအတွက် ဘဏ်ဘက်မှ ပြန်လည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား ရှင်းလင်းဖော်ပြထားသည်။

[77] Prior review ဆိုင်ရာ အနိမ့်ဆုံးသတ်မှတ်ချက်အား စွန့်စားဆုံးရှုံးနိုင်ခြေအပေါ်အခြေခံတွက်ချက်ကာ ငွေကြေးတန်ဖိုးဖြင့်ဖော်ပြ တတ်ပြီး ချေးငွေနှင့်ဆိုင်သောဝယ်ယူရေးနည်းလမ်းများအတွက် Procurement Plan များထဲတွင်ထည့်သွင်းထားသည်။ ၎င်းတို့တွင် စာချုပ်ကာလအတွင်း ပေးဆောင်ရနိုင်သော အခွန်အခများအပါအဝင် စာချုပ်တန်ဖိုးစုစုပေါင်းတို့ ပါဝင်သည်။ အပိုဒ်ခွဲ ၃.၇ ပါ direct contracting အရချုပ်ဆိုသော ကန်ထရိုက်များအတွက် ကန်ထရိုက်မဆောင်ရွက်မီ ဘဏ်၏ကန့်ကွက်မှုမရှိစေရန် ငွေချေးယူသူ သည် စာချုပ်မူကြမ်းနှင့်အသေးစိတ်ဖော်ပြချက်အား ဘဏ်သို့မိတ္တူတစ်စောင် တင်ပြရမည်။ ကန်ထရိုက်အား ဘဏ်၏ကန့်ကွက်မှု တစ်စုံတစ်ရာမရှိမှသာ စတင်လုပ်ဆောင်နိုင်ပြီး ဤ နောက်ဆက်တွဲ ပါ အပိုဒ်ခွဲ ၉ တွင်ဖော်ပြထားသည့်အချက်များနှင့် အကျုံးဝင် နေရမည်။

ရလဒ်အစီရင်ခံစာ၊ ကနဦးအရည်အချင်းပြည့်မီသော တင်ဒါတင်သွင်းသူများစာရင်း၊ စစ်ဆေးမှုအတွက် အရည်အချင်းမပြည့်မီသောလျှောက်လွှာများအား ပယ်ချရသည့် အကြောင်းအရင်းများအပါအဝင် တင်ဒါတင်သွင်းသူများ၏ အရည်အချင်းမှတ်တမ်းများအား ငွေချေးယူသူ၏ဆုံးဖြတ်ချက်ကို တင်ဒါသွင်းသူများထံအကြောင်းမကြားမီ ငွေချေးယူသူအနေဖြင့် ဘဏ်၏ သဘောထားမှတ်ချက်များအား တောင်းခံရမည်ဖြစ်သည်။ အထက်ဖော်ပြပါ လိုအပ်သည့်အချက်အလက်စာရင်းနှင့်ပတ်သက်၍ ဘဏ်အနေဖြင့် သင်တော်သလို ထပ်မံဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲမှုများအား တောင်းဆိုခဲ့လျှင် ငွေချေးယူသူမှ ပြုလုပ်ပေးရမည်။

(ခ) တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်းမပြုမီ ငွေချေးယူသူအနေဖြင့် ဘဏ်၏ သဘောထားမှတ်ချက်တောင်းခံရမည့်အပြင် တင်ဒါတင်သွင်းမှု အခြေခံစာရွက်စာတမ်းများဖြစ်သော တင်ဒါတင်သွင်းရန်ဖိတ်ကြားလွှာ၊ တင်ဒါတင်သွင်းသူများသို့ညွှန်ကြားလွှာပါ မြို့ပြဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်းထောက်ပံ့ဖြည့်တင်းမှုများ သို့မဟုတ် စက်ပစ္စည်းကိရိယာတပ်ဆင်မှုလုပ်ငန်းများစသည်တို့အတွက် အချက်အလက်များ၊ တင်ဒါစိစစ်အကဲဖြတ်မှုအခြေခံမှုများ၊ ကန်ထရိုက်ချုပ်ဆိုမှုအချက်အလက်များနှင့် စာချုပ်အပ်နှင်းခြင်း (အကယ်၍စာချုပ်မချုပ်မီ ကြိုတင်သုံးသပ် အတည်ပြုပေးခြင်းအဆင့်အား မလိုအပ်သောအခါမျိုး) တင်ဒါခေါ်ယူသောကြော်ငြာလုပ်ငန်းစဉ်အတွက် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းဖော်ပြချက်များကိုပါ တင်ပြရမည်။ အထက်ပါ အချက်အလက်များနှင့်ပတ်သက်၍ ဘဏ်မှသင့်တော်သလို ပြင်ဆင်ပြောင်းလဲရန်တောင်းဆိုခဲ့လျှင် အဆိုပါ ပြင်ဆင်မှုများပြုလုပ်ရမည်။ နောက်ထပ် မည်သည့်ပြင်ဆင်ပြောင်းလဲမှုများအတွက်မဆို သက်ဆိုင်သည့်တင်ဒါတင်သွင်းသူများထံသို့ ယင်းအချက်အလက်များအား ပေးပို့ခြင်းမပြုမီ ဘဏ်၏ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိတောင်းခံရန်လိုအပ်သည်။

(ဂ) တင်ဒါများလက်ခံရရှိပြီးစိစစ်အကဲဖြတ်မှုပြုလုပ်ပြီးနောက် စာချုပ်ချုပ်ဆိုရန်နောက်ဆုံး ဆုံးဖြတ်ချက်မချသေးမီ လက်ခံရရှိသောတင်ဒါများအား စိစစ်အကဲဖြတ်မှုနှင့်နှိုင်းယှဉ်သုံးသပ်မှု (အဆင့်နှစ်ဆင့်ဖြင့်ယှဉ်ပြိုင်ရသောတင်ဒါနှင့် ကာလတစ်ခုအတွင်း သတ်မှတ်ဈေးဖြင့်ဝယ်ယူရန် ချုပ်ဆိုထားသောနားလည်မှုစာချွန်များဖြစ်ပါက အဆင့်တစ်ဆင့်စီအတွက်)အပါအဝင် ရွေးချယ်ရန ်ထောက်ခံတင်ပြမှုများနှင့် ဘဏ်မှ သင့်တော်သလိုတောင်းခံသော အခြားအချက်အလက်များပါရှိသည့် အသေးစိတ်အစီရင်ခံစာ (အကယ်၍ ဘဏ်မှတောင်းဆိုလျှင် ကျွမ်းကျင်သူများပြင်ဆင်ထားပြီး ဘဏ်မှလက်ခံနိုင်သော)အား ပြန်လည်သုံးသပ်ရန်လုံလောက်သောအချိန်ကာလနှင့်တစ်ကွ ငွေချေးယူသူမှဘဏ်သို့ တင်ပြရမည်ဖြစ်သည်။ အကယ်၍ ဘဏ်အနေဖြင့်ရွေးချယ်ရန်အဆိုပြုထားမှုသည် ချေးငွေသဘောတူညီချက် သို့မဟုတ် ကြိုတင်ပြင်ဆင်ထားသောဝယ်ယူမှုအစီအစဉ်နှင့် ကိုက်ညီမှုမရှိဟုဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်အတွက်အကြောင်းပြချက်နှင့်တကွ ငွေချေးယူသူထံသို့ အမြန်ဆုံး ပြန်လည်အကြောင်းကြားရမည်။ ထိုသို့မဟုတ်လျှင်မူ ဘဏ်အနေဖြင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုရန် အဆိုပြုမှုအား ကန့်ကွက်ရန်မရှိဟု အကြောင်းပြန်ရမည်။ ငွေချေးယူသူအနေဖြင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုမှုအား ဘဏ်၏ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိကြောင်းရရှိပြီးမှသာလျှင် ချုပ်ဆိုနိုင်သည်။

(ဃ) ငွေချေးယူသူအနေဖြင့် စိစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်ပြီးဆုံးရန်အတွက် တင်ဒါဈေးနှုန်းအတည်ဖြစ်မှုသက်တမ်းကာလအားတိုးမြှင့်ခြင်းလိုသည့်အခါ ဘဏ်၏ကန့်ကွက်မှုမရှိခြင်းနှင့်တကွ မိမိတို့ဘဏ်မှ

လိုအပ်သော အပြီးသတ် ရှင်းလင်းမှုများပြုလုပ်ပြီးမှသာ စာချုပ်ချုပ်ဆိုရမည် ဖြစ်သည်။ ရက်သတ္တပတ်(၄)ပတ်ထက်ကျော်သော ပထမအကြိမ် သက်တမ်းတိုးမြှင့်လိုမှုနှင့် မည်သည့် အချိန်ကာလအတွက်မဆို ထပ်မံတောင်းဆိုမှုများအတွက် ဘဏ်၏ကန့်ကွက်ရန်မရှိအား ကြိုတင် တောင်းခံရမည်ဖြစ်သည်။

(င) အကယ်၍ စာချုပ်အပ်နှင်းခြင်းအချက်အလက်များအား အများပြည်သူသိရှိစေရန် ကြေညာပြီးနောက် ငွေချေးယူသူအနေဖြင့် တင်ဒါတင်သူများထံမှ ဆန့်ကျင်ကန့်ကွက်မှုများ သို့မဟုတ် တိုင်ကြားစာများ လက်ခံရရှိလာပါက တိုင်ကြားချက်မိတ္တူတစ်စောင်၊ တိုင်ကြားစာထဲပါ အချက်တစ်ချက်ချင်းစီအတွက် ငွေချေးယူသူ၏ထင်မြင်ယူဆချက်နှင့် ငွေချေးယူသူ၏တုံ့ပြန်ဖြေရှင်းချက် မိတ္တူတစ်စောင်တို့အား ဘဏ်၏သုံးသပ်စစ်ဆေးမှုနှင့်ထင်မြင်ချက်ရရှိစေရန်အလို့ငှာ ဘဏ်သို့ ပေးပို့ရမည်။

(စ) အကယ်၍ ကန့်ကွက်မှုအားစစ်ဆေးသုံးသပ်ချက်ရလဒ်အရ ငွေချေးယူသူအနေဖြင့် ၎င်း၏စာချုပ် ချုပ်ဆိုရန်ထောက်ခံချက်အပေါ် ပြန်လည်ပြောင်းလဲရန်ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များနှင့်တကွ ပြန်လည်စိစစ်အကဲဖြတ်မှုအစီရင်ခံစာအား ဘဏ်၏ကန့်ကွက်ရန် မရှိရရန်အလို့ငှာ ဘဏ်သို့ပေးပို့ရမည်။ ဤလမ်းညွှန်ချက်များပါ နောက်ဆက်တွဲ(၁) အပိုဒ်ခွဲ ၇ ပါ ပုံစံအတိုင်း ငွေချေးယူသူအနေဖြင့် စာချုပ်အပ်နှင်းခြင်းကြေညာချက်တစ်ရပ်အား ပြန်လည် ထုတ်ပြန်ကြေညာရမည်။

(ဆ) ဘဏ်၏ကန့်ကွက်ရန်မရှိအား ကြိုတင်ရယူထားခြင်းမရှိပါက စာချုပ်ပါအချက်အလက်နှင့် အခြေအနေ များသည် တင်ဒါဖိတ်ခေါ်စဉ်က တောင်းဆိုထားသောအရာများ သို့မဟုတ် ကန်ထရိုက်တာများ၏ ကြိုတင်အရည်အသွေးသုံးသပ်ခြင်းအဆင့်အား ဖိတ်ခေါ်စဉ်အချက်များနှင့် ကွဲပြားခြားနားမှုမရှိရပါ။

(ဇ) အကယ်၍ ဘဏ်မှတောင်းဆိုပါက အချက်အလက်များပြည့်စုံသောကန်ထရိုက်စာချုပ်မိတ္တူတစ်စောင်၊ အချက်အလက်များပြည့်စုံသော ကြိုတင်ထုတ်ပေးငွေအတွက်အာမခံမိတ္တူတစ်စောင်နှင့် တင်ဒါရရှိသူမှ လုပ်ဆောင်ချက်အတွက်အာမခံပေးရသောစပေါ် ငွေလက်ခံရရှိမှု မိတ္တူတစ်စောင်တို့အား စာချုပ် လက်မှတ်ထိုးပြီးနောက်နှင့်အဆိုပါကန်ထရိုက်အတွက် ဘဏ်သို့ ပထမဆုံးအကြိမ် အဆိုပါ စာရင်းမှ ငွေထုတ်ပြခွင့်ပြုရန်မတောင်းမီ ဘဏ်သို့ တင်ပြပေးနိုင်ရမည်။ အကယ်၍ ကန်ထရိုက်စာချုပ်အတွက် ငွေပေးမှုများအား အထူးငွေစာရင်းတစ်ခုမှ ထုတ်ပေးရမည်ဆိုပါက ကန်ထရိုက်စာချုပ်၊ ကြိုတင် ထုတ်ပေးငွေသက်သေခံလက်မှတ်နှင့် တင်ဒါရရှိသူမှ လုပ်ဆောင်ချက်အတွက်အာမခံပေးရသော စပေါ် ငွေလက်ခံရရှိမှုစသည့် မိတ္တူများအား တင်ပြပေးရန်တောင်းဆိုခံရလျှင် အဆိုပါ ကန်ထရိုက်နှင့်ပတ်သက်သည့် အထူးငွေစာရင်းထဲမှ ပထမဆုံးအကြိမ်ငွေထုတ်ယူခွင့်ပြုရန်အတွက် လက်မှတ်ရေးထိုးမလျှောက်ထားမီ ဘဏ်သို့ ကြိုတင်၍တင်ပြနိုင်ရမည်။

(ဈ) စိစစ်အကဲဖြတ်မှုဆိုင်ရာ အစီရင်ခံစာအားလုံးအား ဘဏ်မှထုတ်ပေးထားသော ပစ္စည်းဝယ်ယူရေး အတိုချုပ်ရှင်းလင်းချက် ဘဏ်မှပေးထားသောပုံစံနှင့်အတူတကွ တင်ပြရမည်။ ဘဏ်အနေဖြင့် ငွေချေးယူသူထံမှ လက်မှတ်ရေးထိုးထားသော ကန်ထရိုက်စာချုပ်မိတ္တူရရှိသည့်အခါ ကန်ထရိုက်စာချုပ်ပါ တန်ဖိုးပမာဏနှင့်အသေးစိတ်ဖော်ပြချက်များအား အထက်ဖော်ပြပါ အပိုဒ်ခွဲ ၂ (ဇ)နှင့်အညီ တင်ဒါရရှိသူ၏အမည်၊နေရပ်လိပ်စာများနှင့်တကွ အများပြည်သူသို့ ထုတ်ဖော်တင်ပြခွင့် ရှိသည်။

(ည) ငွေချေးယူသူအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်နေသည့်ကာလအတွင်း ကန်ထရိုက်စာချုပ်တစ်ခုချင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများအား ချေးငွေသဘောတူညီမှုသက်တမ်းကာလကုန်ဆုံးပြီးသည့်နောက် ၂ နှစ်အထိ ထိန်းသိမ်းထားရမည်။ အဆိုပါ ထိန်းသိမ်းရမည့်စာရွက်စာတမ်း မှတ်တမ်းမှတ်ရာများအား ကန့်သတ်ထားမထားသော်လည်း (၁) လက်မှတ်ရေးထိုးပြီးသား မူရင်း ကန်ထရိုက်စာချုပ်များနှင့် အခြား ထပ်မံပြင်ဆင်ချက်များ သို့မဟုတ် ဖြည့်စွက်ချက်များ ၊ (၂)မူရင်းတင်ဒါများ၊ ဆက်စပ်စာရွက်စာတမ်းများ၊ တင်ဒါများစိစစ်အကဲဖြတ်ရာတွင် အထောက်အကူပြုသောအချက်အလက်များနှင့် တင်ဒါရွေးချယ်ရေးအတွက် ဘဏ်သို့ ထောက်ခံတင်ပြမှုများအပါအဝင် ပစ္စည်းဝယ်ယူရေးနှင့် ကန်ထရိုက်စာချုပ်အကောင်အထည်ဖော်မှုတို့နှင့် ဆက်စပ်နေသော အဆက်အသွယ်ပြုလုပ်မှုများ၊ (၃) ငွေထုတ်တောင်းခံလွှာ သို့မဟုတ် လက်မှတ်များအပြင် ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှု မဟုတ်သော ဝန်ဆောင်မှုများနှင့်ပတ်သက်သော စစ်ဆေးမှု၊ ဖြန့်ဖြူးမှုပြီးဆုံးမှုနှင့် လက်ခံရရှိမှုစသည့် အထောက်အထားစာရွက်စာတမ်းများ ပါဝင်ရမည်။ ယှဉ်ပြိုင်မှုမရှိဘဲ တိုက်ရိုက်ဝယ်ယူခြင်းစနစ်အား အခြေခံသည့်ကန်ထရိုက်စာချုပ်များအတွက် ထိန်းသိမ်းရန်လိုအပ်သည့် စာရွက်စာတမ်းများ၌မှု ယင်းစနစ်အသုံးပြုရသည့်ရှင်းလင်းချက်၊ လုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့အစည်း၏နည်းပညာပိုင်းနှင့် ဘဏ္ဍာရေးအရအရည်အချင်းရှိမှုအပြင် လက်မှတ်ရေးထိုးပြီးသား မူရင်း ကန်ထရိုက်စာချုပ်များ ပါရှိရမည်။ စစ်ဆေးရန်အကြောင်းပြချက်ဖြင့် ဘဏ်မှသော်လည်းကောင်း ဘဏ်မှတာဝန်ပေးထားသော အတိုင်ပင်ခံများ/စာရင်းစစ်များမှ တောင်းခံလျှင်လည်းကောင်း ငွေချေးယူသူများမှ အဆိုပါ စာရွက်စာတမ်းများအား ဘဏ်သို့ တင်ပြရမည်။

(ဋ) ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှု မဟုတ်သော ဝန်ဆောင်မှုများသည် ဘဏ်မှ ကန့်ကွက်ရန်မရှိပေးထားသည့် ချေးငွေသဘောတူညီချက်နှင့် ဝယ်ယူရေးအတွက် ကြိုတင်ရေးဆွဲထားသော အသေးစိတ်အစီအစဉ်ထဲတွင်ပါရှိသော သဘောတူညီထားသည့်လုပ်ထုံးလုပ်နည်း၊နည်းလမ်းများနှင့်အညီ ဝယ်ယူဆောင်ရွက်ထားခြင်းမဟုတ်ကြောင်း သတ်မှတ်ဆုံးဖြတ်လျှင် သို့မဟုတ် အဆိုပါကန်ထရိုက်စာချုပ်သည်ပင်အထက်ပါ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီခဲ့လျှင် ဤလမ်းညွှန်၏ အပိုဒ်ခွဲ၁.၁၄ပါ မည်သည့်အကြောင်းရင်းများအတွက်မဆို ဘဏ်အနေဖြင့် ဝယ်ယူရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူခြင်းဖြစ်ကြောင်း ကြေညာနိုင်သည်။ အဆိုပါ သတ်မှတ်ဆုံးဖြတ်ချက်မျိုးအတွက် ငွေချေးယူသူထံသို့ဘဏ်မှ အကြောင်းအကျိုးရှင်းပြချက်များနှင့် လျင်မြန်စွာအသိပေး အကြောင်းကြားရမည်။

၃ လက်မှတ်ရေးထိုးပြီးသားကန်ထရိုက်စာချုပ်များအားပြင်ဆင်ပြောင်းလဲခြင်း *(Modifications of the signedcontract)-* ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်းနှင့်သက်ဆိုင်သည့် ကန်ထရိုက်စာချုပ်များနှင့်ပတ်သက်၍ (က) ကန်ထရိုက်စာချုပ်၏ လုပ်ဆောင်မှုအရည်အသွေးအတွက် သတ်မှတ်ထားသောအချိန်ကာလအား အမှန်တကယ်သက်တမ်းတိုးလိုမှု သို့မဟုတ် (ခ) ဝန်ဆောင်မှုပေးနိုင်သောအတိုင်းအတာအတွက် အတော်အတန်မည်သည့်ပြောင်းလဲမှုမဆို သို့မဟုတ် ကန်ထရိုက်စာချုပ်ပါအခြေအနေအချက်အလက်များအတွင်း အခြား ထင်ရှားသည့်အချက်များအား ပြောင်းလဲလိုမှု သို့မဟုတ် (ဂ) သီးခြားဖြစ်စေ သို့မဟုတ် ယခင်ပြင်ဆင်ပြောင်းလဲမှုများနှင့်ပေါင်းစပ်၍ဖြစ်စေ နောက်ထပ် မည်သည့်ပြောင်းလဲမှုများ သို့မဟုတ် ပြင်ဆင်ချက်မဆို (ခြွင်းချက်အားဖြင့် အလွန်အမင်း

အရေးပေါ်နေသည့်အခြေအနေမျိုးမှလွဲ၍) မူလကန်ထရိုက်စာချုပ်တန်ဖိုးထက် ၁၅ ရာခိုင်နှုန်းနှင့်အထက် ပြောင်းလဲတိုးမြှင့်လိုမှု သို့မဟုတ် (ဃ) ကန်ထရိုက်စာချုပ်အားအဆုံးသတ်ရန် အဆိုပြုလိုမှုစသည့် အထက်ပါအချက်များအား ငွေချေးယူသူအနေဖြင့် သဘောတူညီချက်မပြုမီ ဘဏ်၏ ကန့်ကွက်မှု မရှိကြောင်းကို ရယူရမည်။ အကယ်၍ အဆိုပြုချက်များသည် ချေးငွေသဘောတူ စာချုပ်ပါအချက်များ သို့မဟုတ် ပစ္စည်းဝယ်ယူရေးအစီအစဉ်ပါအချက်များနှင့် ကိုက်ညီမှုမရှိကြောင်း ဘဏ်အနေဖြင့်ဆုံးဖြတ်ပါက ငွေချေးယူသူထံသို့ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်နှင့်တကွ လျင်မြန်စွာ အကြောင်းကြား ရမည်ဖြစ်သည်။ ကန်ထရိုက်စာချုပ်ပါပြင်ဆင်မှုအားလုံးအတွက် မိတ္တူတစ်စုံအား မှတ်တမ်းမှတ်ရာအလို့ငှာ ဘဏ်သို့ ပေးအပ်ရမည်။

၄ ဘာသာပြန်ဆိုဖော်ပြချက် *(Translations)* - အကယ်၍ ICB အစီအစဉ်အောက်မှကန်ထရိုက် စာချုပ်တစ်ရပ်သည် ဝယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်း အဆင့်နှင့်သက်ဆိုင်နေပြီး မိခင်ဘာသာစကားနှင့် ရေးသားထားပါက[78] ငွေချေးယူသူအနေဖြင့် တင်ဒါ စိစစ်အကဲဖြတ်မှုအစီရင်ခံစာနှင့် အကြမ်းပြုစုထားသည့် ကန်ထရိုက်စာချုပ်များအား တင်ဒါစာရွက်စာတမ်း ဆိုင်ရာ နိုင်ငံတကာသုံးဘာသာစကားများဖြစ်သည့် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန် ဘာသာစကားများဖြင့် တိတိကျကျပြန်ဆိုပေးပြီးမှ ဘဏ်သို့ တင်ပြရမည်။ စာချုပ်၏ နောက်ထပ်မည်သည့်ပြောင်းလဲချက်များ အတွက်မဆိုလည်း တိကျသောဘာသာပြန်ဆိုထားမှုများနှင့်သာ ဘဏ်သို့ တင်ပြရမည်။

**ဝယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်း(Post review)**

၅ ပစ္စည်းဝယ်ယူမှုပြီးမှစစ်ဆေးသုံးသပ်ခြင်းအား ဘဏ်မှ ပုံမှန်အားဖြင့်လုပ်ဆောင်သည်။ ဤ နောက်ဆက်တွဲပါအပိုဒ်ခွဲ၂နှင့်အကျုံးမဝင်သည့် ကန်ထရိုက်စာချုပ်တစ်ခုချင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများအား စီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်းနှင့် ချေးငွေသဘောတူညီမှု သက်တမ်းကုန်ဆုံးပြီးနောက် နှစ်နှစ်ခန့်အထိ ငွေချေးယူသူအနေဖြင့် ထိန်းသိမ်းထားရမည်။ အဆိုပါ ထိန်းသိမ်းရမည့်စာရွက်စာတမ်းမှတ်တမ်းမှတ်ရာများအား ကန့်သတ်ထားမထားသော်လည်း လက်မှတ် ရေးထိုးပြီးသား မူရင်း ကန်ထရိုက်စာချုပ်များနှင့် အခြားထပ်မံပြင်ဆင်ချက်များ သို့မဟုတ် ဖြည့်စွက်ချက်များ၊ မူရင်းတင်ဒါများ၊ တင်ဒါများစီစစ်အကဲဖြတ်မှုအစီရင်ခံစာနှင့် တင်ဒါရွေးချယ်ရေးအတွက် ထောက်ခံတင်ပြမှုများ၊ ငွေထုတ်တောင်းခံလွှာ သို့မဟုတ်လက်မှတ်များအပြင် ပစ္စည်းဝယ်ယူမှုဆောက်လုပ်ရေးလုပ်ငန်းနှင့် အကြံပေး ဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများနှင့်ပတ်သက်သည့်စစ်ဆေးမှု၊ ဖြန့်ဖြူးမှု၊ ပြီးဆုံးမှုနှင့် လက်ခံရရှိမှု စသည့် အထောက်အထားစာရွက်စာတမ်းများပါဝင်ပြီး ၎င်းတို့အား ဘဏ် သို့မဟုတ် ယင်း၏ အကြံပေးများ၊ စာရင်းစစ်များစစ်ဆေးနိုင်ရန်အလို့ငှာ ထိန်းသိမ်းထားရှိရမည်။ ဘဏ်၏ တောင်းဆိုချက်အရ အဆိုပါ စာရွက်စာတမ်းများအား ငွေချေးယူသူမှတင်ပြနိုင်ရမည်။ အကယ်၍ ဘဏ်အနေဖြင့် ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်ရေးလုပ်ငန်းနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်မှုများသည် ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲ ၁.၁၄ တွင် ဖော်ပြထားသော အကြောင်းပြချက်များအရ ချေးငွေသဘောတူညီချက်ပါ သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းနှင့်နည်းလမ်းများ၊ ဘဏ်မှ ကန့်ကွက်ရန်မရှိပေးထားသည့် ပစ္စည်း

[78] အပိုဒ်ခွဲ ၂.၁၅အား ရည်ညွှန်းလျက် ။

ဂယ်ယူရေးအစီအစဉ်ထဲပါ အသေးစိတ်အချက်အလက်များနှင့် ကိုက်ညီမှုမရှိ သို့မဟုတ် ကန်ထရိုက်စာချုပ်သည်ပင် အဆိုပါနည်းလမ်းများနှင့်မကိုက်ညီဟု ဆုံးဖြတ်ခဲ့လျှင် ဂယ်ယူရေးစည်းကမ်းများ မလိုက်နာဘဲဂယ်ယူခြင်းဟု ကြေညာခြင်းများပြုလုပ်နိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ငွေချေးယူသူထံသို့ ဘဏ်မှ လျင်မြန်စွာအကြောင်းကြားရမည်။ စီမံကိန်း၏ဆုံးရှုံးနိုင်ခြေ နှင့် လုပ်ငန်း အတိုင်းအတာအပေါ် မူတည်၍ ( ဥပမာ ။ ။ တန်ဖိုးသေးငယ်ပြီးရိုးရှင်းသည့်စာချုပ်များစွာပါဝင်နေခြင်း) ဘဏ်မှလက်ခံနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ အစီရင်ခံခြင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ PPRs အား ဆောင်ရွက်ရန် လွတ်လပ်သည့်ကျွမ်းကျင်သူများခန့်အပ်ခြင်းအား ဘဏ်အနေဖြင့် ငွေချေးယူသူနှင့် သဘောတူညီမှု ရယူနိုင်သည်။ အဆိုပါအခြေအနေမျိုး၌ ဘဏ်သည် ငွေချေးယူသူထံမှတင်ပြသည့် အစီရင်ခံစာများအားစစ်ဆေးသုံးသပ်မည်ဖြစ်ကာ လိုအပ်လျှင် စီမံကိန်းအကောင်အထည်ဖော်နေသည့် ကာလအတွင်း ဂယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအား တိုက်ရိုက်ဆောင်ရွက်နိုင်ခွင့်ကို စွဲကိုင်ထားနိုင်သည်။

**ဂယ်ယူပြီးမှစစ်ဆေးသုံးသပ်ခြင်းအဆင့်မှဂယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အားစာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းအဆင့်သို့ ပြန်လည်ပြောင်းလဲခြင်း (Change from Post Review to Prior Review)**

၆ ဂယ်ယူရေးအစီအစဉ်ထဲပါ ဂယ်ယူရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာ ဘဏ်မှသတ်မှတ်ထားသော အနိမ့်ဆုံးအဆင့်အောက်ရောက်နေသော ကန်ထရိုက်တစ်ခု၏ ခန့်မှန်းကုန်ကျစရိတ်သည် အကယ်၍ စိစစ်အကဲဖြတ်ထားသည့် တင်ဒါတင်သူ၏ အနိမ့်ဆုံးဈေးနှုန်းက အဆိုပါ သတ်မှတ်အနိမ့်ဆုံးအဆင့်ထက်ပိုနေသောအခါ စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးခြင်းအဆင့်ထဲတွင် ပါဝင်နေမည်ဖြစ်သည်။ စိစစ်အကဲဖြတ်အစီရင်ခံစာနှင့် စာချုပ်ချုပ်ဆိုရေး ထောက်ခံချက်များအပါအဝင် စစ်ဆေးပြီးသော သက်ဆိုင်ရာပစ္စည်းဂယ်ယူရေးစာရွက်စာတမ်းများအား ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းမပြုမီ ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်းတောင်းရန်နှင့် စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာ စစ်ဆေးသုံးသပ်နိုင်ရန် ဘဏ်သို့တင်ပြပေးရမည်။ ဆန့်ကျင်ဘက်အားဖြင့် ရွေးချယ်ထားသည့် တင်ဒါဈေးနှုန်းသည် စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာ ဘဏ်မှ သတ်မှတ်ထားသော အနိမ့်ဆုံးအဆင့်အောက်ရောက်နေသော်လည်း ယင်း ကြိုတင်သုံးသပ်စစ်ဆေးအတည်ပြုခြင်းအဆင့်အား ဆက်လက်ဆောင်ရွက်ရမည်။ အချို့သော အခြေအနေများတွင် ဘဏ်အနေဖြင့် ၄င်းသတ်မှတ်ထားသော ကြိုတင်စစ်ဆေးခြင်းဆိုင်ရာ အနိမ့်ဆုံးအဆင့်အောက်ရောက်နေသော ကန်ထရိုက်တစ်ခုအတွက် ပြင်းထန်သည့်ဆန့်ကျင်ကန့်ကွက်ချက်ရှိနေသည့် ကိစ္စတစ်ရပ်တွင် စာချုပ်မချုပ်မီကြိုတင်သုံးသပ်အတည်ပြုပေးခြင်းဆိုင်ရာအဆင့်တစ်ခုအား ငွေချေးယူသူများမှလိုက်နာစေရန် လိုအပ်နေပါသည်။ ထို့အပြင် ယခင်ခန့်မှန်းထားသည်ထက် ပိုမိုမြင့်မားလာသော သို့မဟုတ် နိမ့်ကျသွားသော ခန့်မှန်းစရိတ်များကြောင့် ပစ္စည်းဂယ်ယူရေးနည်းလမ်းပြောင်းလဲရန် လိုအပ်လာသည့်အခါတွင်လည်း ပြင်ဆင်မွမ်းမံထားသည့် ပစ္စည်းဂယ်ယူရေးအစီအစဉ်အား ဘဏ်မှစစ်ဆေးသုံးသပ်ရန်နှင့် အတည်ပြုချက်ပေးရန် ငွေချေးယူသူမှ ဘဏ်သို့တင်ပြရမည်ဖြစ်ရာ ဥပမာအားဖြင့် NCB မှ ICB သို့မဟုတ် အပြန်အလှန် ဖြစ်သည်။

## ကန်ထရိုက်ချုပ်ဆိုမှုထုတ်ပြန်ကြေညာခြင်း (Publication of the Award of Contract)

(၇) ငွေချေးယူသူအနေဖြင့် UNDB online တွင် ကန်ထရိုက်အားလုံးနှင့်ပတ်သက်၍ သတင်းအချက်အလက်များအား ထုတ်ပြန်ကြေညာရမည်ဖြစ်ပြီး ICB နှင့် LIB အောက်မှကန်ထရိုက်များ၊ PPP အစီအစဉ်များအောက်မှ လိုက်လျောမှုများပါရှိသည့် ကန်ထရိုက်များ၊ ဘဏ္ဍာရေးကြားခံအဖွဲ့အစည်းများနှင့် သီးခြားရပ်တည်နေသောအဖွဲ့များအားချေးငှားသည့် ချေးငွေများရှိ တစ်ဆင့်ခံကန်ထရိုက်များ နှင့် အခြားသော တိုက်ရိုက်ကန်ထရိုက်များအားလုံးပါဝင်မည်ဖြစ်ကာ နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေဖြန့်ချိသော သတင်းစာထဲတွင်[79] Framework Agreements နှင့် Force Account အောက်ရှိ ကန်ထရိုက်များအပါအဝင် NCB အောက်ရှိကန်ထရိုက်များအားလုံးနှင့် တန်ဖိုးသေးငယ်သော တိုက်ရိုက်ကန်ထရိုက်များ (Footnote နံပါတ် ၆၄အားကြည့်ပါ) အား ထည့်သွင်းကြေညာရမည်။ အဆိုပါကဲ့သို့ ထုတ်ပြန်ကြေညာမှုများမှာ စာချုပ်မချုပ်မီ ကြိုတင်သုံးသပ်အတည်ပြုပေးရန်လိုအပ်သောကန်ထရိုက်များအတွက် စာချုပ်ချုပ်ဆိုရန် ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်း သိရပြီး ၂ ပတ်အတွင်း နှင့် စာချုပ်ချုပ်ဆိုပြီးနောက် ဘဏ်မှသုံးသပ် စစ်ဆေးရန် လိုအပ်သည့်စာချုပ်များအတွက် ငွေချေးယူသူမှ စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ချက်ချမှတ်အပြီး ၂ ပတ်အတွင်း ဖြစ်သင့်သည်။ ထုတ်ပြန်ကြေညာမှုများတွင် တင်ဒါ၊ တင်ဒါတွဲနံပါတ်များအပြင် သက်ဆိုင်ရာနည်းလမ်း တစ်ခုချင်းစီအတွက် အသုံးဝင်နိုင်သော အခြားအချက်အလက်များ ဖြစ်သည့် (က) တင်ဒါတင်သူ တစ်ဦးချင်းစီ၏နာမည် (ခ) တင်ဒါဖွင့်စဉ်ကဖတ်ပြကြေညာခဲ့သည့်တင်ဒါဈေးနှုန်းများ (ဂ) စိစစ်အကဲဖြတ်ခြင်း ခံရသည့် တင်ဒါတစ်ခုချင်းစီ၏အကဲဖြတ်ဈေးနှုန်း (ဃ) တင်ဒါကိုက်ညီမှုမရှိခြင်း သို့မဟုတ် သတ်မှတ် အရည်အချင်းအားမပြည့်မီခြင်း သို့မဟုတ် သက်ဆိုင်ဆက်နွှယ်မှုမရှိခြင်းစသည့် အကြောင်းပြချက်နှင့်တကွ တင်ဒါငြင်းပယ်ခံရသူတစ်ဦးချင်း၏အမည်များ (င) တင်ဒါအနိုင်ရရှိသူတို့၏အမည်၊ စုစုပေါင်း နောက်ဆုံး ကန်ထရိုက်ဈေးနှုန်းနှင့် ကန်ထရိုက်ကာလနှင့် လုပ်ငန်းအတိုင်းအတာအကျဉ်းချုပ်စသည်တို့ ပါဝင်ရမည်။ အကယ်၍ အထက်တွင်ဖော်ပြထားသော အပိုဒ်ခွဲ ၂(ဇ)နှင့်အညီဖြစ်မည်ဆိုပါက ကန်ထရိုက်စာချုပ်နှင့် တင်ဒါအတွက်စာချုပ်ရသွားသူမှ လုပ်ဆောင်ချက်အတွက် အာမခံပေးရသော စပေါ်ငွေများအတွက် အချက်အလက်ပြည့်စုံသော လက်မှတ်ရေးထိုးထားသည့်မိတ္တူတို့အား ဘဏ်အနေဖြင့် ငွေချေးယူသူထံမှ အဆိုပါအချက်များရရှိပြီးသည့်အခါ ၎င်း၏ပြင်ပဆက်သွယ်ရေးဂက်ဘ်ဆိုက်ပေါ်တွင် ကြိုတင် စစ်ဆေး သုံးသပ်ခြင်းအဆင့်ရှိ ကန်ထရိုက်စာချုပ်များနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာနိုင်ရန်စီစဉ်ရမည်။

## ဘဏ်၏ပိတ်ဆို့ဟန့်တားမှုမူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာထိုက်သင့်သောကြိုးပမ်းအားထုတ်သင့်မှုများ (Due Diligence concerning the Bank's Sanctions Policies and Procedures)

၈ တင်ဒါများအားစိစစ်အကဲဖြတ်ရာတွင် ငွေချေးယူသူသည် တင်ဒါတင်သူများ၏ အရည်အချင်း ပြည့်မီမှုအား ဘဏ်မှ ၎င်း၏ပြင်ပဆက်သွယ်ရေးဂက်ဆိုက်ဘ်တွင်ဖော်ပြထားသော တားမြစ်ပိတ်ပင်ထားသည့် တစ်ဦးချင်းနှင့်လုပ်ငန်းများစာရင်းအားကြည့်၍ စစ်ဆေးရမည်။ ယင်းစာရင်းသည် ဤလမ်းညွှန်ချက်များပါ

---

79 အပိုဒ်ခွဲ ၂.၁၅ ပါ မိခင်ဘာသာစကားခွင့်ပြုချက်ဖြင့် နိုင်ငံအတွင်းကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေဖြန့်ချိသော သတင်းစာထဲတွင် သို့မဟုတ် အစိုးရပြန်တမ်းထဲတွင် သို့မဟုတ် ပြည်တွင်းပြည်ပမှအခမဲ့ဆက်သွယ်နိုင်သည့် electronic portal သို့မဟုတ် ဂက်ဘ်ဆိုက်ထဲတွင် ။

အပိုဒ်ခွဲ ၁.၁၆(ဃ)အရနှင့် သို့မဟုတ် အကြံပေးအတိုင်ပင်ခံများဆိုင်ရာ လမ်းညွှန်ချက်များပါ အပိုဒ်ခွဲ၁.၂၃ (ဃ) တို့အရ ထုတ်ပြန်ခံထားရခြင်းဖြစ်သည်။ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပြီးမှ ဘဏ်၏ တားမြစ်ပိတ်ပင်ခြင်းခံရသော လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ယောက်ချင်းမှဆောင်ရွက်နေသည့် မည်သည့်ဆောင်ရွက်ဆဲ ကန်ထရိုက်များအတွက်မဆို ( prior review အောက်မှဖြစ်စေ post review အောက်မှဖြစ်စေ) ငွေချေးယူသူမှ အနီးကပ်ကြီးကြပ်ကွပ်ကဲကာစောင့်ကြည့်ခြင်းအား ထပ်မံကြိုးပမ်း အားထုတ်ရမည်။ ဘဏ်၏ ကြိုတင်စစ်ဆေးသုံးသပ်ခြင်းနှင့်အတည်ပြုခြင်းမရှိဘဲ ငွေချေးယူသူအနေဖြင့် အဆိုပါ တားမြစ်ပိတ်ပင်မှု စတင်အကျိုးသက်ရောက်သည့်နေ့မှစ၍နောက်ပိုင်းတွင် တားမြစ်ပိတ်ပင်ခြင်းခံရသော လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ယောက်ချင်းမှဆောင်ရွက်နေသည့် မည်သည့်ဆောင်ရွက်ဆဲ ကန်ထရိုက်များအတွက်မဆို လုပ်ငန်းပြီးစီးချိန်ကာလတိုးမြှင့်ခြင်း သို့မဟုတ် ပြောင်းလဲမှုတစ်ခု သို့မဟုတ် ပြောင်းလဲမှုအစီအစဉ်များအပါအဝင် စာချုပ်ပြင်ဆင်မှုအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် စာချုပ်အသစ်များ လက်မှတ်ရေးထိုးခြင်းတို့အား မပြုရပါ။ မူရင်းစာချုပ်သက်တမ်းမကုန်ဆုံးမီ သုံးစွဲထားသည့် အသုံးစရိတ်များ သို့မဟုတ် (၁) prior review လုပ်ခံရသောစာချုပ်များအတွက် ဘဏ်မှကန့်ကွက်ရန်မရှိပေးထားသော ပြင်ဆင်ချက်နှင့် (၂) post review လုပ်ခံရသောစာချုပ်များအတွက် တားမြစ်ပိတ်ပင်မှု စတင် အကျိုး သက်ရောက်သည့်နေ့မတိုင်မီ ပြင်ဆင်ချက်တစ်ခုဖြင့် လက်မှတ်ရေးထိုးထားခြင်းစသည့် ပြန်လည်ပြင်ဆင် ထားသည့် သက်တမ်းကုန်ဆုံးသည့်နေ့များမတိုင်ခင် ထပ်မံသုံးစွဲထားသောအသုံးစရိတ်များအတွက်သာ ဘဏ်မှငွေထုတ်ပေးမည်ဖြစ်သည်။ တားမြစ်ပိတ်ပင်မှု စတင်အကျိုးသက်ရောက်သည့်နေ့တွင် သို့မဟုတ် နောက်ပိုင်းတွင် တားမြစ်ပိတ်ပင်ခြင်းခံရသောလုပ်ငန်းသို့မဟုတ် လူပုဂ္ဂိုလ်နှင့်လက်မှတ်ရေးထိုးထားသည့် လက်ရှိကန်ထရိုက်အတွင်းရှိ မည်သည့်ပြောင်းလဲပြင်ဆင်ခြင်းများမဆို သို့မဟုတ် ထပ်မံဖြည့်စွက်မှုများနှင့် သို့မဟုတ် မည်သည့်ကန်ထရိုက်အသစ်မျိုးကိုမှ ဘဏ်အနေဖြင့် ငွေထုတ်ပေးမည်မဟုတ်ပါ။

## နောက်ဆက်တွဲ (၂)
## ဒေသတွင်းထွက်ကုန်အားဦးစားပေးရွေးချယ်မှုများ
## APPENDIX 2: Domestic Preferences

**ပြည်တွင်းမှထုတ်လုပ်သောကုန်ပစ္စည်းများအားဦးစားပေးရွေးချယ်မှု (Preference for Domestically Manufactured Goods)**

၁ ငွေချေးယူသူသည် ICB လုပ်ထုံးလုပ်နည်းများအရ တင်ဒါများစိစစ်အကဲဖြတ်ရာ၌ ၎င်း၏နိုင်ငံအတွင်းရှိလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအတွက် တင်သွင်းသည့်တင်ဒါများအား အခြားနိုင်ငံမှထုတ်လုပ်သည့် အလားတူ ပစ္စည်းမျိုးအတွက် တင်သွင်းသောတင်ဒါများနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ ဘဏ်၏သဘောတူညီချက်အရ ပြည်တွင်းထုတ်ကုန်ပစ္စည်းများအတွက် ဦးစားပေးရွေးချယ်မှုအချို့ ထားရှိနိုင်သည်။ အဆိုပါကိစ္စရပ်များတွင် တင်ဒါစာရွက်စာတမ်းများသည် ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား ဦးစားပေးရွေးချယ်သည့် မည်သည့်အချက်များအတွက်မဆို ရှင်းလင်းစွာဖော်ပြထားရမည်ဖြစ်ပြီး အဆိုပါ ဦးစားပေးမှုများအတွက် တင်ဒါတစ်စောင်၏အရည်အချင်းပြည့်ဝမှုကိုသတ်မှတ်ရာ၌ လိုအပ်သည့်အချက်များအားလည်း ဖော်ပြထားရမည်။ အဆိုပါအရည်အချင်းသတ်မှတ်ရာတွင် ထုတ်လုပ်သူ သို့မဟုတ် ထောက်ပံ့သူ၏နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိရပါ။ အောက်တွင် ဆက်လက်ဖော်ပြထားသည့် နည်းလမ်းများနှင့်အဆင့်များအား တင်ဒါများစိစစ်အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းတို့တွင် အသုံးပြုရမည်။

၂ တင်ဒါများအားနှိုင်းယှဉ်သုံးသပ်မှုပြုရာတွင် ဆက်နွယ်သက်ဆိုင်မှုရှိသည်တို့အား အောက်ပါအတိုင်း အုပ်စု(၃) စုအဖြစ် ခွဲခြားထားရမည်။

(က) အုပ်စုအေ ။ အကယ်၍တင်ဒါဝင်ပြိုင်သူသည် ဘဏ်နှင့်ငွေချေးယူသူတို့ ကျေနပ်လောက်အောင် တင်ပြချက်ဖြင့် ငွေချေးယူသူ၏နိုင်ငံတွင်း သီးခြားထုတ်လုပ်သော တင်ဒါများတင်သွင်းခဲ့လျှင် ဆိုလိုသည်မှာ (၁) ငွေချေးယူသူ၏ နိုင်ငံအတွင်းမှ လုပ်သား၊ ကုန်ကြမ်းပစ္စည်း နှင့် အစိတ်အပိုင်းများ၏ ဈေးနှုန်းသည်ပေးသွင်းမည့်ပစ္စည်း၏ EXW ဈေးနှုန်း၏ ၃၀ ရာခိုင်နှုန်း သို့မဟုတ် ပိုများနေသည့်အခါနှင့် (၂) အဆိုပါပေးသွင်းမည့် ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် တပ်ဆင်ခြင်းအစီအစဉ်အနေဖြင့် အနည်းဆုံးအားဖြင့်တင်ဒါတင်သွင်းစဉ်ကတည်းကယင်းပစ္စည်းမျိုးထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်းအတွက် ထုတ်လုပ်မှုအထောက်အပံ့များရှိနေပြီးသောအခြေအနေ

(ခ) အုပ်စုဘီ ။ ငွေချေးယူသူ၏နိုင်ငံအတွင်း၌ထုတ်လုပ်ထားသည့်ကုန်ပစ္စည်းများအတွက်တင်သွင်းသည့် တင်ဒါများ

(ဂ) အုပ်စုစီ ။ ငွေချေးယူသူ၏နိုင်ငံပြင်ပတွင် ထုတ်လုပ်ထားသည့် သွင်းယူပြီး သို့မဟုတ် တိုက်ရိုက် သွင်းယူမည့် ကုန်ပစ္စည်းများအတွက် တင်သွင်းသည့်တင်ဒါများ

၃ အုပ်စုအနေနှင့် အုပ်စုဘီအတွင်းရှိ ကုန်စည်များအတွက် တင်သွင်းသည့်တင်ဒါများ၏ ဈေးနှုန်းတွင် ပေးဆောင်ရမည့်အခွန်များအားလုံး သို့မဟုတ် ပေးဆောင်ပြီးအခွန်များအားလုံးပါဝင်ကာ ၎င်းတွင်ပြည်တွင်း ဈေးကွက်၌ဝယ်ယူခဲ့သော သို့မဟုတ် ပြည်ပမှတင်သွင်းခဲ့သော ကုန်ကြမ်းနှင့်အစိတ်အပိုင်းများအတွက် ပေးဆောင်ဖွယ်ရာအခွန်များပါဝင်ရမည်ဖြစ်ကာ ကုန်ချောများအားရောင်းချမှုအပေါ်ကောက်သည့်အခွန်နှင့် အလားတူ အခွန်များအား ဖယ်ရှားထားရမည်။ အုပ်စုစီအတွင်းရှိကုန်ပစ္စည်းများအတွက် တင်သွင်းသော တင်ဒါဈေးနှုန်းများသည် CIP (ရည်မှန်းနေရာအရောက်) အပေါ်အခြေခံထားရမည်ဖြစ်ပြီး ယခင်ပေးဆောင်ပြီး သို့မဟုတ် ပေးဆောင်ရမည့်အကောက်ခွန်နှင့် အလားတူ အခြားသွင်းကုန်ခွန်များ ဖယ်ရှားထားရမည်ဖြစ်သည်။

၄ ပထမအဆင့်တွင် အုပ်စုတစ်စုစီအတွင်းမှ အနည်းဆုံးတင်ဒါဈေးနှုန်းရရှိစေရန် အုပ်စုတစ်စုစီအတွင်းမှ စိစစ်အကဲဖြတ်ခံရသောတင်ဒါများအား နှိုင်းယှဉ်သုံးသပ်မှုပြုရမည်။ အဆိုပါ အနည်းဆုံး တင်ဒါဈေးနှုန်း ရလာသည့်တင်ဒါများအား အချင်းချင်းနှိုင်းယှဉ်သုံးသပ်မှုပြုရမည်ဖြစ်ပြီး နှိုင်းယှဉ်မှုရလဒ်အရ အုပ်စုအေ သို့မဟုတ် အုပ်စုဘီအတွင်းမှ တင်ဒါတစ်စောင်သည် ဈေးနှုန်းအနည်းဆုံးဖြစ်နေပါက ယင်းတင်ဒါအား ရွေးချယ်ရမည်ဖြစ်သည်။

၅ အကယ်၍ အထက်ဖော်ပြပါ အပိုဒ်ခွဲ၄ပါနှိုင်းယှဉ်မှုရလဒ်အရ အုပ်စုစီမှတင်ဒါသည် ဈေးနှုန်းအနည်းဆုံး ဖြစ်နေပါက အုပ်စုစီရှိ တင်ဒါတစ်စောင်ချင်းစီ၏ကုန်ပစ္စည်းများအတွက်စိစစ်ထားသည့်ဈေးနှုန်းအား သွင်းယူပြီး သို့မဟုတ် သွင်းယူခဲ့သော ကုန်ပစ္စည်းများအတွက် CIP တင်ဒါဈေးနှုန်း၏ ၁၅ ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏကို ထပ်မံနှိုင်းယှဉ်မှုပြုခြင်းအတွက်သာရည်ရွယ်၍ ထပ်မံပေါင်းထည့်ပြီးနောက် ယင်း အုပ်စုစီအတွင်းရှိ တင်ဒါများအားလုံးကို အုပ်စုအေမှ အနိမ့်ဆုံးဈေးနှုန်းရရှိသည့်တင်ဒါနှင့် ထပ်မံနှိုင်းယှဉ်မှုပြုရမည်ဖြစ်သည်။ အဆိုပါဈေးနှုန်းနှစ်ခုစလုံးတွင်ခြွင်းချက်မရှိဈေးလျှော့ပေးခြင်းများပါဝင်ရမည်ဖြစ်ကာ သချာ်တွက်ချက်မှုဆိုင်ရာ အမှားများအတွက်လည်း ပြင်ဆင်ပေးထားရမည်။ အကယ်၍ အုပ်စုအေမှတင်ဒါက ဈေးနှုန်းအနည်းဆုံးဖြစ်ပါက ၎င်းတင်ဒါအား ရွေးချယ်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင်မူ အထက်ဖော်ပြပါ အပိုဒ်ခွဲ ၄ အရအုပ်စုစီမှ ဈေးနှုန်းအနည်းဆုံးရရှိသည့်တင်ဒါအား ရွေးချယ်ရမည်။

၆ အခန်း (၂) အပိုဒ်ခွဲ ၂.၄ [80] တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စက်ပစ္စည်းကိရိယာများတပ်ဆင်ခြင်း၊ စုစည်းပြင်ဆင်ခြင်းနှင့် တည်ဆောက်ခြင်းများအပါအဝင် များပြားလှသော ကွဲပြားသည့်စက်ပစ္စည်းကိရိယာများ အား ထောက်ပံ့မှုပေးသည့် turnkey ကန်ထရိုက်များအတွက် မည်သည့် ဦးစားပေးရွေးချယ်မှုအမျိုးကိုမျှ မပြုလုပ်ရပါ။ သို့ရာတွင် ပြည်ပ၌ထုတ်လုပ်သော ကုန်ပစ္စည်းများအတွက် DDP [81] (ရည်ရွယ်သည့်နေရာ

---

80 ဤအချက်သည် ကုန်စည်ထောက်ပံ့ရန်အတွက်ကန်ထရိုက်တစ်ခုတည်းရှိ တပ်ဆင်မှုကြီးကြပ်ခြင်းနှင့်အတူကုန်စည် ထောက်ပံ့ခြင်း အား မဆိုလိုပဲ ကုန်စည်အစိတ်အပိုင်းများအတွက် ပြည်တွင်းကုန်စည်ဦးစားပေးရွေးချယ်မှု လျှောက်ထားခြင်းအား ခွင့်ပြုစေနိုင်သည်။

81 DDP in Incoterms 2010 stands for “Delivered Duty Paid” သည် ရောင်းသူမှ ဝယ်သူထံ ကုန်စည်ပေးပို့ရာတွင် သွင်းကုန်အတွက်အခွန်ရှင်းလင်းပေးပြီး လက်ခံဆိပ်ကမ်းတွင် မည်သည့်နည်းဖြင့်ရောက်ရှိမှုမှမဆို ကုန်ချခြင်းအတွက် ရှင်းလင်းထားသည်။ ဤနည်းဖြင့် ရောင်းသူမှ စရိတ်အားလုံးကျခံရမည်ဖြစ်ကာ သတ်မှတ်နေရာတွင် နောက်ဆုံး ကုန်ချစရိတ် အပါအဝင် အခြားသော ဆုံးရှုံးနိုင်ချေများလည်း လက်ခံရမည်ဖြစ်သည်။ တင်ဒါရသူအား သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပြုသည့် နိုင်ငံများတွင် ဘဏ်မှထောက်ပံ့သည့် စာချုပ်ပါကုန်စည်များအတွက် သွင်းကုန်ခွန်ကင်းလွတ်မှုမရှိခြင်းအပေါ်အခြေခံကာ တင်ဒါများ စိစစ်အကဲဖြတ်ရန်လိုအပ်ပြီး ယင်းအခွန်အခများအား တင်ဒါရရှိသူက စစ်ဆေး လက်မှတ်ရေးထိုးခြင်းမပြုမီ တင်ဒါစာရွက်စာတမ်း

အရောက်) ဈေးနှုန်းအပေါ်အခြေခံထားသော turnkey ကန်ထရိုက်များကိုမူ ဘဏ်၏ကန့်ကွက်ချက်မရှိပါက ဖိတ်ခေါ်နိုင်၊ စိစစ်အကဲဖြတ်နိုင်သည်။

၇ အခန်း(၂)အပိုဒ်ခွဲ၂.၄တွင်ပြဌာန်းထားသည့်အတိုင်း (turnkey ကန်ထရိုက်များမှလွဲ၍) ကြီးမားသော စက်ရုံ၊ လည်ပတ်မှုအထောက်အကူပြုလုပ်ငန်းများအတွက်တင်သွင်းသည့် single responsibility ကန်ထရိုက်များတွင် ဦးစားပေးရွေးချယ်မှုအချိုးအား ယင်းလုပ်ငန်းများအားလုံးအတွက်အသုံးမပြုရဘဲ ပြည်တွင်းထုတ်ကုန်ပစ္စည်းများအတွက်သာ အသုံးပြုရမည်။ ပြည်ပမှထုတ်လုပ်သောစက်ပစ္စည်းများအတွက်CIP ဈေးနှင့်နှင့် တင်သွင်းရမည်ဖြစ်ကာ ပြည်တွင်းမှထုတ်လုပ်သောစက်ပစ္စည်းများအတွက်မူ EXW ဈေးနှုန်းနှင့် တင်သွင်းရမည်ဖြစ်သည်။ ဒီဇိုင်း၊ တည်ဆောက်ရေး၊ ရည်ရွယ်သည့်နေရာအရောက် ပြည်တွင်း သယ်ယူပို့ဆောင်ခြင်းနှင့် အာမခံထားပေးခြင်းတို့အပြင် စုစည်းပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်းနှင့် စီမံကြီးကြပ်ခြင်းတို့ကဲ့သို့ လုပ်ငန်းများ၏ဈေးနှုန်းများအား သီးခြားစီအဆိုပြုပေးရမည်။ တင်ဒါများအား အုပ်စု အေ၊ဘီ၊စီအဖြစ် ခွဲခြားခြင်း မပြုရပါ။ တင်ဒါများနှိုင်းယှဉ်ရာတွင် ငွေချေးယူသူ၏နိုင်ငံပြင်ပမှ စက်ပစ္စည်းများ အတွက် တင်ဒါကမ်းလှမ်းမှု တစ်ခုစီရှိ CIP ဈေးနှုန်းများကိုသာ ၁၅ ရာခိုင်နှုန်း တိုးမြှင့်ထားရမည်။ တင်ဒါတွဲပါ မည်သည့်တွဲဖက်လုပ်ငန်းမျိုးမဆို သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများ သို့မဟုတ် အကြံပေးဝန်ဆောင်မှု မဟုတ်သည့် ဝန်ဆောင်ခြင်းများအတွက် ဦးစားပေးရွေးချယ်မှုမပြုလုပ်ရပါ။ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဦးစားပေးရွေးချယ်မှုအပါအဝင် တင်ဒါရွေးချယ်မှုစံနှုန်းများနှင့် ကိုက်ညီသောတင်ဒါအား အထက်ပါအတိုင်း ဆောင်ရွက်နိုင်လျှင်၊ ဆောင်ရွက်ခဲ့လျှင် ရွေးချယ်ပေးရမည်။

**ပြည်တွင်းမှကန်ထရိုက်တာများအားဦးစားပေးရွေးချယ်မှု (Preference for Domestic Contractors)**

၈ ICB အပေါ်အခြေခံ၍ရွေးချယ်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကန်ထရိုက်များ နှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ပေးအပ်ခံရသောငွေချေးယူသူသည် ဦးစားပေးရွေးချယ်မှုအချိုး ၇.၅ ရာခိုင်နှုန်းကို ဘဏ်၏သဘောတူညီချက်ဖြင့် ပြည်တွင်းမှကန်ထရိုက်တာများ[82] အတွက် ထားရှိပေးနိုင်ရာ အောက်ပါ စာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီစေရမည်ဖြစ်သည်။

(က) ဦးစားပေးရွေးချယ်မှုအတွက်လျှောက်ထားသောကန်ထရိုက်တာများအနေဖြင့် ငွေချေးယူသူမှချမှတ် ပေးကာဘဏ်မှသဘောတူသည့် အဆင့်ခွဲခြားသတ်မှတ်ခြင်းအရ အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ အချက်အလက်အနေဖြင့်[83] ပိုင်ဆိုင်မှုအသေးစိတ်အခြေအနေများကဲ့သို့အချက်အလက်များအား တင်ပြရမည် ဖြစ်ပြီး လျှောက်ထားသောကန်ထရိုက်တာတစ်ယောက် သို့မဟုတ် ကန်ထရိုက်တာအုပ်စုသည် ဦးစားပေး ရွေးချယ်မှုရရှိရန် အကျုံးဝင်မှုရှိမရှိ စစ်ဆေးခြင်းခံရမည် ဖြစ်သည်။ အဆိုပါ ဦးစားပေးရွေးချယ်မှုအား ပြုလုပ်နိုင်စေသည့် တင်ဒါများအားစိစစ်အကဲဖြတ်ခြင်းနှင့် နှိုင်းယှဉ်ခြင်းတို့တွင်အသုံးပြုရမည့် ဦးစားပေး ရွေးချယ်မှုနှင့်နည်းလမ်းအား တင်ဒါစာရွက်စာတမ်းများထဲတွင် ရှင်းလင်းဖော်ပြထားရမည်။

---

များထဲတွင် ဖော်ပြပေးထားရမည်။ သို့ရာတွင်ကန်ထရိုက်တန်ဖိုးပမာဏတွင်အခွန်ကင်းလွတ်ခွင့်ရထားသည့်တန်ဖိုးပမာဏများအား မထည့်သွင်းထားရပါ။

[82] ပြည်တွင်းကန်ထရိုက်တာများအား ဦးစားပေးရွေးချယ်မှုကို ခွင့်ပြုထားသည့်နိုင်ငံများတွင်သာ ဆောင်ရွက်ခွင့်ပေးထားသည်။

[83] တင်ဒါတင်ခြင်းအဆင့်၌ သို့မဟုတ် ကြိုတင်အရည်အချင်းစစ်ဆေးသည့်အဆင့်၌။

(ခ) တင်ဒါများအား ငွေချေးယူသူမှလက်ခံရယူကာစစ်ဆေးသုံးသပ်ပြီးပါက ဆက်နွယ်သက်ဆိုင်မှုရှိသည့် တင်ဒါများအား အောက်ပါအတိုင်း အုပ်စုများခွဲပေးရမည်။

(၁) အုပ်စုအေ ။ ဦးစားပေးရွေးချယ်မှုအတွက် အကျုံးဝင်သော ပြည်တွင်းရိုကန်ထရိုက်တာများမှ တင်သွင်းသောတင်ဒါများ

(၂) အုပ်စုဘီ ။ အခြားသောကန်ထရိုက်တာများမှတင်သွင်းသောတင်ဒါများ

၉ ပထမအဆင့်စိစစ်အကဲဖြတ်မှုအနေဖြင့် အထက်ပါအုပ်စုတစ်စုစီရှိ အကဲဖြတ်ခံရပြီးဖြစ်သော တင်ဒါများမှ ဈေးနှုန်းအနည်းဆုံးတင်ဒါအားရွေးချယ်ရန် နှိုင်းယှဉ်မှုပြုရမည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ ဈေးနှုန်းအနည်းဆုံးရရှိသည့်တင်ဒါများအား တစ်ခုနှင့်တစ်ခု ထပ်မံနှိုင်းယှဉ်မှုများ ပြုလုပ်စေရမည်။ ယင်းနှိုင်းယှဉ်မှုရလဒ်အရ အုပ်စုအေမှ တင်ဒါတစ်ခုသည် ဈေးနှုန်းအနည်းဆုံးဖြစ်နေပါက ၎င်းအား ရွေးချယ်ရမည်။ အကယ်၍ အုပ်စုဘီမှတင်ဒါတစ်ခုက ဈေးနှုန်းအနည်းဆုံးဖြစ်နေလျှင်မူ ဒုတိယအဆင့် စိစစ်အကဲဖြတ်မှုအဖြစ် အုပ်စုဘီမှ တင်ဒါများအား အုပ်စုအေမှဈေးနှုန်းအနည်းဆုံးရရှိသော တင်ဒါနှင့် ထပ်မံ နှိုင်းယှဉ်ရမည်။ ခြွင်းချက်မရှိဈေးနှုန်းလျှော့ပေးမှုပါဝင်သော်လည်း တစ်နေ့တာလုပ်ငန်းကုန်ကျစရိတ်နှင့် အပိုပေးချေမှုများမပါသည့် သချာၤတွက်ချက်မှုဆိုင်ရာအမှားများ ပြင်ဆင်ပြီးဖြစ်သော တင်ဒါဈေးနှုန်း၏ ၇.၅ ရာခိုင်နှုန်းနှင့် ညီမျှသည့်ပမာဏအား ဤသို့ထပ်မံနှိုင်းယှဉ်မှုအတွက်သာလျှင်ရည်ရွယ်လျက် အုပ်စုဘီအတွင်းမှ အကဲဖြတ်ပြီးဖြစ်သည့်တင်ဒါ တစ်ခုချင်းစီ၏ အဆိုပြုဈေးနှုန်းများတွင် ထပ်မံပေါင်းထည့်ရမည်။ အကယ်၍ အုပ်စုအေမှတင်ဒါကဈေးနှုန်းအနိမ့်ဆုံးဖြစ်လျှင် ယင်းတင်ဒါအား ရွေးချယ်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်လျှင် အုပ်စုဘီမှဈေးနှုန်းအနိမ့်ဆုံးရရှိသည့်တင်ဒါအားပထမအဆင့်စိစစ်အကဲဖြတ်ခဲ့သည့်အတိုင်း ရွေးချယ်ရမည်။

## နောက်ဆက်တွဲ (၃)
## တင်ဒါတင်သွင်းသူများသို့ညွှန်ကြားချက်
## APPENDIX 3: GUIDANCE TO BIDDERS

### ရည်ရွယ်ချက် (Purpose)

၁ ဤနောက်ဆက်တွဲအခန်းသည် ဘဏ်မှ ထောက်ပံ့သောပစ္စည်းဝယ်ယူရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန်ဆန္ဒရှိသည့် အလားအလာရှိသော တင်ဒါတင်သွင်းသူများထံ ညွှန်ကြားချက်များ ထောက်ပံ့ပေးသည်။

### ပစ္စည်းဝယ်ယူရေးဆိုင်ရာတာဝန်ဝတ္တရားများ (Responsibility for Procurement)

၂ စီမံကိန်းအကောင်အထည်ဖော်မှုအတွက် ငွေချေးယူသူတွင်သာတာဝန်ဝတ္တရားရှိသဖြင့် ပစ္စည်းဝယ်ယူခြင်း၊တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုမဟုတ်သော ဝန်ဆောင်ခြင်းများအတွက် ငွေပေးချေရာတွင် ငွေချေးယူသူမှသာတာဝန်ယူရမည်ဖြစ်သည်။ ဘဏ်အနေဖြင့် ၎င်းနှင့် ပတ်သက်သည့် သဘောတူညီချက်စည်းမျဉ်းအရ အသုံးစရိတ်များဖြစ်ပေါ်လာသည့်အခါမှသာလျှင် ဘဏ်ချေးငွေမှတစ်ဆင့် ရရှိလာသောငွေကြေးများဖြင့် ပေးချေရမည်ဆိုခြင်းအား လိုက်နာစေရမည်ဖြစ်သည်။ ငွေချေးယူသူ၏ တောင်းဆိုချက်အရသာလျှင် ချေးငွေတစ်ခု၏ ငွေထုတ်ပေးမှုများအား ပြုလုပ်ရမည်ဖြစ်သည်။ ငွေချေးယူသူသည် ရရှိလာသောငွေကြေးများအား ချေးငွေသဘောတူညီချက်ပါစည်းကမ်းချက်များနှင့် ပစ္စည်းဝယ်ယူရေးအစီအစဉ်များအတိုင်း [84] အသုံးပြုခဲ့ခြင်း သို့မဟုတ် အသုံးပြုနေခြင်းဖြစ်ကြောင်း ထင်ရှားစေလျက် လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ ငွေထုတ်ယူခွင့်လျှောက်လွှာအား ဘဏ်သို့ တင်ပြရမည်။ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၁.၂တွင်အလေးအနက်ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူသည် ပစ္စည်းဝယ်ယူရေးကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ တာဝန်ရှိသည်။ ၎င်းအနေဖြင့် တင်ဒါများ ဖိတ်ခေါ်ခြင်း၊ လက်ခံခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ကန်ထရိုက်ချုပ်ဆိုခြင်းတို့အား ပြုလုပ်ရမည်။ ငွေချေးယူသူနှင့် ပစ္စည်းထောက်ပံ့သူ သို့မဟုတ် ကန်ထရိုက်တာအကြားတွင် စာချုပ်ချုပ်ဆိုရမည်။ ဘဏ်သည် ကန်ထရိုက်တွင် ပါဝင်သူတစ်ဦး မဖြစ်ရပါ။

### ဘဏ်၏အခန်းကဏ္ဍ (Bank's Role)

---

84 ကမ္ဘာ့ဘဏ်၏ငွေထုတ်ပေးမှုမူဝါဒများ၊လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ထပ်မံသိရှိလိုသည့်အချက်များအား *The World Bank Disbursement Guidelines for Projects and Disbursement Handbook for World Bank Clients* (ကမ္ဘာ့ဘဏ်ဝက်ဘ်ဆိုက်ဖြစ်သောwww.worldbank.org/projects တွင်ရရှိနိုင်သည်)တွင်လေ့လာနိုင်သည်။

၃ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၁.၁၃ တွင် ဖော်ပြထားသည့်အတိုင်း ပစ္စည်းဝယ်ယူရေးလုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများ၊ တင်ဒါစိစစ်အကဲဖြတ်ထားမှုများ၊ တင်ဒါရွေးချယ်မှုထောက်ခံတင်ပြခြင်းများနှင့် ကန်ထရိုက်များသည် ချေးငွေသဘောတူညီချက်တွင်ပါရှိသည့်အတိုင်း သဘောတူညီထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုရှိကြောင်းသေချာစေရန် ဘဏ်မှ စစ်ဆေးသုံးသပ်အတည်ပြုပေးရမည်။ အရေးကြီးသောကန်ထရိုက်များနှင့်ပတ်သက်၍ နောက်ဆက်တွဲ(၁)တွင်[85] ဖော်ပြထားသည့်အတိုင်း စာရွက်စာတမ်းများအားထုတ်ပြန်ခြင်းမပြုသေးမီ ဘဏ်မှ စစ်ဆေးသုံးသပ် အတည်ပြုရန် လိုအပ်သည်။ ထို့အပြင် ပစ္စည်းဝယ်ယူရေးလုပ်ငန်း ဆောင်ရွက်မှုမည်သည့် အချိန်တွင်မဆို (ကန်ထရိုက်အားချုပ်ဆိုပြီးလျှင်တောင်မှ) အကယ်၍ ဘဏ်အနေဖြင့် ယင်းဆောင်ရွက်မှုမှာသဘောတူညီထားသော လုပ်ထုံးလုပ်နည်းများအား မည်သည့်အခြေခံရှုထောင့်ကမှ လိုက်နာခြင်းမရှိဟုသုံးသပ်ပါကအပိုဒ်ခွဲ ၁.၁၄ တွင်ဖော်ပြထားသည့်အတိုင်း ဝယ်ယူရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူခြင်းဖြစ်သည်ဟု ကြေညာနိုင်သည်။ သို့သော် ငွေချေးယူသူတစ်ယောက်သည် ကန်ထရိုက်တစ်ခုအား ဘဏ်၏ ကန့်ကွက်ချက်မရှိပဲချုပ်ဆိုခဲ့သည့်အခါ ထိုသို့ကန့်ကွက်ချက်မရှိခြင်းမှာ ငွေချေးယူသူမှ ဘဏ်သို့ တင်ပြသည့် မပြည့်စုံသော၊ မတိကျသော သို့မဟုတ်များယွင်းပေးပို့မိသောအချက်အလက်များအပေါ် အခြေခံမိသည့်အခြေအနေမျိုးဖြစ်မှသာလျှင် ဘဏ်အနေဖြင့် ဝယ်ယူရေးစည်းကမ်းများမလိုက်နာဘဲဝယ်ယူခြင်းဖြစ်သည်ဟု ကြေညာနိုင်သည်။ ထို့အပြင် ငွေချေးယူသူ၏ ကိုယ်စားလှယ်များသို့မဟုတ် တင်ဒါရရှိသူ၏ ကိုယ်စားလှယ်များသည် လာဘ်ပေးလာဘ်ယူပြုခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားမှုများ၌ပါဝင်ပတ်သက်နေသည်ဟု ဘဏ်အနေဖြင့် သတ်မှတ် ဆုံးဖြတ်ပါက ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၁.၁၆ တွင်ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအရေးယူအပြစ်ပေးမှုများ ချမှတ်ကျင့်သုံးနိုင်သည်။

၄ ဘဏ်သည် အမျိုးမျိုးသောပစ္စည်းဝယ်ယူမှုအမျိုးအစားများအတွက် စံသတ်မှတ်ထားသည့် တင်ဒါစာရွက်စာတမ်းအချက်အလက်များ ပြုစုထုတ်ပြန်ထားရမည်။ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ ၂.၁၁ နှင့် ၂.၁၂ တို့အရငွေချေးယူသူသည် အကောင်အထည်ဖော်သည့်နိုင်ငံနှင့် စီမံကိန်းဆိုင်ရာထူးခြားသည့် ကိစ္စရပ်များမှလွဲ၍ အဆိုပါ စာရွက်စာတမ်းအချက်အလက်များအား ပြောင်းလဲမှုအနည်းဆုံးပြုလုပ်ကာ အသုံးပြုရမည်ဖြစ်သည်။ ကြိုတင် အရည်အသွေးစစ်ဆေးခြင်းနှင့် တင်ဒါစာရွက်စာတမ်းအချက်အလက်များအား အပြီးသတ်ဆောင်ရွက်ရန်နှင့်ထုတ်ပြန်ရန် ငွေချေးယူသူမှ ဆောင်ရွက်ရမည်။

## တင်ဒါတင်သွင်းခြင်းဆိုင်ရာအချက်အလက်များ (Information on Bidding)

၅ ICBတင်ဒါအခွင့်အလမ်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအားဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲ ၂.၇ နှင့် ၂.၈ တို့တွင်ဖော်ပြထားသည့် အထွေထွေဝယ်ယူရေးအသိပေးကြော်ငြာချက်နှင့် သက်ဆိုင်ရာဝယ်ယူရေးကြော်ငြာချက်များတွင် ရရှိနိုင်သည်။ ဖြစ်လာမည့်စီမံကိန်းများရှိ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းအချက်အလက်များနှင့် ဝင်ရောက်ဆောင်ရွက်နိုင်မှု

85 အပိုဒ်ခွဲ ၃.၂၈ တွင်ပါရှိသောUCS Piloting Program အောက်ရှိ ပစ္စည်းဝယ်ယူရေးဆောင်ရွက်ခြင်းပါစာသားများမှလွဲ၍ ဘဏ်၏ post review အားစာချုပ်အမျိုးအစားအားလုံးလိုက်နာရမည်။

အတွက် အထွေထွေညွှန်ကြားချက်အားကမ္ဘာ့ဘဏ်၏ဂက်ဘ်ဆိုက်[86] နှင့် InfoShop[87] တို့မှ ရရှိနိုင်ပါသည်။ ချေးငွေအပေါ် အတည်ပြုပြီးနောက် PADsများကိုလည်းဘဏ်၏ဂက်ဘ်ဆိုက်နှင့်InfoShopများတွင်ရရှိနိုင်သည်။

**တင်ဒါတင်သူ၏အခန်းကဏ္ဍ (Bidder's Role)**

၆ တင်ဒါတင်သွင်းလိုသူတစ်ဦးသည် ကြိုတင်အရည်အချင်းစစ်ဆေးခြင်းနှင့် တင်ဒါတင်ခြင်းစာရွက်စာတမ်းများလက်ခံရရှိသည့်အခါ နည်းပညာပိုင်း၊ စီးပွားရေးပိုင်းနှင့် စာချုပ်ပါအခြေအနေများနှင့်ပတ်သက်၍ မိမိအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းရှိမရှိအတွက် အဆိုပါ စာရွက်စာတမ်းများအား သေချာစွာဖတ်ရှုလေ့လာသင့်ကာ အကယ်၍ဖြည့်ဆည်းနိုင်မည်ဆိုပါက တင်ဒါတင်သွင်းရန် ဆက်လက်လုပ်ဆောင်ရမည်။ စာရွက်စာတမ်းများအတွင်းမရေရာသည့်အချက်များ၊ ကွဲလွဲဆန့်ကျင်ခြင်းများနှင့် ချန်လှပ်ဖော်ပြချက်များ တစ်ခုခုရှိနေနိုင်ခြင်း သို့မဟုတ် အသေးစိတ်ဖော်ပြချက်များ သို့မဟုတ် အခြားလိုအပ်သည့်အခြေအနေများတွင် မရှင်းလင်းသည့် သို့မဟုတ် ခွဲခြားဖိနှိပ်ခြင်းများ သို့မဟုတ် တင်းကျပ်လွန်းသည့်လက္ခဏာရပ်တစ်ခုခု ရှိနေနိုင်ခြင်းစသည်တို့အား သိမြင်နိုင်ရန်အတွက် တင်ဒါတင်သွင်းလိုသူသည် အဆိုပါ စာရွက်စာတမ်းများအား ဂရုတစိုက်စစ်ဆေးဖတ်ရှုရမည်ဖြစ်ရာ အကယ်၍ အထက်ပါအချက်များတွေ့ရှိပါက စာဖြင့်ရေးသား၍ ငွေချေးယူသူထံမှရှင်းလင်းချက်အား တင်ဒါစာရွက်စာတမ်းပါ ရှင်းလင်းချက်တောင်းခံခြင်းအတွက် သတ်မှတ်ထားသည့်ရက်အတွင်း တောင်းခံနိုင်သည်။

၇ တင်ဒါအောင်မြင်မည့်သူအားရွေးချယ်မည့်စံနှုန်းများနှင့်နည်းလမ်းများအား တင်ဒါစာရွက်စာတမ်းများထဲတွင် ဖော်ပြထားရမည်ဖြစ်ပြီး အများအားဖြင့် သတ်မှတ်အချက်အလက်များနှင့်တင်ဒါတင်သွင်းမည့်သူများသို့ ညွှန်ကြားလွှာအောက်တွင် ပါရှိပါသည်။ အကယ်၍ အဆိုပါ အချက်အလက်များအားမရှင်းလင်းပါက အထက်ပါအတိုင်းပင် ငွေချေးယူသူထံမှရှင်းလင်းချက်တောင်းခံနိုင်ပါသည်။

၈ ဤအချက်နှင့်ပတ်သက်၍ ဤလမ်းညွှန်ချက်ပါ အပိုဒ်ခွဲ ၁.၁တွင် ဖော်ပြထားသည့်အတိုင်း ငွေချေးယူသူမှထုတ်ဝေထားသည့် တင်ဒါစာရွက်စာတမ်းများတွင် ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်တစ်ခုချင်းစီအား သေချာစွာပြဋ္ဌာန်းရှင်းလင်းထားရမည်ကို အထူးဂရုစိုက် ရမည်ဖြစ်သည်။ အကယ်၍ တင်ဒါတင်သွင်းသူအနေဖြင့် တင်ဒါစာရွက်စာတမ်းထဲတွင်ပါရှိသော မည်သည့်အချက်အလက်မဆို ဤလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုမရှိဟုခံစားမိပါကလည်း ငွေချေးယူသူအား ပြန်လည် မေးမြန်းတင်ပြရမည်။

၉ တင်ဒါစာရွက်စာတမ်းပါ မရေရာသည့်အချက်များ၊ ကွဲလွဲဆန့်ကျင်ခြင်းများနှင့် ချန်လှပ်ဖော်ပြချက်များစသည့် မည်သည့်ကိစ္စရပ်များအတွက်မဆို တင်ဒါတင်သွင်းခြင်းမတိုင်ခင် မေးမြန်းတင်ပြရန် တင်ဒါတင်သူထံတွင်တာဝန်ရှိပြီး တင်ဒါစာရွက်စာတမ်းများပါတောင်းခံသည့် အထောက်အကူပြု စာရွက်စာတမ်းများအပါအဝင် စည်းကမ်းချက်များနှင့် အပြည့်အဝကိုက်ညီအောင်ဖြည့်ဆည်းပေးထားသည့် တင်ဒါတစ်စောင်တင်သွင်းမှုအား သေချာစေရမည်။ အရေးကြီးသောအချက်အလက်များ (နည်းပညာနှင့် စီးပွားရေးဆိုင်ရာ)အတွက်မကိုက်ညီပါက တင်ဒါပယ်ချခြင်း ဖြစ်ပေါ်စေနိုင်ပါသည်။ အကယ်၍ တင်ဒါတင်လိုသူအနေဖြင့် အရေးမကြီးသည့်တောင်းခံချက်များနှင့်ပတ်သက်၍ ကွဲလွဲနေသည့်အချက်များအား ကမ်းလှမ်း

86 www.worldbank.org

87 InfoShop ၏လိပ်စာမှာကမ္ဘာ့ဘဏ်၏လိပ်စာဖြစ်သော 1818 H Street, N.W.,Washington, D.C. 20433, U.S.A ပင်ဖြစ်သည်။ စီမံကိန်းဆိုင်ရာအချက်အလက်များအား www.worldbank.org/projectsတွင် ရရှိနိုင်သည်။

ဖော်ပြလိုလျှင် သို့မဟုတ် အခြားဖြေရှင်းမှုနည်းလမ်းတစ်ရပ်ရပ်အား ကမ်းလှမ်းဖော်ပြလိုလျှင် ငွေချေးယူသူ၏တင်ဒါစာရွက်စာတမ်းများထဲတွင်ပါဝင်သော ယင်းကိစ္စရပ်များဆိုင်ရာ ညွှန်ကြားထားချက်များအား တင်းတင်းကျပ်ကျပ်လိုက်နာရမည်ဖြစ်ရာ အထူးသဖြင့် ကွဲလွဲနေသည့်အချက်များအတွက် သက်ဆိုင်ရာကနဦးသတ်ချက်များဖြစ်သည်။ တင်ဒါစာရွက်စာတမ်းများအတွင်းခွင့်ပြုချက်ပေးထားမှသာ အခြားဖြေရှင်းမှုနည်းလမ်းများအတွက်ကမ်းလှမ်းဖော်ပြနိုင်သည်။ တင်ဒါစာရွက်စာတမ်းတွင် မဖြစ်မနေလိုက်နာရမည့် စည်းကမ်းများနှင့် မဖြစ်မနေ လိုက်နာရမည်မဟုတ်သော နည်းပညာပိုင်းနှင့် စီးပွားရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား ရှင်းလင်းစွာ ခွဲခြားဖော်ပြထားခြင်းမရှိပါက တင်ဒါတင်သူအနေဖြင့် ၎င်းတင်သွင်းသည့် တင်ဒါပါ ကွဲလွဲနေသည့်အချက်များနှင့်အခြေအနေများကြောင့် တင်ဒါပယ်ချခံရမှုပေါ်ပေါက်ခြင်းအပေါ် အပြည့်အဝတာဝန်ယူရမည်။ တင်ဒါများအားလက်ခံရရှိပြီးနောက် အများသိအောင်ဖွင့်လှစ်ပြီးသည့်အခါ တင်ဒါတင်သူအားတင်ဒါ၏ဈေးနှုန်း သို့မဟုတ် အချက်အလက်အားပြောင်းလဲရန်တောင်းဆိုခြင်း သို့မဟုတ် ပြောင်းလဲရန်ခွင့်ပြုခံရမည် မဟုတ်ပါ။

### လျှို့ဝှက်ထားမှု(Confidentiality)

၁၀ ဤလမ်းညွှန်ချက်များပါ အပိုဒ်ခွဲ၂.၄၇တွင်ဖော်ပြထားသည့်အတိုင်း တင်ဒါစိစစ်အကဲဖြတ်မှု လုပ်ငန်းစဉ်အား ကန်ထရိုက်ချုပ်ဆိုခြင်းထုတ်ပြန်ကြေညာမှုမပြုမီအထိ လျှို့ဝှက်ထားရှိရမည်။ ဤသို့ဆောင်ရွက်ခြင်းမှာငွေချေးယူသူနှင့် ဘဏ်၏စစ်ဆေးသုံးသပ်သူများအနေဖြင့် မသင့်လျော်သည့် ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် သဘောထားများအားရှောင်လွှဲနိုင်စေရန်အတွက် မရှိမဖြစ် လိုအပ်သည်။ အကယ်၍ ဤအဆင့်တွင် တင်ဒါတင်သူအနေဖြင့် ငွေချေးယူသူ၊ ကမ္ဘာ့ဘဏ် သို့မဟုတ် နှစ်ဦးစလုံးအား နောက်ထပ်သတင်းအချက်အလက်များပေးလိုပါကစာဖြင့်ရေးသားပေးပို့သင့်သည်။

### ဘဏ်၏အရေးယူအပြစ်ပေးမှု (Action by the Bank)

၁၁ တင်ဒါတင်သူများသည်ပြဿနာများ၊ မေးခွန်းများနှင့်ပတ်သက်၍ ငွေချေးယူသူအား တိုင်တန်းလိုသည့်အခါ သို့မဟုတ် ၎င်းတို့မှဆက်သွယ်ဆောင်ရွက်မှုများအပေါ် ငွေချေးယူသူမှ လျင်လျင်မြန်မြန် တုံ့ပြန်ဖြေရှင်းပေးခြင်းမရှိပါက အဆိုပါ ဆက်သွယ်ဆောင်ရွက်မှုမိတ္တူများအား လွတ်လပ်စွာဖြင့် ဘဏ်သို့ ပေးပို့ခြင်း သို့မဟုတ် စာဖြင့်ရေးသားခြင်း ပြုလုပ်နိုင်သည်။ အဆိုပါ ဆက်သွယ်ဆောင်ရွက်မှုအားလုံးသည် စီမံကိန်းနှင့်ပတ်သက်နေသည်ဆိုပါက ဒေသဆိုင်ရာပစ္စည်းဝယ်ယူရေးမန်နေဂျာနှင့် ချေးငွေယူသော နိုင်ငံများဆိုင်ရာ နိုင်ငံအဆင့်ညွှန်ကြားရေးမှူးတို့ထံသို့ မိတ္တူတစ်စောင်စီနှင့်အတူ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ထံသို့ လိပ်မူ၍ ပေးပို့ရမည်။ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၏ အမည်များအား PADတွင် ရရှိနိုင်ပါသည်။

၁၂ တင်ဒါများတင်သွင်းရန် သတ်မှတ်ထားသည့်နောက်ဆုံးရက်မတိုင်ခင် တင်ဒါတင်သူများထံမှ ရရှိလာသော ဆက်သွယ်ဆောင်ရွက်မှုများအားလိုအပ်ပါကဘဏ်၏ထင်မြင်ချက်နှင့်တစ်ကွလုပ်ဆောင်သင့်သည့် တုံ့ပြန်မှုအကြံပေးချက်နှင့်အတူ ငွေချေးယူသူထံသို့ ညွှန်ကြားပေးပို့နိုင်သည်။

၁၃ တင်ဒါများဖွင့်လှစ်ကြေညာပြီးနောက် တိုင်တန်းမှုများအပါအဝင် တင်ဒါတင်သူများထံမှ ရရှိလာသော ဆက်သွယ်ဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။ ဘဏ်၏ အကြိုစစ်ဆေး

သုံးသပ်ခြင်းနှင့်မသက်ဆိုင်သောကန်ထရိုက်များကိစ္စတွင် ဆက်လက်ဆောင်ရွက်ရန် သင့်လျော်သည်ဟု ထင်မြင်ယူဆခံရသည့် ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် သက်ဆိုင်သည့် ထုတ်နုတ်ဖော်ပြချက်များအား သင့်လျော်သည့်စဉ်းစားမှုပြုရန်နှင့် အရေးယူတုံ့ပြန်ဖြေရှင်းပေးနိုင်ရန် ငွေချေးယူသူထံသို့ပေးပို့ရမည်။ ဘဏ်မှ ထင်မြင်ချက်ပေးနိုင်ရန်နှင့် စိစ်ဆေးသုံးသပ်ခြင်းပြုနိုင်ရန်အတွက် ငွေချေးယူသူမှ သက်ဆိုင်ရာစာရွက်စာတမ်း အားလုံး တင်ပြရမည်။ ဘဏ်၏ အကြိုစစ်ဆေးသုံးသပ်ခြင်းနှင့် သက်ဆိုင်သောကန်ထရိုက်များကိစ္စတွင်မှ ဆက်သွယ်ဆောင်ရွက်မှုများအား ငွေချေးယူသူနှင့်တိုင်ပင်ကာ ဘဏ်မှစစ်ဆေးသုံးသပ်ရမည်။ အကယ်၍ ထိုသို့ဆောင်ရွက်မှုပြီးစီးစေရန် ထပ်မံ၍အချက်အလက်များလိုအပ်သည့်အခါ ငွေချေးယူသူထံမှ ရယူရမည်။ အကယ်၍ ထပ်မံလိုအပ်သည့်အချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များအား တင်ဒါတင်သွင်းသူထံမှ လိုအပ်သည့်အခါ ဘဏ်အနေဖြင့် ငွေချေးယူသူအားထိုအချက်အလက်များကိုရယူစေရမည်ဖြစ်ပြီး ပြန်လည်ထင်မြင်ချက်ပေးစေရမည် သို့မဟုတ် စိစစ်အကဲဖြတ်မှုအစီရင်ခံစာထဲတွင် သင့်လျော်သလို ထည့်သွင်းပေါင်းစပ်စေရမည်။ တင်ဒါတင်သူများ၏ ပြန်လည်ဆက်သွယ်ဆောင်ရွက်မှုများအပေါ် စစ်ဆေးခြင်းနှင့် စဉ်းစားသုံးသပ်ခြင်းအပြည့်အဝပြီးစီးသွားသည့်တိုင်အောင် ဘဏ်၏စစ်ဆေးသုံးသပ်မှု မပြီးဆုံးရပါ။ တင်ဒါတင်သွင်းသူများ၏ ဆက်သွယ်ဆောင်ရွက်မှုများတွင် လိမ်လည်လှည့်ဖြားမှုနှင့် လာဘ်ပေးလာဘ်ယူအကျင့်ပျက်ခြစားမှုများ[88] နှင့်ပတ်သက်သောစွပ်စွဲချက်များပါဝင်နေသည့်အခါ လျှို့ဝှက် ထိန်းသိမ်းထားရှိရမှု အကြောင်းရင်းများကြောင့် ခြားနားသည့်ဆောင်ရွက်မှုတစ်ရပ် လိုအပ်နိုင်သည်။ အဆိုပါကိစ္စရပ်များတွင် ဘဏ်အနေဖြင့် သင့်လျော်သည်ဟုယူဆသော သတင်းအချက်အလက်များအား ငွေချေးယူသူထံသို့ဂေမျှရာ၌အထူးဂရုစိုက်ကာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရမည်။

၁၄ အသိအမှတ်ပြုပေးခြင်းမျိုးကိစ္စမှလွဲ၍ ဂယ်ယူရေးအစီအစဉ်များအား စစ်ဆေးသုံးသပ်မှုနှင့် စိစစ်အကဲဖြတ်မှုပြုနေသည့်ကာလအတွင်း မည်သည့်တင်ဒါတင်သွင်းသူနှင့်မှ ဘဏ်အနေဖြင့် ဆွေးနွေးခြင်း သို့မဟုတ် အပြန်အလှန်ဆက်သွယ်ခြင်းကို ကန်ထရိုက်ချုပ်ဆိုခွင့်ထုတ်ပြန်ကြေညာသည့်အချိန်အထိ မပြုလုပ်ရပါ။

## ဘဏ်မှပြန်လည်ရှင်းလင်းအစီရင်ခံခြင်း (Debriefing by the Bank)

၁၅ အပိုဒ်ခွဲ ၂.၆၅ တွင် ဖော်ပြထားသည့်အတိုင်း ကန်ထရိုက်အတွက်အသိပေးအကြောင်းကြားမှုပြုပြီး သည့်နောက် တင်ဒါတင်သူတစ်ဦးအနေဖြင့် မိမိ၏တင်ဒါရွေးချယ်မခံရခြင်းအတွက် အကြောင်းရင်းများအား သေချာအောင်လေ့လာစိစစ်လိုပါက ငွေချေးယူသူထံသို့ ၎င်း၏မေတ္တာရပ်ခံချက်အား ပေးပို့နိုင်သည်။ အကယ်၍ တင်ဒါတင်သူအနေဖြင့် ငွေချေးယူသူထံမှရရှိလာသောစာဖြင့်ရေးသားရှင်းလင်းချက်အပေါ် ကျေနပ်မှုမရှိဘဲ ဘဏ်နှင့်တွေ့ဆုံဆွေးနွေးလိုပါက ငွေချေးယူသောနိုင်ငံအတွက် ဒေသဆိုင်ရာပစ္စည်းဂယ်ယူရေးမန်နေဂျာထံ

---

88 သံသယရှိသည့် လိမ်လည်လှည့်ဖြားမှုနှင့် လာဘ်ပေးလာဘ်ယူအကျင့်ပျက်ခြစားမှုဆိုင်ရာအသိပေးတိုင်ကြားလိုပါက Bank Integrity Vice Presidency (INT) ထံသို့ အီးမေးလ်ဖြင့် investigations_hotline@worldbank.orgလိပ်စာအတိုင်းဘဏ်၏ဂက်ဘ်ဆိုက်မှတစ်ဆင့် ပေးပို့နိုင်ပြီး ယင်းဂက်ဘ်ဆိုက်အား တတိယကြားခံလူတစ်ဦးမှ ၂၄ နာရီပတ်လုံးကိုင်တွယ်လည်ပတ်နေကာ toll free +1-800-831-0463 နှင့် collect calls +1-704-556-7046 ( စကားပြန်များရရှိနိုင်ပြီးအမည်မသိဖုန်းခေါ်ဆိုမှု များကိုပါ လက်ခံပါသည် ) သို့မဟုတ် +1-202-458-7677 မှတစ်ဆင့် ဂါရှင်တန်ဒီစီရှိ ကမ္ဘာ့ဘဏ်ရုံးချုပ် INT ထံသို့ ဆက်သွယ်နိုင်ပါသည်။

အကြောင်းကြားခြင်းဖြင့် ဆောင်ရွက်နိုင်ပြီး အဆိုပါမန်နေဂျာမှ သင့်လျော်သောအဆင့်တစ်ခု၌ သက်ဆိုင်သည့် ဝန်ထမ်းနှင့်အတူ အစည်းအဝေးတစ်ခုပြုလုပ်ပေးရန် စီစဉ်ရမည်။ အဆိုပါ အစည်းအဝေးပြုလုပ်ခြင်း၏ ရည်ရွယ်ချက်အား အစည်းအဝေးပြုလုပ်လိုသူ တင်ဒါတင်သွင်းသူ၏ တင်ဒါကိစ္စဆွေးနွေးရန်အတွက်သာ ဖြစ်စေရမည်ဖြစ်ပြီး ငွေချေးယူသူထံသို့ပေးအပ်ထားသည့် ဘဏ်၏ရပ်တည်ချက်ပြောင်းလဲရန်နှင့် အခြား တင်ဒါတင်သွင်းသူများ၏ တင်ဒါကိစ္စများဆွေးနွေးရန် မဖြစ်စေရပါ။